# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၁၅၇)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်အား တွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် စတုတ္ထအကြိမ်မြောက် မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်မြှင့်တင်ရေးကဏ္ဍတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် ရခိုင်ပြည်နယ် အရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သတ်မှတ်ခဲ့သော အနည်းဆုံးလုပ်ခလစာ ငွေကျပ် ၄၈၀၀ နှုန်းထားကို အစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြသွားမည်

စာမျက်နှာ - ၃

## ကုလသမဂ္ဂမျက်နှာစာတွင် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် မြန်မာနိုင်ငံမှ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များသို့ ဝင်ရောက်မှုနှင့် စာချုပ်များအား အကောင်အထည်ဖော်မှုအခြေအနေ ဆွေးနွေး

စာမျက်နှာ - ၆

## သဘောထားကွဲလွဲစေမည့် ဒေသတွင်း တားဆီးမှုများကို ပူးပေါင်းဖြေရှင်းရန် အီဂျစ်နှင့် ဆော်ဒီ သဘောတူ

စာမျက်နှာ - ၁၄


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# မဟာဓာတ်အားလိုင်းသစ်

မြန်မာနိုင်ငံ၌ တစ်ခါမျှ မတည်ဆောက်ဖူးသေးသော မဟာဓာတ်အားလိုင်းသစ်ကြီးအား တည်ဆောက်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည် ဆိုသည့် သတင်းကောင်းတစ်ရပ်ကို သိရှိရပါသည်။ မြန်မာနိုင်ငံ၌ တည်ဆောက်ပြီးသော မဟာဓာတ်အားလိုင်းတို့အနက် 230 KV ဓာတ်အားလိုင်းသည် အမြင့်ဆုံးဖြစ်ပါသည်။ ယခုတည်ဆောက်မည့် မဟာဓာတ်အားလိုင်းသစ်သည် 500 KV ဓာတ်အားလိုင်းဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည့် မဟာဓာတ်အားလိုင်းတို့၏ သဘောသည် ဗို့အားမြင့်မားသည်နှင့်အမျှ ခရီးလမ်းတစ်လျှောက် ဆုံးရှုံးမည့် လျှပ်စစ်ဓာတ်ပမာဏ နည်းပါးလေဖြစ်ပါသည်။ ဤအချက်က မြန်မာနိုင်ငံ၌ ပထမဦးဆုံးတည်ဆောက်မည့် 500 KV မဟာဓာတ်အားလိုင်း၏ အရေးပါမှုကို မီးမောင်းထိုးပြသနေပါသည်။

ဤ 500 KV မဟာဓာတ်အားလိုင်းသည် ကံပေါက်ဒေသမှနေ၍ ရေး-မော်လမြိုင်ဒေသကို ဖြတ်လျက် ရန်ကုန်မြို့အထိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးမည်ဟု သိရှိရပါသည်။ 500KV မဟာဓာတ်အားလိုင်း၏ အရှည်သည် အကြမ်းဖျင်းအားဖြင့် ကံပေါက်ဒေသမှ ပဲခူး-ဘုရားကြီး ဝန်းကျင်အထိ ၄၅၀ ကီလိုမီတာရှိမည်ဖြစ်ပါသည်။ အဆိုပါ 500 KV မဟာဓာတ်အားလိုင်း ဖြတ်သန်းရာဒေသတစ်လျှောက် လျှပ်စစ်ဓာတ် ရရှိတော့မည်ဖြစ်၍ ဤဒေသများရှိ ပြည်သူတို့၏ လူမှု-စီးပွားရေးဘဝ အခြေအနေအရပ်ရပ် တိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။ ထုတ်ပြန်ထားသော သတင်းတို့အရ ထားဝယ်ကံပေါက်ဒေသအပါအဝင် မော်လမြိုင်မြို့တို့၌ ကြီးမားသော လျှပ်စစ်ဓာတ်အားခွဲရုံတို့ကို တည်ဆောက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ တိုင်းရင်းသားပြည်သူတို့သည် လျှပ်စစ်ဓာတ်အားကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်တော့မည်ဖြစ်ပါသည်။

ဥပမာအားဖြင့် ထားဝယ်ကံပေါက်ဒေသနှင့် မြိတ်မြို့တို့ကဲ့သို့သော ဒေသတို့၌ တစ်နိုင်တစ်ပိုင်မီးစက်တို့ကိုအားပြု၍ လျှပ်စစ်ဓာတ်အား အသုံးပြုရသောကြောင့် လျှပ်စစ်မီတာ တစ်ယူနစ်လျှင် ၃၅၀ ကျပ် ပေးရပါသည်။ ဤ 500 KV မဟာဓာတ်အားလိုင်းသစ်ကြီး ပြီးစီးသွားပါက လျှပ်စစ်မီတာခအား ရန်ကုန်မြို့၏ နှုန်းထားအတိုင်းသာ ပေးရတော့မည်ဖြစ်ပါသည်။ ဤ 500KV မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဖြန့်ဖြူးပေးသည့် လျှပ်စစ်ဓာတ်တို့ကို ကံပေါက် လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်ပေးမည် ဖြစ်ပါသည်။ ကံပေါက် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ထုတ်လုပ်စွမ်းအားသည် ၁၂၃၀ မဂ္ဂါဝပ်ရှိသည်ဖြစ်၍ မြန်မာနိုင်ငံ၏ လက်ရှိအကြီးမားဆုံး မြင်းခြံဓာတ်အားပေးစက်ရုံထက် ငါးဆမက ကြီးမားမည်ဖြစ်ပါသည်။ ကံပေါက်လျှပ်စစ်ဓာတ်အားပေးစက်ရုံအား ပြည်ပမှ တင်သွင်းမည့် LNG ကို ဓာတ်ငွေ့အဖြစ် ပြောင်းလဲ၍ လည်ပတ်သွားမည်ဖြစ်ပါသည်။ ကံပေါက် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ အသုံးပြုမည့် သဘာဝဓာတ်ငွေ့ပိုင်းဆိုင်ရာ ကိစ္စအရပ်ရပ်ကို ကမ္ဘာကျော်ပြင်သစ် ရေနံကုမ္ပဏီ Total က စီမံခန့်ခွဲသွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအပိုင်းကို ကမ္ဘာကျော် ဂျာမနီလျှပ်စစ်ကုမ္ပဏီ Siemens က ဆောက်လုပ်ကိုင်တွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤကံပေါက် လျှပ်စစ်ဓာတ်အားပေးစီမံကိန်းကိုသာ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ပါက မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်ထုတ်လုပ်ဖြန့်ဖြူးရေး၌ ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကံပေါက် လျှပ်စစ်ဓာတ်အားပေးစီမံကိန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှု အရပ်ရပ်အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

## စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**သီပေါ မတ် ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော နားမခေါ်ကျေးရွာအုပ်စု ကောင်းတက်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်နှင်းယဉ်ဝင်းနှင့် တာဝန်ရှိသူများ မတ် ၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# နိုင်ငံခြားဆရာဝန်ကြီးများပါသောအဖွဲ့ သီတဂူစက္ခုဒါနဆေးရုံ၌ အခမဲ့ဆေးကုသပေးမည်




**ညောင်လေးပင် မတ် ၅**

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ တည်ထောင်တော်မူသော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ သီတဂူဆရာတော်ကြီး၏ သြဝါဒကိုခံယူကာ ဇမ္ဗူအေးတောရ (အင်းဝိုင်း)ဆရာတော်၏ဦးဆောင်မှုဖြင့် စင်ကာပူ၊ မလေးရှား၊ သြစတြေးလျနှင့် ပြင်သစ်နိုင်ငံတို့မှ ဆရာဝန်ကြီးများ ပါဝင်သော Humanitarian With Love အဖွဲ့က အခမဲ့ဆေးကုသပေးမည်ဖြစ်ရာ မတ် ၅ ရက်က အဆိုပါဆေးရုံ၌ လူနာစာရင်း ကောက်ယူလျက်ရှိကြောင်း သိရသည်။

အခမဲ့ကုသပေးမည့် ရောဂါများမှာ မျက်စိ အနီး၊ အဝေး ပါဝါတိုင်းခြင်း၊ နေကာမျက်မှန်များ ပြုလုပ်ပေးခြင်း၊ အရေပြားနှင့် အထွေထွေရောဂါများ ကုသပေးခြင်း၊ သွားနုတ်ခြင်း၊ သွားဖာခြင်း၊ သွားကြေးခြစ်ခြင်း၊ တရုတ်ရိုးရာ အပ်စိုက်၊ စုပ်ခွက်ကပ်၊ အဆိပ်ထုတ်ကုသခြင်းများ ပါဝင်ကာ မတ် ၃၀ ရက်မှ ဧပြီ ၁ ရက်အထိ သုံးရက်တိုင်တိုင် ကုသပေးမည်ဖြစ်ပြီး ကုသပေးရာတွင် သွားရောဂါ လူနာ ၁၀၀၀၊ မျက်စိရောဂါလူနာ ၁၂၀၀ ၊ အရိုးအကြော (တရုတ်တိုင်းရင်းဆေးဖြင့်)လူနာ ၁၀၀၀ နှင့် အထွေထွေရောဂါလူနာ ၂၅၀၀ ကန့်သတ်ထားသည့်အတွက် မတ် ၅ ရက်မှ ၂၀ ရက်အထိ ရုံးချိန်အတွင်း ကြိုတင်စာရင်းပေးနိုင်ကြောင်း၊ လာရောက်ကုသသော လူနာများအတွက် မြတ်မေတ္တာမွန်ကုမ္ပဏီက နံနက်စာ၊ နေ့လယ်စာများဖြင့် လှူဒါန်းမည်ဖြစ်ကြောင်း သီတဂူစက္ခုဒါနဆေးရုံ စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# ခေတ်မီလက်နက် ထိန်းသိမ်းနိုင်ရေး ဆင့်ပွားသင်တန်းဖွင့်




**နေပြည်တော် မတ် ၅**

နေပြည်တော်ရဲတပ်ဖွဲ့ ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ခေတ်မီလက်နက်များ စနစ်တကျထားသိုထိန်းသိမ်းနိုင်ရေးနှင့် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုပစ်ခတ်နိုင်ရေး (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁/၂၀၁၈)ကို ယနေ့ နံနက် ၉ နာရီက ဖွင့်လှစ်ရာ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထက်လွင်က လက်နက်များနှင့် ပတ်သက်၍ အကျွမ်း တဝင်ရှိကာ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်နိုင်ရေးအတွက် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှရီနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကာ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၅-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ . ၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ . ၄ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ . ၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# သတ်မှတ်ခဲ့သော အနည်းဆုံးလုပ်ခလစာ ငွေကျပ် ၄၈၀၀ နှုန်းထားကို အစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြသွားမည်

**နေပြည်တော် မတ် ၅**

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက် အမှာစကား ပြောကြားသည်။ **(ယာပုံ)**




**ရွေးချယ်ဆောင်ရွက်**

ညှိနှိုင်းအစည်းအဝေးတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အလုပ်ရှင်၊ အလုပ်သမားများ၏ ရေရှည်အကျိုးအတွက် အနည်းဆုံးအခကြေးငွေတစ်ရပ်ကို ဥပဒေနှင့်အညီ အမြန်ဆုံးပေါ်ထွန်းလာရေး အမျိုးသားကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ချမှတ်ခဲ့သည့် လုပ်ငန်းစဉ် ၅ ရပ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းစဉ်(၁)ဖြစ်သည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို နိုင်ငံတော်သမ္မတရုံးက ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး အမျိုးသားကော်မတီက ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများကို အသစ်ပြန်လည်ဖွဲ့စည်းပေးခဲ့ကြောင်း၊ လုပ်ငန်းစဉ် (၂) ပါ အမျိုးသားကော်မတီ၏ ညှိနှိုင်းအစည်းအဝေး (၄) ကြိမ် ကျင်းပခဲ့ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံပွဲများပြုလုပ်ကာ လူမှုအဖွဲ့အစည်းများ ပါဝင်သည့်ဖိုရမ်ကို ရန်ကုန်မြို့၌ ကျင်းပခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မတီများမှ နယ်မြေဒေသအလိုက် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲများကို ၂၈ ကြိမ်တိုင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းစဉ် (၃) အရ အလုပ်သမားများ၏ နေထိုင်စားသောက်မှုစရိတ် စစ်တမ်းကောက်ယူမှုကို အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူဦးရေများပြားသည့် စက်ရုံများ ရွေးချယ်ဆောင်ရွက်ခဲ့ကြောင်း။

တစ်ပိုင်တစ်နိုင် စစ်တမ်းကောက်ယူခဲ့မှုကြောင့် အမျိုးသားကော်မတီအနေဖြင့် လုပ်ငန်းစဉ် (၄) အရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီ ပြင်ဆင်သတ်မှတ်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေကို တစ်နာရီလျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် တစ်ရက် အလုပ်ချိန် ၈ နာရီအတွက် ငွေကျပ် ၄၈၀၀ အား အလုပ်သမား ၁၀ ဦး အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစု တစ်ပိုင်တစ်နိုင်လုပ်ငန်းနှင့် သက်ဆိုင်မှုမရှိကြောင်းကို ဇန်နဝါရီ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၈ ဖြင့် အဆိုပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်း၊ အဆိုပြုနှုန်းထား ထုတ်ပြန်ခဲ့ခြင်းအပေါ် အကြံပြုခြင်း၊ ကန့်ကွက်ခြင်း ၊ ပြင်ဆင်ခြင်း၊ ထောက်ခံခြင်းနှင့် သဘောထားမှတ်ချက်ပေးပို့ခြင်းများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စု နယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုအနက် ကန့်ကွက်ချက်များအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုတို့မှ ကန့်ကွက်လွှာ ၄၀၉၂ ခုရရှိပြီး ထောက်ခံတင်ပြလွှာ ၁၁ ခုကို လက်ခံရရှိခဲ့ကြောင်း၊ ကျန်ရှိသည့် ပြည်ထောင်စုနယ်မြေ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ် စသည့် ပြည်နယ် ၅ ခုမှ ကန့်ကွက်ချက်၊ ပြင်ဆင်ချက်နှင့် အကြံပြုချက်များ တင်ပြလာမှုမရှိကြောင်း၊ ကန့်ကွက်ချက် တင်ပြလာသည့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များဖွဲ့၍ ကွင်းဆင်းစစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်းများ၊ ရှင်းလင်းဆွေးနွေးခြင်းနှင့် စိစစ်ခြင်းများပြုလုပ်ခဲ့ရာ မွန်ပြည်နယ်တွင် ရှစ်ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ခြောက်ကြိမ်၊ ပဲခူးတိုင်းဒေသကြီးတွင် သုံးကြိမ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တွင် နှစ်ကြိမ်စီ၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ကြိမ်စီ ဆောင်ရွက်ခဲ့ကြောင်း။

**အောင်မြင်စွာအတည်ပြု**

ယခုအချိန်သည် အဆိုပြုအနည်းဆုံး အခကြေးငွေအပေါ် ကန့်ကွက်လိုလျှင် ကန့်ကွက်နိုင်ရေး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာချက် ရက်ပေါင်း ၆၀ ပြည့်ပြီးဖြစ်၍ ဥပဒေအရ အဆိုပြုနှုန်းထားကို သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် လေ့လာစိစစ်ပြီး အနည်းဆုံးအခကြေးငွေ နှုန်းထားတစ်ရပ် သတ်မှတ်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အမျိုးသားကော်မတီအနေဖြင့် ယခုကဲ့သို့ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း၊ အမျိုးသားကော်မတီမှ ချမှတ်ထားသည့် လုပ်ငန်းစဉ် (၅)ရပ်အနက် နောက်ဆုံးအဆင့်ဖြစ်သည့် အတည်ပြု အနည်းဆုံးအခကြေးငွေ ထုတ်ပြန်နိုင်ရန် ယနေ့အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသား ကော်မတီဝင်များ၏ ဆန္ဒသဘောထားနှင့်အညီ မြန်မာနိုင်ငံ၏ လက်ရှိပကတိ အခြေအနေနှင့် ကိုက်ညီပြီး အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက်အတွက် မျှတသည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို အောင်မြင်စွာ အတည်ပြုသတ်မှတ်နိုင်ရန် ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

**အနည်းဆုံးလုပ်ခလစာ**

ဆက်လက်၍ တက်ရောက်လာသူများက အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး ပွင့်လင်းမြင်သာစွာ အပြန်အလှန်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကျင်းပခဲ့သော အစည်းအဝေးမှ ၁၀ ဦးနှင့်အထက်ရှိသော လုပ်ငန်းများအတွက် တစ်နာရီလုပ်ခလစာ ငွေကျပ် ၆၀၀ နှုန်းဖြင့် တစ်ရက် အလုပ်ချိန် ၈ နာရီအတွက် လုပ်ခလစာ ငွေကျပ် ၄၈၀၀ နှုန်း သတ်မှတ်ခဲ့ကြောင်းနှင့် သတ်မှတ်ခဲ့သော အနည်းဆုံးလုပ်ခလစာ ငွေကျပ် ၄၈၀၀ နှုန်းထားကို အစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ASEAN-Korea Centre မှ ကြီးမှူးကျင်းပမည့် Seoul International Seafood Show

**နေပြည်တော် မတ် ၅**

အာဆီယံ-ကိုရီးယားစင်တာ (AKC) မှ ကြီးမှူး၍ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ COEX Hall အဆောက်အအုံ၌ မေ ၉ ရက်မှ ၁၁ ရက်အထိ Seoul International Seafood Show 2018 ကို ကျင်းပမည်ဖြစ်သည်။ အဆိုပါပြပွဲတွင် အာဆီယံနိုင်ငံများမှ ကုမ္ပဏီ ၅၀ ခန့်နှင့်ကိုရီးယားနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများအပြင် စားသောက်ကုန်ထုတ်လုပ်သည့် စက်ပစ္စည်းများလည်း ခင်းကျင်းပြသမည်ဖြစ်သည်။ ပြပွဲတွင် Finfish: live/ refrigerated/ frozen fish, etc., Shellfish:Live/ refrigerated/ frozen shellfish , etc., Processed Seafood: sliced/ seasoned/ salted/ dried/ grilled/ smoked seafood, fish cake, surimi, seaweed, seafood snack, canned seafood , sauce, food additives, etc. တို့ ပါဝင်ပြသနိုင်မည်ဖြစ်သည်။

ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများမှ ရေထွက်ပစ္စည်းများအား ကိုရီးယားဈေးကွက်သို့ ဝင်ရောက်နိုင်စေရန်၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်စေရန်နှင့် ကိုရီးယားနိုင်ငံ၏ အစားအသောက် ဈေးကွက်ပုံစံ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများကို သိရှိစေရန်ဖြစ်သည်။

သို့ပါ၍ အဆိုပါပြပွဲသို့ပါဝင်ပြသရန် စိတ်ပါဝင်စားမှုရှိပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ မြန်မာကုန်သွယ်မှုဗဟိုဌာန အမှတ်(၂၂၈/၂၄၀) ဒုတိယထပ် ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့် ဖုန်း ၀၁-၂၅၄၀၂၄ ၊ Email- itpic.moc@gmail,. com သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## UPR အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၅**

ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review – UPR) ဒုတိယအကျော့ သုံးသပ်မှုခံယူစဉ်က မြန်မာနိုင်ငံက လက်ခံခဲ့သော အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ ကျင်းပသည်။ **(ယာပုံ)**




ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေက UPR အကြောင်းအကျဉ်းချုပ်နှင့် မြန်မာနိုင်ငံက လက်ခံခဲ့သည့် အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ ဆွေးနွေးပွဲတက်ရောက်သည့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေး ပြောကြားခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



## ရုပ်သံလွှင့် မီဒီယာဥပဒေအား ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိသည့် အခြေအနေဆွေးနွေး

**နေပြည်တော် မတ် ၅**

ပြန်ကြားရေးဝန်ကြီးဌာ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် Internews Network မှ Country Director မိုက်ကယ်ပန်နှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Internews Network တို့အကြား ရေးထိုးထားသည့် အပြန်အလှန် နားလည်မှုစာချွန်လွှာ(MoU) နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ Internews Network အနေဖြင့် ယူနက်စကိုနှင့် ပူးပေါင်း၍ တောင်သူလယ်သမားများနှင့် ကျေးလက်ပြည်သူများအတွက် လိုအပ်သည့် သိသင့်သိထိုက်သော အချက်အလက်များအား ပညာပေးနေမှု အခြေအနေ၊ ရုပ်သံလွှင့် မီဒီယာဥပဒေအား ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ Peace Journalism နှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များ၊ တိုင်းရင်းသား မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျင့်ဝတ်နှင့်ညီသော Professional စာနယ်ဇင်းသမားများ ပေါ်ထွန်းလာစေရေးအတွက် ကျွမ်းကျင်မှု သင်တန်းများ ပို့ချပေးရေး ကိစ္စရပ်များနှင့် ရှေ့ဆက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများကို ယခုလတွင် ပြီးစီးအောင် ဆောင်ရွက်မည်

**နေပြည်တော် မတ် ၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ပြည်ထောင်စုအရေးပေါ် ရန်ပုံငွေနှင့် ဆောင်ရွက်လျက်ရှိသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

**ပြီးစီးအောင်ဆောင်ရွက်မည်**

ရှေးဦးစွာ ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာ ပလွေးချောင်း ကမ်းပြိုကာကွယ်ရေး လုပ်ငန်းကိုကြည့်ရှုရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းနိုင်ဝင်းက Steel Basket အခြေပြု ကျောက်စီနံရံ အလျား ပေ ၁၂၀၀ နှင့် သံခြင်းရေကာတို ၁၁ ခု၊ သောင်စွယ်ဖြတ်ခြင်းလုပ်ငန်းတစ်ခုကို ဆောင်ရွက်လျက်ရှိပြီး ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများကို မတ်လတွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းလုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် စည်ပိုင်းကျေးရွာ ပလွေးချောင်း ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း Steel Basket အခြေပြု ကျောက်စီ မြေထိန်းနံရံ အလျားပေ ၉၉၀ တည်ဆောက်နေမှုနှင့် ပုဗ္ဗသီရိမြို့နယ် ကုလားရွာကျေးရွာ ဆင်သေချောင်း ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းမျောတိုင်တန်း Geo-tube အခြေထိန်း ကရစ်ကွက် အလျားပေ ၁၆၀၀၊ Pilot Channel အလျား ၁၀၀၀ ပေ တူးဖော်ပြီးစီးမှုနှင့် မျောတိုင်တန်း Geo-bag ဖြည့် ရေကာတို ငါးခုရာနှုန်းပြည့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထိုသို့ ကြည့်ရှုစစ်ဆေးရာ၌ ဒေသခံများနှင့် တွေ့ဆုံစဉ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ပေါင်း ၄၀၀ ကျော်ကို နိုင်ငံတော်မှ ငွေကြေး အကုန်အကျခံပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်လည်း ကမ်းပြိုထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုအပ်သည့် နည်းပညာများ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် မြစ်ချောင်းများ တိမ်ကောပျက်စီးမှု မရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်း ယခုဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းခြောက်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**






# ယခုနှစ်တွင် အမှတ် ၁၅ အကြီးစားစက်ရုံ(သာဂရ)မှ Ambulance ယာဉ် ၅၅ စီး ထုတ်လုပ်သွားမည်

**နေပြည်တော် မတ် ၅**

Myanmar National Ambulance Guidelines နှင့် Ambulance စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်နှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍကို အထောက်အကူပြုစေရန် ရည်ရွယ်၍ နိုင်ငံတကာအဆင့်မီ Ambulance ယာဉ်များ တပ်ဆင်ထုတ်လုပ်သွားရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်များနှင့် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များအတိုင်း Ambulance ယာဉ်လေးစီးကို အဆင့်ဆင့် သုတေသနပြု၍ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ စက်မှုဝန်ကြီးဌာနမှ တပ်ဆင်ထုတ်လုပ်သော Ambulance ယာဉ်များ၏ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို နိုင်ငံတကာစံနှုန်းများနှင့်အညီ စစ်ဆေးအတည်ပြုနိုင်ရေးအတွက် Ambulance စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်နိုင်ရန် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ အစည်းအဝေး တက်ရောက်လာသူများမှ မိမိတို့၏ ကျွမ်းကျင်မှုကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်ပညာရှင်များမှ Ambulance ယာဉ်ထုတ်လုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ နိုင်ငံတကာ အသိအမှတ်ပြု Ambulance ယာဉ်စစ်ဆေးရေးအဖွဲ့ဖြစ်သည့် Commission on Accreditation of Ambulance Services (CAAS) ၏ စစ်ဆေးအသိအမှတ်ပြုလက်မှတ်ရရှိရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး Ambulance ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးလက်မှတ်များကို စနစ်တကျ ထုတ်ပေးရန် Ambulance စစ်ဆေးရေးအဖွဲ့ကို ဆက်စပ်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သောအဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာန အမှတ် ၁၅ အကြီးစားစက်ရုံ(သာဂရ)တွင် Ambulance ယာဉ် လေးစီးကို နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီး ထုတ်လုပ်ပြီးသော Ambulance ယာဉ်များနှင့် နောက်ထုတ်လုပ်မည့် ယာဉ်များကို နိုင်ငံတကာအဆင့်မီ အရည်အသွေးဖြစ်စေရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် Commission သည် Accreditation of Ambulance Services (CAAS) အဖွဲ့၏ Standards and Guidelines များနှင့်အညီ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်တွင် အမှတ် ၁၅ အကြီးစားစက်ရုံ(သာဂရ)မှ Ambulance ယာဉ် ၅၅ စီးကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂမျက်နှာစာတွင် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် မြန်မာနိုင်ငံမှ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များသို့ ဝင်ရောက်မှုနှင့် စာချုပ်များအား အကောင်အထည်ဖော်မှုအခြေအနေ ဆွေးနွေး

**နေပြည်တော် မတ် ၅**

စတုတ္ထအကြိမ်မြောက် မြန်မာ-အီးယူ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

**ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်**

ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ကိုယ်စားလှယ် Mr. Stavros Lam-brinidis တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

**သံတမန်များတက်ရောက်**

ဆွေးနွေးပွဲသို့ မြန်မာဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ အီးယူဘက်မှ မြန်မာနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီး Mr. Kristian Schmidt အပါအဝင် အဆင့်မြင့်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ အီးယူအဖွဲ့ဝင်နိုင်ငံ သံရုံးအချို့တို့မှ သံတမန်များ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဆွေးနွေးပွဲတွင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သော အလုပ်သမားအခွင့်အရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်၊ အခြေခံလူမှုရေးဆိုင်ရာ အခွင့်အလမ်းများရရှိရေး၊ ကျား၊ မ ခွဲခြားမှုကိစ္စရပ်များ၊ လူကုန်ကူးမှုနှင့် ဆက်စပ်အသုံးချခံရမှု ကိစ္စရပ်များ၊ အီးယူအဖွဲ့ဝင်နိုင်ငံများရှိ လူနည်းစုများ၏ အခွင့်အရေးများ၊ ဘာသာရေးဆိုင်ရာ သည်းခံမှုများနှင့် အမုန်းတရားလှုံ့ဆော်မှုများ ကာကွယ်တားဆီးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂမျက်နှာစာတွင် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် မြန်မာနိုင်ငံမှ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များသို့ ဝင်ရောက်မှုနှင့် စာချုပ်များအား အကောင်အထည်ဖော်မှု အခြေအနေ၊ အီးယူနိုင်ငံများရှိ ဒုက္ခသည်များ၊ ရွှေ့ပြောင်းသူများနှင့် တိုင်းရင်းသားလူနည်းစုတို့၏ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

# ရခိုင်အရေးကိစ္စနှင့်ပတ်သက်ပြီး ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမည့် အခြေအနေနှင့် ပြန်လည်လက်ခံရေးအတွက် အသင့်ဖြစ်နေမှုတို့ကို ဆွေးနွေး

**နေပြည်တော် မတ် ၅**

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် EU လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် H.E.Mr. Stavros Lambrinidis အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော် EU လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်က မြန်မာနှင့် EU အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ခဲ့မှု အခြေအနေများ၊ ရခိုင်အရေးကိစ္စနှင့်ပတ်သက်ပြီး ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကုလသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံက ရခိုင်အရေးကိစ္စနှင့် ပတ်သက်၍ သုံးသပ်ချက်တစ်ခု ချမှတ်ဆောင်ရွက်ခဲ့သည့် အခြေအနေများအား ဦးစွာဆွေးနွေးပြောကြားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဩဂုတ်လနောက်ပိုင်း တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေမှုအခြေအနေများနှင့် မောင်တောမြို့နယ် အင်းဒင်ကျေးရွာ၌ အမည်မသိရုပ်အလောင်းများတွေ့ရှိမှုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှု ရှိ၊ မရှိ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးသည်။



ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က ၂၀၁၆ ခုနှစ် အောက်တိုဘာ ဖြစ်စဉ်မှ ၂၀၁၇ ခုနှစ် ဩဂုတ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့များက ဘင်္ဂါလီကျေးရွာတစ်ရွာချင်းအား စည်းရုံးသိမ်းသွင်းခြိမ်းခြောက်ခဲ့မှုအပါအဝင် ပြန်လည်လက်ခံရေးအတွက် အသင့်ဖြစ်နေမှုတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး**

# ရှမ်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မတ် ၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိပြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအား တွေ့ဆုံ၍ ရှမ်းပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော ပြည်နယ်ဝန်ကြီးများက မိမိတို့တာဝန်ယူရသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြကာ ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအတွက် ဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များမေးမြန်းပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်တောင်ပိုင်း လျှပ်စစ်အင်ဂျင်နီယာရုံး တောင်ကြီးမြို့အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ကယားပြည်နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများအား တွေ့ဆုံစဉ် ရှမ်းပြည်နယ်နှင့်ကယားပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများက မိမိတို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် မီးသုံးစွဲသူဦးရေတိုးတက်လာမှု၊ ဓာတ်အားခန့်မှန်းထားနှင့် ကောက်ခံမှု အခြေအနေ၊ ဓာတ်အားပျောက်ဆုံးမှုလျှော့ချရေး လုပ်ငန်းများ၊ ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ကလောပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားပို့လွှတ်၊ လက်ခံ၊ ဖြန့်ဖြူးနေမှုအခြေအနေများကို လည်းကောင်း၊ ဓာတ်အားခွဲရုံ Switch Yard အတွင်း ထရန်စဖော်မာ အသစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

❒ ကျော်ဖုံးမှ

**အကောင်းဆုံးပြင်ဆင်ထား**

"အခုလို ခရီးတွေဆက်တိုက်သွားပြီး ပွဲပန်းတဲ့ဒဏ်ကို ကျွန်တော့်ကစားသမားတွေ ပြီးခဲ့တဲ့ရာသီမှာ ကြုံတွေ့ခဲ့ပြီးပါပြီး ဒီနှစ်မှာ အကောင်းဆုံး ကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်ပါတယ်၊ ဆီရက်စ်အသင်းနဲ့ ပြီးခဲ့တဲ့လကမှ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲကစားထားလို့ တစ်သင်းအကြောင်းကို တစ်သင်းသိထားပြီးဖြစ်ပါတယ်၊ ဒါကြောင့် လျှို့ဝှက်ချက်ဆိုတာ မရှိတော့ပါဘူး၊ အကောင်းဆုံးပြင်ဆင်ထားပါတယ်၊ ဒီပွဲရလဒ်က ဘယ်လောက်အရေးကြီးလဲဆိုတာ ကစားသမားတွေကို ပြောထားပြီးဖြစ်ပါပြီ၊ အဝေးကွင်းဖြစ်တာကြောင့် ပိုပြီးခက်ခဲမှာပါ၊ အကောင်းဆုံးရလဒ်ရအောင် ကြိုးစားမှာပါ" ဟု ပြောကြားသည်။




ဆီရက်စ်နှင့် ရှမ်းယူနိုက်တက်အသင်းမှ နည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့အား ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။ ဓာတ်ပုံ-ရှမ်းယူနိုက်တက်

**နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်**

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပွဲများတွင် အဖွင့်ပွဲ၌ ဟုမ်းယူနိုက်တက် (စင်ကာပူ)ကို အိမ်ကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယပွဲတွင် အန်ကော (ကမ္ဘောဒီးယား) ကို အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ဖိုးသော်ဇင်**

# လွိုင်ကော်မြို့တွင်း အရှိန်သတ်ခုံးအချို့တွင် ကြိုတင်သတိပေး ဆိုင်းဘုတ်များ စိုက်ထူတပ်ဆင်

**လွိုင်ကော် မတ် ၅**

ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း မော်တော်ကားလမ်းများ၏ အချို့နေရာများတွင် ယာဉ်အန္တရာယ် လျော့နည်းစေရန်ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားသည့် အရှိန်သတ်ခုံးအချို့တွင် 'ရှေ့တွင် အရှိန်သတ်ခုံးရှိသည်၊ ဖြည်းဖြည်းမောင်း' ဟူသော ကြိုတင်သတိပေးဆိုင်းဘုတ်များ စိုက်ထူတပ်ဆင်ထားပြီဖြစ်သည်။

"အခုလို အရှိန်သတ်ခုံးရှိတဲ့ နေရာတွေမှာ အရှိန်သတ်ခုံး ရှိကြောင်း ဆိုင်းဘုတ်တွေကို ထင်သာမြင်သာ တပ်ဆင်စိုက်ထူပေးလိုက်တဲ့အတွက် သတိထား မောင်းနှင်နိုင်တော့ ယာဉ်နဲ့လူထိခိုက်မှုမဖြစ်တော့ပါဘူး၊ အရှိန်သတ်ခုံးအချို့မှာ သတိပေးဆိုင်းဘုတ်တွေ တပ်ဆင်ထားပြီး သတိပေးဆိုင်းဘုတ်မရှိသေးတဲ့ အရှိန်သတ်ခုံးတွေလည်း ကျန်ရှိနေပါသေးတယ်၊ အရှိန်သတ်ခုံးရှိတဲ့ နေရာတိုင်းမှာ သတိပေးဆိုင်းဘုတ် တပ်ဆင်စိုက်ထူထားရှိဖို့ မျှော်လင့်ပါတယ်" ဟု လွိုင်ကော်မြို့နေယာဉ်မောင်းတစ်ဦးက ပြောသည်။

ကယားပြည်နယ် မြို့များနှင့် ကျေးရွာများအတွင်း ဖြတ်သန်းဖောက်လုပ်ထားသည့် လမ်းများပေါ်တွင် ယာဉ်အန္တရာယ် လျော့နည်းစေလိုသောသဘောဖြင့် အရှိန်သတ်ခုံးများ ပြုလုပ်ထားရာတွင် အရှိန်သတ်ခုံးရှိကြောင်း ကြိုတင်သတိပေးဆိုင်းဘုတ် စိုက်ထူထားခဲ့ခြင်း မရှိခဲ့သောကြောင့် အမှတ်တမဲ့မောင်းနှင်ရာမှ ယာဉ်မတော်တဆမှု အချို့ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# နိုင်ငံ့ဘဏ္ဍာတိုးတက်ရရှိရေးနှင့် မြှင့်တင်ရမည့် အခွန်အကောက်ဥပဒေကြမ်း၏ အခန်းကဏ္ဍ

**သန်းဖြိုးနိုင်(ကညင်ကျိုး)**

အခွန်အကောက်အကြောင်းပြောရမယ်ဆိုရင် ယခုရက်ပိုင်း ပြည်ထောင်စုလွှတ်တော်မှာ တင်သွင်းဆွေးနွေးနေတဲ့ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေကြမ်းအကြောင်းက စပြောရပါမယ်။

ဒီဥပဒေကြမ်းကိုတော့ ပြည်ထောင်စုလွှတ်တော်မှာ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းထားခဲ့တာဖြစ်ပြီး နိုင်ငံပိုင်သတင်းစာတွေမှာတော့ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ကမှ စတင်ဖော်ပြခဲ့တဲ့ဥပဒေပါ။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့အထိ သုံးရက်ခွဲကာ ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ဖို့ ဖော်ပြထားခဲ့တာကိုလည်း တွေ့ကြရမှာပါ။အမှန်ဆို ဒါကလည်း နှစ်စဉ်နှစ်တိုင်း ပြုလုပ်နေကြတဲ့ ပုံစံသာဖြစ်ပြီး ဒီဥပဒေကြမ်း ပေါ်ပေါက်ခဲ့တာလည်း အခုဆိုရင် လေးနှစ်တောင် ပြည့်ခဲ့ပါပြီ။

ယခင်အစိုးရလက်ထက် ပထမအကြိမ် လွှတ်တော်သက်တမ်းကာလ ၂၀၁၄ ခုနှစ်ကမှ စတင်ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ဥပဒေကြမ်းဖြစ်သလို သူ့မတိုင်ခင်ကတော့ ဝင်ငွေခွန်ဥပဒေတို့၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတို့နဲ့သာ သွားနေခဲ့ရာက ပြောင်းလဲလာတဲ့ ဘဏ္ဍာရေးပေါ်လစီတွေအကြားမှာ သူ့ကိုလည်း အားလုံးပါဝင်အောင်ပေါင်းပြီး ရေးဆွဲထားခဲ့တဲ့ ဥပဒေတစ်ခုအဖြစ် မြင်ရပါတယ်။ ဒီဥပဒေကြမ်းထဲမှာ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်အမျိုးအစားသုံးမျိုးကို ပေါင်းပြီး နှစ်စဉ်အလိုက် ဘဏ္ဍာရေးနှစ် တစ်ခုချင်းစီအလိုက် ရေးဆွဲပြဋ္ဌာန်းပေးကြတဲ့ ဥပဒေကြမ်းအဖြစ် အားလုံးလည်း သိကြပြီးဖြစ်ကြမှာပါ။

## အခွန်ယဉ်ကျေးမှု ပိုမိုတိုးတက်ရရှိလာ

သည့်အတွက် ကျွန်တော်တို့ပြည်သူတွေဟာ ဒီအခွန်ပေးဆောင်ရခြင်းဆိုတဲ့ Taxation Culture အခွန်ယဉ်ကျေးမှုနဲ့ ယခင်က ဝေးနေရာက ယခုနောက်ပိုင်း အချိန်တွေမှာတော့ ပိုမိုနီးနီးကပ်ကပ် ရှိလာနေကြပြီဖြစ်တာကိုလည်း နောက်ပိုင်း ဆက်ဆွေးနွေးမယ့်အချက်တွေမှာ မြင်ရနိုင်မှာပါ။

ဒီအခွန်အကောက်တွေဆိုတာ နိုင်ငံတစ်ခုရဲ့ရငွေအပိုင်းတွေဆိုတာကိုလည်း သူတို့နားလည်လာနေကြသလို အစိုးရက ကောက်ခံမယ့်သူတို့ရဲ့စည်းကြပ်နှစ်တစ်နှစ် (သို့မဟုတ်)ဘဏ္ဍာရေးနှစ်တစ်ခုအတွင်းမှာ ဘယ်လိုအမျိုးအစားတွေ ကောက်ခံမလဲ၊ သူတို့ဘယ်လောက်ရဖို့ လျာထားသလဲ၊ ဘယ်နေရာမှာ ပြန်သုံးမလဲ၊ ဘယ်ဌာနတွေက ပိုသုံးနေသလဲ၊ ဘယ်လိုစီမံကိန်းတွေကို ဒီနှစ်မှာလုပ်ကြမလဲ..စတဲ့ နိုင်ငံ့ဘဏ္ဍာရေးနဲ့ဆိုင်တဲ့ အချက်အလက်တွေကို သူတို့သိချင်လာနေကြပြီဆိုတာကိုလည်း ချန်ထားလို့ မရပါဘူး။ပြောင်းလဲလာတဲ့နိုင်ငံရေးစနစ်အကြားမှာ ပွင့်လင်းမြင်သာမှုရှိစွာ နိုင်ငံပိုင်သတင်းစာက ထုတ်ပြန်ပေးလာတဲ့ အမျိုးသားစီမံကိန်းဥပဒေပါ ကိန်းဂဏန်းအချက်အလက်တွေ၊ အခုလို အခွန်အကောက်ဥပဒေကြမ်းပါ ကောက်ခံဖို့ လျာထားတဲ့ ပစ္စည်းအမယ်တစ်ခုချင်း၊ ကောက်ခံမယ့် အမျိုးအစားတစ်မျိုးချင်းစီအလိုက် ပါဝင်မယ့်ပစ္စည်းတွေနဲ့ ကောက်ခံမယ့်ရာခိုင်နှုန်းတွေ ဖော်ပြချက်တွေကလည်း သူတို့ကို အခုလိုဖြစ်ဖို့ ပံ့ပိုးပေးနေတယ်လို့ဆိုရင်လည်း ရနိုင်ပါတယ်။

## အမှုမဲ့အမှတ်မဲ့ မနေသင့်

အမှန်တော့ ဒီဥပဒေကြမ်းဟာ ကျွန်တော်တို့ ပြည်သူတွေအတွက် အလွန်အရေးကြီးလှသလို စိတ်မဝင်စားလို့ပဲဖြစ်ဖြစ်၊ နားမလည်လို့ဘဲဖြစ်ဖြစ် အမှုမဲ့အမှတ်မဲ့ နေလိုက်ဖို့မသင့်တော်တဲ့ ဥပဒေတစ်ခုဆိုလည်း မမှားပါဘူး။ဘာဖြစ်လို့လဲဆိုတော့ ဒီဥပဒေထဲမှာ ကျွန်တော်တို့ရဲ့ ဝင်ငွေတွေအထဲကနေ အခွန်ကောက်ခံမယ့်ကိစ္စနဲ့ ကျွန်တော်တို့ ပြည်သူတွေ နေ့စဉ်ရောင်း၊ဝယ်ဖောက်ကားနေတဲ့ ကုန်စည်တွေ၊ စားသောက်ကုန်တွေအပေါ်မှာ အခွန်ကောက်ခံဖို့ကိစ္စတွေ ပါဝင်နေလို့ပါပဲ။ ဒီလို အခွန်စည်းကြပ်ဖို့အတွက် အစိုးရဘက်က လျာထားရေးဆွဲထားတာကို ပြည်သူတွေရဲ့အသံ၊ လိုလားချက်၊ ထည့်သွင်းပြင်ဆင်လိုတဲ့ အချက်တွေကို သတင်းစာထဲမှာ ဖော်ပြထားသလို အကြံပြုစာတွေ ပေးပို့စေခြင်းဖြင့် လည်းကောင်း၊ ကျွန်တော်တို့မြို့နယ်က ရွေးချယ်စေလွှတ်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံက တစ်ဆင့်အဖြစ် လည်းကောင်း ပေးပို့ပြောဆိုကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ ဒီဥပဒေ ထွက်ပေါ်လာတဲ့အခါ အုပ်ချုပ်သူအစိုးရကပဲ သူ့တစ်ဖက်တည်းက ရေးဆွဲထားတဲ့ပုံစံမျိုးမဖြစ်ဘဲ ပြည်သူ့အလိုကျ ရေးဆွဲပြဋ္ဌာန်းတဲ့ ဥပဒေဖြစ်လာမှာပါ၊ ဒါပေမယ့်လည်း အခုအချိန် နေရာအတော်များများမှာတော့ အခွန်အကောက်လို့ ပြောလိုက်ရင် ကျွန်တော်တို့ ပြည်သူတွေနဲ့ သိပ်မရင်းနှီးလှသလို ခပ်စိမ်းစိမ်းပဲ ဖြစ်နေတတ်ပါသေးတယ်။ ခပ်စိမ်းစိမ်းသာ ဖြစ်နေပေမယ့်လည်း အမှန်တကယ်တော့ ပြည်သူတွေနဲ့ အနီးကပ်ဆုံးအရာမှာရှိနေတဲ့ အရာတစ်ခုဖြစ်ပြီး နေ့စဉ်လိုလို မသိမသာဘဲ ကိုယ့်အိပ်ကပ်ထဲက ငွေတွေကို အခွန်အတွက် ထုတ်ပေးနေရတာပဲ ဖြစ်ပါတယ်။

## ခွဲခြမ်းစိတ်ဖြာ ..အခွန်အကောက်ဥပဒေကြမ်းမှာ

ဒါဆိုရင် ဒီနှစ်အခွန်အကောက်ဥပဒေကြမ်းထဲမှာ ဘာတွေထူးခြားတဲ့ ပြဋ္ဌာန်းချက်တွေ ပါဝင်သလဲဆိုတာ ကျွန်တော်တို့ ဆက်ဆွေးနွေးကြရအောင်ပါ။ ဒီဥပဒေကြမ်းကို လေ့လာကြည့်ရှုကြတဲ့အခါ..အခန်း(၉)ခန်းပါဝင်ပြီး ပုဒ်မပေါင်း(၃၉)ခု ပါဝင်တာကို တွေ့ရပါတယ်။ ဒီနှစ် ဒီဥပဒေကြမ်းရဲ့ထူးခြားချက်ကတော့ အစကနဦး အခန်း(၁)က စလာတယ်လို့ ပြောလို့လည်း ရနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခန်း(၁) အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက် အခန်းမှာ ပါဝင်တဲ့ပုဒ်မ(၁) ပုဒ်မခွဲ(ဂ) ပါဝင်လာတဲ့ ကိစ္စပါ။ ဒီပုဒ်မခွဲမှာတော့ ပုဒ်မခွဲ ငယ်လေးနှစ်ခု ပါဝင်ထားပြီး ပထမတစ်ခုကတော့ အစိုးရက လက်ရှိပြောင်းလဲကျင့်သုံးမယ့်ဘဏ္ဍာရေးနှစ်နှင့်အညီ လာမယ့် ဧပြီလကနေ စက်တင်ဘာလအထိသာ ဖြစ်ပြီး ကျန်အခွန်ထမ်းအားလုံးအတွက်ကတော့ ယခင်နှစ်ကအတိုင်း မပြောင်းလဲဘဲ ဆက်ထားမယ်ဆိုတဲ့ကိစ္စပါ။

## ကွဲပြားသွားတဲ့ ဘဏ္ဍာရေးနှစ်နဲ့ အခွန်စည်းကြပ်နှစ်

ဒီကိစ္စအပေါ်မှာလည်း ဥပဒေရေးရာနဲ့ ဘဏ္ဍာရေး ကျွမ်းကျင်သူတွေကတော့ ဒီလို အခွန်စည်းကြပ်တဲ့နှစ်နဲ့ ဘဏ္ဍာရေးနှစ်တစ်ထပ်တည်း မကျတဲ့အပေါ် ဝေဖန်မှုတွေ ရှိနေတာကိုလည်း ကြားနေရပါတယ်။ အချို့ကတော့ အခွန်အကောက်ကရရှိမယ့် အရသုံးငွေတွေအပေါ် အခြေခံပြီး ဘဏ္ဍာရေးဥပဒေတွေ၊ စီမံကိန်းဥပဒေတွေကို ရေးဆွဲရတာဖြစ်တဲ့အတွက် အခွန်ကောက်ခံတဲ့ စည်းကြပ်နှစ်ဟာ ဘဏ္ဍာရေးနှစ်နဲ့ တစ်ထပ်တည်း ကျသင့်တယ်၊ အခုလို စပ်ကူးမတ်ကူးကာလမှာ မပြောင်းလဲနိုင်သေးရင်လည်း နောင်မှာတော့ ရေရှည်အတွက် ပြောင်းလဲသင့်တယ်လို့ ထောက်ပြခဲ့ကြပါတယ်။ နောက်တစ်ခုကတော့ အဲ့ဒီပုဒ်မ ၁ မှာပဲ ပါဝင်ထားတဲ့ပုဒ်မခွဲ(ဃ)ကိစ္စပါ၊ ဒါကတော့အခွန်ထမ်းတွေအတွက် အပေါ်က သတ်မှတ်တာ အခက်အခဲဖြစ်မယ်ဆိုရင် စီမံဘဏ္ဍာဝန်ကြီးဌာနရဲ့ သဘောတူညီချက်နဲ့ ပြည်တွင်းအခွန်ညွှန်ချုပ်က သတ်မှတ်တဲ့ကာလလို့ ပါဝင်ထားတဲ့ ပြဋ္ဌာန်းချက်ပါ။ ဒီပြဋ္ဌာန်းချက်ကလည်း ဥပဒေတစ်ခုရဲ့ အင်္ဂါရပ်နဲ့ပြောရမယ်ဆိုရင် ဥပဒေဆိုတာ စည်းနှောင်အားကောင်းရမှာဖြစ်ပေမယ့်လည်း ယခုလို ခြွင်းချက်နဲ့ ပေးထားတာမျိုးက ဥပဒေထဲမှာ မပါဝင်သင့်ဘူးလို့ ဥပဒေပညာရှင်တွေက ဆိုကြပါတယ်။

## မော်တော်ယာဉ်ဈေးနှုန်းတွေ ကျလာနိုင်သလား

နောက်တစ်ခုကတော့ ဒီဥပဒေကြမ်းသာ အတည်ပြုပြဋ္ဌာန်းပြီးခဲ့မယ်ဆိုရင် မော်တော်ယာဉ်ဈေးနှုန်းတွေ ကျဆင်းသွားနိုင်တယ်ဆိုတဲ့ အခန်း(၅)အထူးကုန်စည်ခွန် အခန်း၊ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ ပါဝင်တဲ့ကိစ္စတွေပါ။ ဒါကတော့ မော်တော်ယာဉ်

**အခွန်စည်းကြပ်ဖို့အတွက် အစိုးရဘက်က လျာထားရေးဆွဲထားတာကို ပြည်သူတွေရဲ့အသံ၊ လိုလားချက်၊ ထည့်သွင်းပြင်ဆင်လိုတဲ့ အချက်တွေကို သတင်းစာထဲမှာ ဖော်ပြထားသလို အကြံပြုစာတွေ ပေးပို့စေခြင်းဖြင့် လည်းကောင်း၊ ကျွန်တော်တို့မြို့နယ်က ရွေးချယ်စေလွှတ်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံက တစ်ဆင့်အဖြစ်လည်းကောင်း ပေးပို့ပြောဆိုကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ ဒီဥပဒေထွက်ပေါ်လာတဲ့အခါ အုပ်ချုပ်သူအစိုးရကပဲ သူ့တစ်ဖက်တည်းက ရေးဆွဲထားတဲ့ပုံစံမျိုးမဖြစ်ဘဲ ပြည်သူ့အလိုကျ ရေးဆွဲပြဋ္ဌာန်းတဲ့ ဥပဒေဖြစ်လာမှာပါ**

တွေ ပြည်ပက မှာယူတင်သွင်းတာ၊ ပြည်တွင်းမှာထုတ်လုပ်တာတွေအတွက် အင်ဂျင်ပါဝါအလိုက်ခွဲပြီး ရာခိုင်နှုန်းအလိုက် ကောက်ယူမယ့်အပေါ် မော်တော်ယာဉ်လုပ်ငန်းရှင်များအသင်းနဲ့ ပြည်သူတွေက သုံးသပ်ပြီး ဒီရာခိုင်နှုန်းတွေကိုသာ ဒီထက်ပိုမိုလျှော့ချသင့်တယ်လို့ ပြောနေသံလည်း ကြားရပါတယ်။ အမှန်တကယ်သာ သူတို့အလိုကျ ပြုပြင်ပြဋ္ဌာန်းပေးခဲ့မယ်ဆိုရင် သယ်ယူပို့ဆောင်ရေးအပိုင်းမှာ ပိုမိုအဆင်ပြေလာမှာတွေ၊ ကုန်ဈေးနှုန်းတွေ ကျဆင်းသွားနိုင်မှာတွေ၊ ပြည်တွင်းထုတ်လုပ်သူ SME လုပ်ငန်းရှင်တွေအတွက် ပိုမိုအားကောင်းလာမှာတွေ ဖြစ်လာနိုင်တယ်လို့လည်း လူမှုကွန်ရက်စာမျက်နှာတွေထက်မှာ မြင်ရပါတယ်။

## မြင့်တက်နေတဲ့စက်သုံးဆီဈေးနှုန်းတွေကို ဘယ်လိုထိန်းမလဲ

နောက် သူနဲ့ ဆက်စပ်နေတဲ့ ကိစ္စတစ်ခုကလည်း ရှိနေပါသေးတယ်။ ဒါကတော့ ဒီဥပဒေကြမ်းရဲ့ ပုဒ်မ ၁၁ ပုဒ်မခွဲ (က)၊ ဇယားမှာပါတဲ့ အမှတ်စဉ်(၁၆)က ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီတွေကို အထူးကုန်စည်ခွန် ၅ % ကောက်မယ့်ကိစ္စပါ။ အမှန်တော့ ဒီရာခိုင်နှုန်းဟာ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ နှိုင်းစာရင် အလွန်နည်းနေတာ၊ စက်သုံးဆီဆိုတာ ပြည်သူတွေအကြားမှာ ဖုန်းခွန်ပြီးရင် ဒုတိယနေရာက လူအများသုံးစွဲနေတဲ့ အများဆုံးပစ္စည်းဖြစ်နေတာ၊ ဒီ့အတွက် ဒါကို အနည်းငယ် ပိုမိုကောက်ယူလိုက်ရင် လိုငွေပြနေတဲ့ နိုင်ငံ့ဘတ်ဂျက်အတွက် အထောက်အကူ ဖြစ်သွားနိုင်တာတွေကိုလည်း ပြောနေသံတွေ ကြားရပါတယ်။ ဒါပေမယ့်လည်း ယခုလက်ရှိအနေအထားမှာတော့ ဒီစက်သုံးဆီဈေးကွက်ဟာ ဒီရေနဲ့ ပြောင်းပြန်ပါ။သူကတက်ပြီး ပြန်မကျတော့သလို သူ့ကိုမှီခိုပြီး သယ်ယူပို့ဆောင်ရတဲ့ ကျန်တဲ့ အထွေထွေကုန်ပစ္စည်းတွေလည်း သူတက်လာနေတာနဲ့အမျှ လိုက်တက်နေတာကိုလည်း မြင်ရမှာပါ။ ဒါဆိုရင် ဒီစက်သုံးဆီဈေးကွက်နဲ့ ပြည်တွင်းက ကုန်သည်တွေကို ကုန်ဈေးနှုန်းကျဆင်းရေးအတွက် အစိုးရက ဘယ်လိုTax အမျိုးအစားနဲ့ ပြန်ထိန်း မလဲဆိုတဲ့ မေးခွန်းလည်း မေးလာနေကြပါတယ်။ အမှန်တော့ အစိုးရက အခု ကောက်ခံနေတဲ့ စက်သုံးဆီအခွန် ၅ % ဆိုတာ ဖုန်းခွန်အလားတူပါပဲ၊ သုံးစွဲသူပြည်သူတွေကသာ ကျခံနေကြရတဲ့ Undirect Tax အမျိုးအစားတစ်ခုပါ။ ကုန်သည်ကြီးတွေက ဝင်ငွေခွန်(Income Tax)သာ ဆောင်နေကြရတဲ့ သဘောပါ။

## ဝေဖန်မှုမြင့်တက်နေတဲ့ ပုဒ်မ ၂၅ အကြောင်း တစေ့တစောင်း

ဒီဥပဒေကြမ်းကို နိုင်ငံပိုင်သတင်းစာကနေ ကြေညာအပြီး ရက်ပိုင်းဆိုသလိုမှာပဲ အဓိကလူပြောအများဆုံး ဝေဖန်မှုမြင့်တက်လာတဲ့ ပုဒ်မကတော့ ပုဒ်မ ၂၅ ပါ ကိစ္စပါ။ ဒီပုဒ်မရဲ့ ဆိုလိုရင်းကတော့ ပြည်သူတွေအနေနဲ့ ယခင့်ယခင်က မြေတွေ၊ အိမ်တွေ၊ ကားတွေဝယ်ခဲ့ပြီး အမည်ပေါက်ပြောင်းလဲမယ်ဆိုရင် ဆောင်ရမယ့် ကုန်သွယ်လုပ်ငန်းအခွန်က ယခင် ၂၅ %၊ နောက် ၁၅ % စသဖြင့် ရှိခဲ့တဲ့ကာလမှာ အခွန်မြင့်မားတာကြောင့် အမည်ပေါက်မလုပ်ခဲ့တာတွေအတွက်ရည်ရွယ်ပြီး အခုဥပဒေကြမ်းသာ အတည်ဖြစ်ပြီး ပြဋ္ဌာန်းပြီးရင် ပထမခြောက်လအတွင်းမှာသာ ကိုယ့်အမည်ပေါက်အဖြစ်နဲ့ ပိုင်ဆိုင်မှုပြပြီး အခွန်လာဆောင်ရင် ကုန်သွယ်လုပ်ငန်းခွန်အနေနဲ့ ၃ %နဲ့ ခြောက်လကျော်ရင် ၅ %လို့ ဆိုထားခဲ့တာပါ။ ဒါပေမယ့် ဒါဟာလည်း အစိုးရအနေနဲ့ ပြည်သူတွေအပေါ် အလွန်သက်သက်ညှာညှာ ဖြစ်စေလိုတဲ့ ပုံစံမျိုးနဲ့ အသစ်တစ်မျိုး တိုးပေးခဲ့တယ်လို့ဆိုပေမယ့်လည်း ပြင်ပကလူထုအကြားမှာတော့ ဒါဟာငွေမည်းတွေကို ငွေဖြူဖြစ်စေတာ၊ ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေတာ၊ မသမာမှုတွေကို အားပေးတာစသဖြင့် ဝေဖန်ထောက်ပြနေကြပါတယ်။ အခုလို အစိုးရက ဖြေလျှော့ပေးလိုက်ခြင်းအားဖြင့် အိမ်ခြံ မြေဈေးကွက်ကို ထိုးတက်သွားစေမယ်၊ အဆောက်အအုံလုပ်ငန်းတွေ ပြန်လည်နိုးထ အသက်ဝင်လာစေမယ်လို့ ပြောသံတွေလည်း ကြားမိပါတယ်။

## ပြည်သူ့အသံများများ ညံကြစေချင်

ဒီဥပဒေဟာ အခုမှအကြမ်းအဆင့်သာရှိနေသေးပြီး ပြည်ထောင်စုလွှတ်တော်မှာ အကျေအလည်ဆွေးနွေးကြရဦးမယ့် အချိန်တွေ၊ နောက်ဆိုင်ရာဆိုင်ရာ အမယ်ပစ္စည်းတွေအလိုက် လုပ်ငန်းရှင်အစုအဖွဲ့တွေ၊ ပြည်သူတွေထံက အကြံပြုချက်တွေကိုထည့်သွင်းတွက်ချက် စဉ်းစားဖြည့်သွင်းပေးရဦးမယ့် ကာလတွေ၊ ပြည်သူတွေရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေက ပြန်လည်တင်သွင်းဆွေးနွေးကြရဦးမယ့် အစီအစဉ်တွေ ကျန်ရှိနေသေးတာမို့ ပြည်သူတွေအနေနဲ့လည်း အခွန်အကောက်နဲ့ ဆိုင်တာတွေကို စိတ်ပါဝင်စားပြီး ဖြစ်သင့်တာတွေကို ဝိုင်းဝန်းအကြံပြု ပေးကြစေချင်ပါတယ်။ ဒီဥပဒေကြမ်းကို ယခုလက်ရှိပြည်ထောင်စုလွှတ်တော်မှာ သူ့အရင် တင်သွင်းဆွေးနွေးနေဆဲ အမျိုးသားစီမံကိန်းဥပဒေကြမ်း ၂၀၁၈- ၁၉ဘဏ္ဍာရေးနှစ် အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နဲ့ ဆက်စပ်ချိတ်ဆက်နေတဲ့ ဥပဒေကြမ်းတစ်ခုဖြစ်ပြီး နိုင်ငံတော်ရဲ့ အရ ငွေတွေအတွက်အစိုးရဌာနတွေက ကောက်ခံကြမယ့် အခွန်အမျိုးအစားများစွာကနေ လျာထားငွေကျပ်သန်း စုစုပေါင်း ၂၇၉၁၈၉၆ ဒသမ ၇၆၃ ရနိုင်မယ်လို့ ပါဝင်ခန့်မှန်းတင်ပြထားတာ ဖြစ်ပါတယ်။

## နိုင်ငံ့အကျိုးကိုရှေးရှုရန်လိုအပ်

ဒီအတွက် ချုပ်လိုက်ရင်..ဒီအခွန်အကောက်တွေ ကောက်ခံကြတယ်ဆိုတာ စားသုံးသူရယ်၊ ထုတ်လုပ်ရောင်းချသူရယ်၊ အစိုးရရယ် သုံးဦးသုံးဖက် ကျေလည်အောင် ဆွေးနွေးညှိနှိုင်းပြီးမှသာ ပေးသွင်းကောက်ယူသုံးစွဲကြရမှာဖြစ်တဲ့အတွက် ထိုက်သင့်တဲ့အချိန်ကို ယူရတာတွေ၊ ပြည်သူ့အသံတွေကို များများနားထောင်ပြီး ထည့်သွင်းပေးသင့်တာတွေ၊ ပြည်သူတွေကိုလည်း အခွန်ယဉ်ကျေးမှု(Taxation Culture)နဲ့ ပိုမိုနီးစပ်ရင်းနှီးအောင် ပိုမိုဆောင်ရွက်သင့်တာတွေ၊ အခွန်ထမ်းပြည်သူတွေနဲ့ အခွန်ဝန်ထမ်းတွေအကြားမှာ ပိုမိုပွင့်လင်းမြင်သာစွာ ဆွေးနွေးဆောင်ရွက်သင့်တာတွေ၊ သူ့ဘက်ကိုယ့်ဘက် ဆွေးနွေးကြတဲ့အခါ ကိုယ်ကျိုးထက် နိုင်ငံ့အကျိုးကိုသာ ရှေးရှုဆောင်ရွက်ကြရမှာတွေ လိုအပ်လှပါကြောင်း စိတ်ကောင်းစေတနာဖြင့် ရေးသားတင်ပြလိုက်ရပါတယ်။ ။

# သိမ်းယူခဲ့သော မြေယာကို လျော်ကြေးပေးချေခဲ့ခြင်းမရှိပါက မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်နိုင်ရေးဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၅

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။**



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ ကျင်းပရာ တက်ရောက်ကြသူများအား တွေ့ရစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် လမ်း၊ တံတားဆိုင်ရာ မေးခွန်း ခြောက်ခုနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၏ **ငပုတောမြို့နယ်ရှိ ပုသိမ်-သလပ်ခွာ မော်တင်စွန်းလမ်းသို့ ဆက်သွယ်ထားသော ငရုတ်ကောင်း-ငရုတ်ကောင်း(တောင်)လမ်းအား ကွန်ကရစ်လမ်းသို့မဟုတ် ကတ္တရာလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ငရုတ်ကောင်း(တောင်)-ငရုတ်ကောင်းလမ်း ၁၇ မိုင် ခြောက်ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ငရုတ်ကောင်းမြို့တွင်းအပိုင်း ၁ မိုင်အား ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းမှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ၁၂ မိုင် ခြောက်ဖာလုံအား ချောင်းကျောက်သုံးလက်မထုခင်းခြင်းလုပ်ငန်းမှာ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

**ရန်ပုံငွေရရှိမှုအပေါ် မူတည်**

ဧရာဝတီတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လ ရန်ပုံငွေတွင် Box Culvert တစ်စင်းတည်ဆောက်ခြင်း၊ ရေပြွန် ရှစ်စင်း၏ပြိုကျနေသော မြေကာနံရံများ ပြုပြင်ခြင်း၊ ကျောက်စီရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ၄ မိုင် ၂ ဖာလုံအား ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဆင့်တိုးမြှင့်ခြင်းနှင့် အန္တရာယ်ကုန်းဆင်းအကွေ့များအား ရှောင်ကွင်း၍ လမ်းအူကြောင်းအသစ်ဖောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**လမ်းလုပ်ငန်းများကို အဆင့်မြှင့်**

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု ကတ္တရာလမ်းမကြီးနှင့် ဆက်သွယ်ထားသော ဟိုနမ့်-ထီဟန်းခွီး ရွာချင်းဆက်လမ်း၊ ဟိုနမ့်-ပြင်သာယာ-ပုန်းအောင်- ထီပျဉ် ရွာချင်းဆက်လမ်း၊ စခွင်ကျေးရွာ အုပ်စုရှိ ရွာသစ်-နောင်ခမ်းရွာချင်းဆက်လမ်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မည်သည့်လမ်းအဆင့်ထိ တိုးမြှင့်ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် မောက်မယ်မြို့နယ်အတွင်းရှိ ဟိုနမ့်-ထီဟန်းခွီး (ပွန်ချောင်း-ပင်ငို-ထီဟန်းခွီး) လမ်းနှင့် ဟိုနမ့် -ပြင်သာယာ- ပုန်းအောင်- ထီပျဉ် လမ်းတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လည်းကောင်း၊ ရွာသစ်-နောင်ခမ်းလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လည်းကောင်း ထည့်သွင်းလျာထားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုပေါ် မူတည်ပြီး လမ်းလုပ်ငန်းများကို အဆင့်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မတ္တပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **မတူပီမြို့နယ် အမ်ဆွေး-မားဒူ- ဝေးလူမှ ကန်ပက်လက်မြို့နယ် မကြားအိမ်နူးကျေးရွာကိုဖြတ်၍ မတူပီမြို့နှင့် ကန်ပက်လက်မြို့ မြို့နယ်ချင်းဆက်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၂၀-၂၀၂၁ ခုနှစ်မတိုင်မီ အဆိုပါလမ်းများအားလုံး မြေသားလမ်းပေါက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ရန်ပုံငွေရရှိမှု**

ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့်၏ **ဖြူးမြို့နှင့် စစ်တောင်းမြစ်ကမ်းပါးရှိ ဘန်းလောင်ရွာသို့ ဆက်သွယ်ထားသည့်လမ်းမကြီး ကတ္တရာခင်းခြင်းလုပ်ငန်းအား ဆက်လက်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နှင့် စစ်တောင်းမြစ်ကမ်းပါးရှိ ဘန်းလောင်ရွာသို့ ဆက်သွယ်သောလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍

*စာမျက်နှာ ၉ သို့*

**"လမ်းနယ်နိမိတ် ပြင်ဆင်သတ်မှတ်မှုများကြောင့် ဖြစ်ပေါ်လာသော မြေယာကိစ္စများနှင့် စပ်လျဉ်းပြီး ယခင် သိမ်းယူခဲ့စဉ်ကာလက မြေယာလျော်ကြေး ပေးချေခဲ့ခြင်း ရှိ၊ မရှိကို ပြန်လည် စိစစ်လျက်ရှိပါကြောင်း၊ လျော်ကြေးပေးချေ၍ သိမ်းဆည်းခဲ့ခြင်းဖြစ်ပါက နိုင်ငံတော်သို့ ပြန်လည်အပ်နှံနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်"**

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မတ် ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ(**ယာပုံ**) ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်း၊ ဥပဒေကြမ်းတစ်ခုအား ပြင်ဆင်ချက်ဖြင့် တင်သွင်းခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းနှစ်ခု၏ အဖြေများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။



**"သူတစ်ဦးဦးအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း (သို့မဟုတ်) တိုက်တွန်းခြင်းကို ပြုကြောင်းဆိုသည့် စကားရပ်နှင့် ပြုသူကို ထောင်ဒဏ်၊ ငွေဒဏ် ချမှတ်နိုင်သည်ဆိုသည့် စကားများသည် ဝိရောဓိဖြစ်ပြီး ယုတ္တိမကိုက်ဖြစ်နေသောကြောင့် ပယ်ဖျက်သင့်"**

**အဆင့်တိုးမြှင့်ပေးရန် လျာထားစိစစ်**

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့စန္ဒကူး အမှတ်(၂)ရပ်ကွက်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး က ပညာရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွက် အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) သုံးကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း သုံးကျောင်း စုစုပေါင်း ကျောင်းပေါင်း ၂၃ ကျောင်းကို အဆင့်တိုးမြှင့်ပေးရန် လျာထားစိစစ်ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ တမူးမြို့ စန္ဒကူးအမှတ်(၂)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ ၁၅၆ ဦးသာ ရှိပါကြောင်း၊ ပင်မကျောင်းဖြစ်သည့် တမူးမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် တစ်မိုင်ခန့်သာ ကွာဝေးနေသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ယင်းကျောင်းတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအားလုံး အခြေခံပညာ အထက်တန်းကျောင်းခွဲအဖြစ် အထက်တန်းအဆင့် ပညာရပ်များကို သင်ယူခွင့် ရရှိနေပါကြောင်းနှင့် လာမည့်နှစ်တွင် တိုးမြှင့်ဆောင်ရွက်ပေးမည့် ၂၃ ကျောင်း လျာထားချက်တွင် ဦးစားပေးအစီအစဉ်အဖြစ် ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**သွားရေးလာရေး ခက်ခဲ**

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ် ပလက်ဝမြို့ရိက္ခာတိုးချဲ့(မြို့သစ်) အခြေခံအလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ချင်းပြည်နယ် ပလက်ဝမြို့ရိက္ခာတိုးချဲ့ရပ်ကွက်ရှိ ကျောင်းအမည်မှန်ဖြစ်သော မြို့သစ်အခြေခံပညာ အလယ်တန်းကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ ၁၃၅ ဦးရှိသည်ကို တွေ့ရှိရပါကြောင်း၊ သတ်မှတ်ချက်ရှိသော်လည်း ပင်မကျောင်းနှင့် နှစ်မိုင်ကျော်ကွာဝေးပြီး သွားရေးလာရေး ခက်ခဲသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုး တင်သွင်းသည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ပယ်ဖျက်သင့်**

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်က ပုဒ်မ (၁၈)တွင် မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ပျက်ပြားစေရန် အကြံဖြင့် ဖြစ်စေဆိုသည့် စကားရပ်များသည် ပုဒ်မ (၄)တွင်လည်း ဖော်ပြပြီးဖြစ်သည့်အတွက် နှစ်ကြိမ်ထပ်နေပါကြောင်း၊ ယင်းအချက်များကို ချိုးဖောက်လျှင် အရေးယူရန် ရာဇသတ်ကြီးတွင် ပုဒ်မများ ရှိပြီးဖြစ်သောကြောင့် ထည့်သွင်းရန် မလိုအပ်ဟု ယူဆပါကြောင်း၊ ထို့နောက် သူတစ်ဦးဦးအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း(သို့မဟုတ်) တိုက်တွန်းခြင်းကို

*စာမျက်နှာ ၉ သို့*

# အထူးကော်မရှင်ဘာလဲ၊ ဘယ်ကစလဲ၊ ဘယ်လဲ

**ထူးနိုင်ကို(ဥပဒေ)**

**အထူးကော်မရှင်ဟုခေါ်နေကြသည့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အား ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက သက်တမ်းတစ်နှစ် ထပ်မံတိုးလိုက်သည်ကို သတိပြုမိသည်။ ယခု ဒုတိယအကြိမ် လွှတ်တော်ကာလတွင် ယင်းကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးထားသည်မှာ ၂ နှစ်တိုင်ပြီဖြစ်သည်။ တကယ်တော့ အထူးကော်မရှင်အား ပထမအကြိမ် လွှတ်တော်ကာလကတည်းက ပြည်သူ့လွှတ်တော်တွင် စတင်၍ ယခုအမည်အတိုင်းပင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။**

လွှတ်တော်မရှိလျှင် ဒီမိုကရေစီမရှိဟု ပြောကြသည်။ ထို့အတူ လွှတ်တော်သည် နိုင်ငံ၏အသက်သွေးကြော၊ အသက်ဝိညာဉ်ဖြစ်သည်ဟု ဆိုကြသည်။ ယခုအခါတွင် မြန်မာနိုင်ငံ၌ လွှတ်တော်များ ပြန်လည်ပေါ်ပေါက်လာပြီး ဒီမိုကရေစီ အသက်ဝိညာဉ်သည်လည်း နိုးထရှင်သန်လာခဲ့သည်မှာ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ကတည်းကဟု ဆိုနိုင်သည်။ ထိုနေ့တွင် လွှတ်တော်များ ပြန်လည်ပေါ်ပေါက်လာသလို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း အသက်ဝင်အာဏာ တည်ခဲ့သည်။ ထိုနေ့မှအစပြုကာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းနေမှုကို ကမ္ဘာနှင့်တစ်နိုင်ငံလုံးက စိတ်ဝင်တစား စောင့်ကြည့်လာကြသည်တွင် စာရေးသူလည်း အပါအဝင်ဖြစ်သည်။

လွှတ်တော်သည် ဥပဒေပြုရေးလုပ်ငန်းဆောင်ရွက်ရန်သာမက အုပ်ချုပ်ရေးနှင့် တရားရေးမဏ္ဍိုင်တို့၏ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်နိုင်မှု ပိုမိုအားကောင်းလာစေရန်အတွက် ပူးပေါင်းပံ့ပိုးကူညီပေးခြင်းနှင့် တစ်ဖက်တွင်လည်း ထိန်းကျောင်းတည့်မတ်ပေးခြင်းတို့ ဆောင်ရွက်ရန် တာဝန်ရှိသည့် အဖွဲ့အစည်းကြီးဖြစ်သည်။ ပြည်သူတို့၏ လိုလားဆန္ဒများကို ဖော်ဆောင်ပေးရန်အတွက် အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။ လွှတ်တော်၏ ဥပဒေပြုလုပ်ငန်းများတွင် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး စသည့်ကဏ္ဍအားလုံး အကျုံးဝင်နေပြီး အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့အတွက်လည်း အကျိုးသက်ရောက်မှုများ ရှိနေသည်။

**အစိုးရအဖွဲ့က အကောင်အထည်ဖော်**

မြန်မာနိုင်ငံ၏ လွှတ်တော်ကို ပြန်လည်ဆန်းစစ်လေ့လာမိသည့်အခါတွင် အမေရိကန်ကွန်ဂရက်နှင့်သော်လည်းကောင်း၊ ဗြိတိသျှပါလီမန်လွှတ်တော်နှင့်သော်လည်းကောင်း ထပ်တူညီခြင်းမရှိဘဲ သီးသန့်ပုံစံတစ်ရပ်ဖြစ်နေသည်ကို တွေ့မြင်နိုင်သည်။ မြန်မာနိုင်ငံတွင် လွှတ်တော်မှတစ်ဆင့် သမ္မတနှင့် အစိုးရအဖွဲ့ကိုလည်းကောင်း၊ ယင်းမှတစ်ဆင့် တရားစီရင်ရေးအဖွဲ့များကိုလည်းကောင်း အတည်ပြုရွေးချယ်တင်မြှောက်ပေးရသည်။ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဥပဒေများကို အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည့် အစိုးရအဖွဲ့က အကောင်အထည်ဖော်ရသည်။ ပြည်သူအားလုံးက ဥပဒေကို လိုက်နာကြရသည်။ မလိုက်နာသူကို တရားရေးအဖွဲ့များက ဥပဒေနှင့်အညီ စီရင်အပြစ်ပေးရသည်။ အုပ်ချုပ်ရေးအဖွဲ့များက အကောင်အထည်ဖော်ရမည့် ဥပဒေများကို လွှတ်တော်က ပုံဖော်ရေးဆွဲပြဋ္ဌာန်းခြင်းသည် တစ်နည်းအားဖြင့် မူဘောင်များ သတ်မှတ်ပေးခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လွှတ်တော်များသည် နိုင်ငံ၏မူဝါဒကို ချမှတ်ပေးသည့်အဖွဲ့ဖြစ်သည်။ လွှတ်တော်သည် ပြည်သူတို့၏ လိုလားဆန္ဒများကို မူဝါဒအဖြစ်လည်းကောင်း၊ မူဝါဒကို ဥပဒေအဖြစ်လည်းကောင်း ပုံဖော်ပြဋ္ဌာန်းပေးရသည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်သည် ဥပဒေပြုရေး၊ ကိုယ်စားပြုရေးနှင့် စောင့်ကြည့်ထိန်းကျောင်းရေး တာဝန်ကိုယူရသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ပြန်လည်၍ ကျင့်သုံးမည်ဆိုသောအခါ ဥပဒေပြုလုပ်ငန်းကို အကောင်အထည်ဖော်ကြရမည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများတွင် လွှတ်တော်အတွေ့အကြုံမရှိသည်မှာ အထူးပြောစရာပင် လိုမည်မထင်ပါ။ နိုင်ငံတွင်နှစ်ပေါင်း ၅၀ ကျော်ခန့် ဒီမိုကရေစီလွှတ်တော်များ ကွယ်ပျောက်ခဲ့သောကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် လည်းကောင်း၊ လွှတ်တော်ဝန်ထမ်းများသည် လည်းကောင်း၊ အတွေ့အကြုံမရှိဘဲ ဖြစ်ရခြင်းဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များသော်မှ အများဆုံးမီပါက လမ်းစဉ်ပါတီခေတ်၊ ဆိုရှယ်လစ် တစ်ပါတီစနစ်မှ လွှတ်တော်ကိုသာ သိမီကြမည်ဖြစ်သည်။ ထိုစဉ်က ပြည်သူ့လွှတ်တော်တစ်ရပ်တည်းသာရှိပြီး ထိုလွှတ်တော်သည်လည်း လက်ညှိုးထောင်ခေါင်းညိတ်လွှတ်တော်ဟု ဝေဖန်ပြောဆိုခြင်းခံရသည်။ ပါတီ၏ လိုလားချက်များအပေါ် အပြင်မှာညှိပြီး၊ ဆုံးဖြတ်ပြီးမှသာ လွှတ်တော်ထဲတွင် ဟန်ဆောင်အတည်ပြုပေးရုံသာ ဆောင်ရွက်နိုင်သည့်အတွက် ထိုစဉ်ကလွှတ်တော်ကို လက်ညှိုးထောင်ခေါင်းညိတ် လွှတ်တော်ဟု အများကဝေဖန်ကြခြင်းဖြစ်သည်။ သို့ဖြစ်၍ လွှတ်တော်တစ်ခုကို သိမီခဲ့ကြသည့်တိုင် အတုယူလောက်သည့် ဒီမိုကရေစီလွှတ်တော်မျိုးတော့ မဟုတ်လှုပါ။

**ဝေဖန်မှုများပေါ်ပေါက်ခဲ့**

၂၀၁၁ ခုနှစ်မှစတင်ကာ ဒီမိုကရေစီလွှတ်တော်အဖြစ် စတင်တာထွက်လာသည့်အခါ ဆိုရှယ်လစ်လွှတ်တော်ကဲ့သို့ လက်ညှိုးထောင်ခေါင်းညိတ် (Rubber Stamp) လွှတ်တော်တစ်ခုသာဖြစ်မည်ဟု အများကထင်ကြေးပေး ပြောဆိုကြသည်။ ထိုသို့ယူဆလောက်သည့် အခြေအနေများလည်း ဖြစ်ပေါ်ခဲ့သည်။ လွှတ်တော်အတွင်းတွင် တစ်ပါတီတည်းကသာ နေရာအများအပြား ရယူထားသည့်အတွက် လက်ညှိုးထောင် ခေါင်းညိတ်အဆင့် လွှတ်တော်တစ်ခုဖြစ်ရန် ဦးတည်နေသည်။ လွှတ်တော်အစည်းအဝေးများ စတင်ကျင်းပစက ၁၅ မိနစ်၊ မိနစ် ၃၀ ခန့်သာ ကျင်းပနိုင်ကြ၍ "၁၅ မိနစ်လွှတ်တော်"၊ "နာရီဝက်လွှတ်တော်"ဟူ၍လည်း ဝေဖန်မှုများပေါ်ပေါက်ခဲ့သည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ် နေရာအများစု ရယူထားသည့် ပါတီမှာလည်း အခြားမဟုတ်။ တပ်မတော်၏ပံ့ပိုးမှုနှင့် အချို့က ပူးတွဲရှုမြင်ထားကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဖြစ်သည်။ ထိုပါတီ၏ ခေါင်းဆောင်များ၊ လွှတ်တော်ကော်မတီများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တွင် နေရာယူထားသူများမှာ ယခင်နယကခေတ်က ထိပ်တန်းခေါင်းဆောင်များသာ ဖြစ်နေကြရာ စစ်အုပ်ချုပ်ရေးကို ပုံစံတစ်မျိုးဖြင့် သက်ဆိုးရှည်ရန် ဟန်ဆောင် ဒီမိုကရေစီပြောင်းလဲခြင်းဟု သုံးသပ်ကြခြင်းကြောင့်လည်း လက်ညှိုးထောင်ခေါင်းညိတ်လွှတ်တော်သာ ဖြစ်လိမ့်မည်ဟု အချို့က ဝေဖန်ခဲ့ကြခြင်းဖြစ်သည်။

ထိုအခြေအနေတွင် လွှတ်တော်ကို ဦးဆောင်ရသူများအနေဖြင့် ပြည်သူများက ပေးအပ်ထားသည့်တာဝန်ကို ကျေပွန်ရန်၊ ပြည်သူကိုမျက်နှာမူပြီး ပြည်သူ့အကျိုးကို အမှန်တကယ် ဖော်ဆောင်နိုင်သည့်လွှတ်တော်ဖြစ်ရန်အတွက် စဉ်းစားဆောင်ရွက်ခဲ့ကြသည်။ လွှတ်တော်ကို လွှတ်တော်နှင့်တူအောင် ကြိုးပမ်းခဲ့ကြသည်။ ပြည်သူနှင့် တိုင်းပြည်အကျိုးစီးပွားကိုသာလျှင်ကြည့်ပြီး ရဲရဲဝံ့ဝံ့ ဆောင်ရွက်ခဲ့ကြသည်။ လွှတ်တော်များ အားကောင်းခိုင်မာစေရန်အတွက် ဦးတည်ဆောင်ရွက်ခဲ့ကြသည်။ လွှတ်တော်များ စတင်ခဲ့သည့် အချိန်ကတည်းကပင် "နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွားအတွက်ဆိုလျှင် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူအစွဲတွေ ဘေးဖယ်ကာ ဆောင်ရွက်ကြမည်"ဆိုသည့် ရပ်တည်ချက်ကို ခိုင်မာစေခဲ့သည်။

> ❖ **မြန်မာနိုင်ငံတွင် ဒီမိုကရေစီလွှတ်တော်များ ပေါ်ပေါက်လာပြီး အားကောင်းခိုင်မာစေရန် အတွက်ဆိုပါက လွှတ်တော်ကို အထောက်အကူပြုနိုင်မည့်အဖွဲ့များ ဖွဲ့စည်းရန်လိုအပ်သည်ဟု လွှတ်တော်ဥက္ကဋ္ဌများ သဘောပေါက်လာသည့်အတွက် လွှတ်တော်များစတင်ပြီးနောက် ခြောက်လခန့်အကြာတွင် ကော်မရှင်တစ်ခုဖွဲ့စည်းရန် အကောင်အထည်ဖော် ကြိုးပမ်း**
>
> ❒ **ကော်မရှင်အား ဖွဲ့စည်းရာတွင် "ပြည်သူ့ဘဏ္ဍာ အကုန်အကျနည်းရမည်၊ အလုပ်ဖြစ်ရမည်၊ အဆောင်အယောင်ကို အဓိကမထားဘဲ အလုပ်ကို ထိရောက်မှန်ကန်စွာ လုပ်နိုင်ရမည်"ဟူသည်ကို အခြေခံမှုအဖြစ် သတ်မှတ်စဉ်းစားဆောင်ရွက်**

**ခိုင်မာတောင့်တင်းအောင် တည်ထောင်ရန် အားသွန်ကြိုးပမ်း**

လွှတ်တော်အားကောင်းခိုင်မာရေးအတွက် ကြိုးပမ်းကြရာတွင် အတွေ့အကြုံနှင့် အရည်အချင်းဖြည့်တင်းရန်ကိစ္စကို ဦးစွာကြိုးပမ်းခဲ့ကြသည်။ ထိုစဉ်က လွှတ်တော်ဥက္ကဋ္ဌများသည် လွှတ်တော်ကိစ္စများကို စိတ်ဝင်တစားရှိလှသည်။ ထို့ကြောင့်ပင် အချင်းချင်းတိုင်ပင်ညှိနှိုင်းပြီး လွှတ်တော်ကို အရည်အသွေးမြင့်မားအောင်၊ ခိုင်မာတောင့်တင်းအောင် တည်ထောင်ရန် အားသွန်ကြိုးပမ်းနိုင်ခဲ့ကြသည်။ အချင်းချင်းဆွေးနွေးညှိနှိုင်းခြင်း၊ ပြည်တွင်းပြည်ပမှ အတွေ့အကြုံ၊ အကြံဉာဏ်နှင့် အမြင်များ ဖလှယ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ တစ်နည်းအားဖြင့် ဆွေးနွေးခြင်း၊ နားထောင်ခြင်း၊ သင်ယူခြင်း၊ လေ့ကျင့်ခြင်းတို့ကို အားသွန်ဆောင်ရွက်ခဲ့ကြသည်။

သို့တိုင်အောင် မည်သို့ပင် စိတ်စေတနာကောင်းဖြင့် လေ့လာသင်ယူ ကြိုးပမ်းကြသည်ဖြစ်စေ ပထမအကြိမ် လွှတ်တော် သက်တမ်း၏ အစောပိုင်းကာလတွင် ထူးထူးခြားခြား တိုးတက်လာခြင်းမရှိသေးပါ။ မျှော်လင့်ထားသည့်အတိုင်း ဆောင်ရွက်နိုင်ရန်အတွက်ဆိုပါက လွှတ်တော်ကို အထောက်အကူပြုသည့်အဖွဲ့၊ အကြံပေးသည့်အဖွဲ့များ ဖွဲ့စည်းရန် လိုအပ်ကြောင်း လွှတ်တော်စတင်ပြီး ငါးလခန့်အကြာတွင် လွှတ်တော်ဥက္ကဋ္ဌများ စတင်သဘောပေါက်လာကြသည်ဟု သိရသည်။

ကမ္ဘာပေါ်ရှိ ထိပ်တန်းဒီမိုကရေစီလွှတ်တော်များကို လေ့လာကြည့်သည့်အခါ အမေရိကန်ရှိကွန်ဂရက်နှင့် ပြည်နယ်လွှတ်တော်များတွင် ပင်မတာဝန်ဖြစ်သော ဥပဒေပြုရေးလုပ်ငန်းအား အထောက်အကူပြုနိုင်ရန်အတွက် ဥပဒေကြမ်းရေးဆွဲသည့် အဖွဲ့များအဖြစ် ဥပဒေပြုအကြံပေးအဖွဲ့၊ အတိုင်ပင်ခံအဖွဲ့ (Legislative Counsel) များ ဖွဲ့စည်းတာဝန်ပေးထားသည်ကို တွေ့ရသည်။ ယင်းအဖွဲ့များကိုလွှတ်တော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဖွဲ့စည်းထားကြသည်။ ထို့အတူ လွှတ်တော်၏ အရေးကြီးတာဝန်တစ်ခုဖြစ်သော ဘတ်ဂျက်ခွဲဝေသတ်မှတ်ခြင်းလုပ်ငန်းတွင် အထောက်အကူပြုရန် ကွန်ဂရက်လွှတ်တော်ဘတ်ဂျက်ရုံး (Congressional Budget Office – CBO) အား ဖွဲ့စည်းထားသည်ကို တွေ့ရှိရသည်။

အလားတူ ဗြိတိသျှပါလီမန်စနစ်ဖြစ်သော Westminster စနစ်ကျင့်သုံးသည့် လွှတ်တော်များတွင် ဥပဒေကြမ်းများရေးဆွဲရန်အတွက် လွှတ်တော်ဆိုင်ရာ အကြံပေးအဖွဲ့၊ လွှတ်တော်ဆိုင်ရာ အတိုင်ပင်ခံအဖွဲ့ (Parliamentary Counsel) ဟုခေါ်သည့် အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည်ကို တွေ့ရှိရသည်။ ယင်းအဖွဲ့များကို Westminster စနစ်ကျင့်သုံးသည့် ဗြိတိသျှလွှတ်တော်၊ ဩစတြေးလျလွှတ်တော်၊ နယူးဇီလန်လွှတ်တော် စသည်ဖြင့် လွှတ်တော်များစွာတွင် တွေ့ရှိရပါသည်။

**လွှတ်တော်ကို အထောက်အကူပြုနိုင်ရန် ဆောင်ရွက်**

အိန္ဒိယနိုင်ငံတွင်မူ ဥပဒေနှင့်တရားရေးဝန်ကြီးဌာန (Ministry of Law and Justice)၏အောက်တွင် ဥပဒေပြုဆိုင်ရာဌာန (Legislative Department) ဟူ၍ ဌာနတစ်ခုကို ဖွဲ့စည်းထားပြီး ဥပဒေကြမ်းများကို ၎င်းဌာနအား ရေးဆွဲစေကာ လွှတ်တော်ကို အထောက်အကူပြုနိုင်ရန် ဆောင်ရွက်ထားသည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီလွှတ်တော်များ ပေါ်ပေါက်လာပြီး အားကောင်းခိုင်မာစေရန်အတွက်ဆိုပါက လွှတ်တော်ကို အထောက်အကူပြုနိုင်မည့် အဖွဲ့များ ဖွဲ့စည်းရန်လိုအပ်သည်ဟု လွှတ်တော်ဥက္ကဋ္ဌများ သဘောပေါက်လာသည့်အတွက် လွှတ်တော်များ စတင်ပြီးနောက် ခြောက်လခန့်အကြာတွင် ကော်မရှင်တစ်ခုဖွဲ့စည်းရန် အကောင်အထည်ဖော် ကြိုးပမ်းကြသည်ဟု သိရသည်။ ကော်မရှင်တွင် ထည့်သွင်းဖွဲ့စည်းမည့် ပညာရှင်များအားရှာဖွေခြင်း၊ ၎င်းတို့၏ ဆန္ဒသဘောထားများ စုံစမ်းမေးမြန်းခြင်းနှင့် အခြားသောညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင် အချိန်သုံးလခန့် ထပ်မံကြာသွားပြီး စုစုပေါင်း ကိုးလကျော်ခန့်အကြာတွင်မှသာ **"ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်"**ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ဖွဲ့စည်းနိုင်ခဲ့ကြသည်။ ကော်မရှင်အား ဖွဲ့စည်းရာတွင် **"ပြည်သူ့ဘဏ္ဍာ အကုန်အကျနည်းရမည်၊ အလုပ်ဖြစ်ရမည်၊ အဆောင်အယောင်ကို အဓိကမထားဘဲ အလုပ်ကို ထိရောက်မှန်ကန်စွာ လုပ်နိုင်ရမည်"**ဟူသည်ကို အခြေခံမှုအဖြစ် သတ်မှတ်စဉ်းစားဆောင်ရွက်သည်ဟုလည်း သိရသည်။ အလားတူ အမျိုးသားလွှတ်တော်တွင်လည်း ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် **"ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်"**ဆိုသည့်အမည်ဖြင့် ကော်မရှင်တစ်ခု ဖွဲ့စည်းခဲ့ကြသည်။ ယင်းနောက် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် အဆိုပါကော်မရှင်ကို **"နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်"**ဟူ၍ အမည်ပြောင်းလဲခဲ့သည်ကိုလည်း သတိပြုမိသည်။

**အတွေ့အကြုံရင့်ကျက်သည့် ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း**

ကော်မရှင်ဖွဲ့စည်းရာတွင် အုပ်ချုပ်ရေးအတွေ့အကြုံရှိသည့် ဝန်ထမ်းဟောင်းကြီးများ၊ လုပ်ငန်းဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင် လွှတ်တော်ကိုယ်စားလှယ်များ၊ တရားရေးဌာနမှ ဝန်ထမ်းဟောင်းကြီးများ၊ တရားသူကြီးဟောင်းများ၊ စစ်ဥပဒေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်ကြသည့် တပ်မတော်အရာရှိများ၊ ရှေ့နေချုပ်ရုံးတွင် နှစ်ပေါင်းများစွာ ဥပဒေမူကြမ်းရေးဆွဲလာကြသည့် ဥပဒေပညာရှင်ဝန်ထမ်းဟောင်းများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ရှေ့နေများ၊ သံတမန်ဟောင်းများ၊ စာရင်းစစ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ အိုင်စီတီပညာရှင်များ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍမှ ပညာရှင်များ၊ လုံခြုံရေး၊ ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အတွေ့အကြုံရှိသည့် တပ်မတော်နှင့် နယ်ဘက်ဝန်ထမ်းဟောင်းများ စသည်ဖြင့် ကဏ္ဍစုံမှ အတွေ့အကြုံရင့်ကျက်သည့် ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်းခဲ့ကြသည်။

**ဥပဒေပေါင်း ၂၃၂ ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့**

ကော်မရှင်ဖွဲ့စည်းရာတွင် အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ဥပဒေကြမ်းရေးဆွဲခြင်းနှင့် ဥပဒေဆိုင်ရာကိစ္စရပ်များကို အကြံပြုပေးနိုင်ရန်အတွက်ကိုသာ စတင်စဉ်းစားခဲ့သော်လည်း ဥပဒေရေးရာကဏ္ဍအပြင် အခြားသောမဏ္ဍိုင်များကို ထိန်းကျောင်းသည့် လုပ်ငန်းနှင့် ပြည်သူလူထုကို ကိုယ်စားပြုသည့် လုပ်ငန်းများတွင်လည်း အထောက်အကူပြုရန်အတွက် အထူးကိစ္စရပ်ဟူသော ခေါင်းစဉ်ဖြင့် အကြံပြုပေးနိုင်ရန် စဉ်းစားဖွဲ့စည်းခဲ့ကြသည်ဟု ဆိုပါသည်။ကော်မရှင်၏ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား တာဝန်ပေး ဦးဆောင်စေခဲ့သည်။ ထိုစဉ်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်သူ သူရဦးရွှေမန်းသည်လည်း ကော်မရှင်အဖွဲ့များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီး အကြံဉာဏ်များ ရယူဆောင်ရွက်လေ့ရှိသည်။ ကော်မရှင်အဖွဲ့ဝင်အများစုမှာ ရန်ကုန်မြို့တွင် အခြေပြုသည့် ပညာရှင်များဖြစ်ကြရာ အချို့သောကိစ္စရပ်များတွင် ရန်ကုန်ရှိအဖွဲ့ဝင်များအနေဖြင့် နေပြည်တော်သို့ လာရောက်ရန်မလိုသည့်အချိန်၌ ရန်ကုန်မှာပင် စုဖွဲ့အလုပ်လုပ်နိုင်ရန် ရုံးခွဲတစ်ခုစီစဉ်ရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ၎င်းပိုင်အဆောက်အအုံတစ်ခုတွင် ကော်မရှင်ရန်ကုန်ရုံးခွဲ ဖွင့်လှစ်ခွင့်ပြုခဲ့သည်။ ထို့နောက်တွင် လက်ရှိအင်းယားလမ်း လွှတ်တော်ရုံးခွဲနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ကြသည်။ ကော်မရှင်ပေါ်ပေါက်လာသည့်အတွက် ပထမအကြိမ် လွှတ်တော်တွင် ဥပဒေပေါင်း ၂၃၂ ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကြသည်။ ထို့အတူ ဥပဒေရေးရာ ကိစ္စရပ်များအပြင် အခြားသော မဏ္ဍိုင်များကို ထိန်းကျောင်းခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကိစ္စရပ်များကို လွှတ်တော်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်သည်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့်သဘော ရှိပေသည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ကော်မရှင်ကို ဦးဆောင်ဖွဲ့စည်းပေးခဲ့သည့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဟောင်း သူရဦးရွှေမန်းသည် ကော်မရှင်အဖွဲ့ဝင်များ၏ ပညာနှင့်သမ္မာကို ကောင်းစွာသိရှိထားသည်ဟု ဆိုနိုင်သည်။ ကော်မရှင်၏ တန်ဖိုးကိုလည်း ကောင်းစွာနားလည်သည်ဟု ဆိုရမည်ဖြစ်သည်။ ကော်မရှင်၏ အကြံဉာဏ်များကို ကောင်းစွာရယူ ဆောင်ရွက်နိုင်သဖြင့် လွှတ်တော်၏ လုပ်ငန်းများသည် ပိုမိုတိုးတက်ကောင်းမွန်လာသည်ကို သတိပြုမိခဲ့သည်။ လွှတ်တော်ဥက္ကဋ္ဌဟောင်း သူရဦးရွှေမန်းသည်လည်း အလျဉ်းသင့်သလို ကော်မရှင်၏ ဆောင်ရွက်ချက်များကို လွှတ်တော်သို့ ရှင်းလင်းတင်ပြတတ်သည်ကိုလည်း မှတ်မိနေပါသည်။ ထိုကော်မရှင်၏ အထောက်အကူကောင်းများ ရရှိသဖြင့် ပထမအကြိမ်လွှတ်တော်ကို ကာလတိုအတွင်း အားကောင်းမောင်းသန်ဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်တွင်း ပြည်ပ၏ အသိအမှတ်ပြုမှုများ ခံခဲ့ရခြင်း ဆိုရမည်သာဖြစ်သည်။

**ထိရောက်အောင်မြင်**

ဒုတိယအကြိမ် လွှတ်တော်များ စတင်သည့်အချိန်တွင် ယခင်အမည် ရှိပြီးဖြစ်သည့် **"ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်"** ကို မူလအမည်အတိုင်းပင် ပြန်လည်ဖွဲ့စည်းပြီး ယင်းကော်မရှင်ကို စတင်ဖွဲ့စည်းပေးခဲ့သူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း သူရဦးရွှေမန်းကိုပင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပေးရန် ကမ်းလှမ်းခဲ့ကြသည်။ ထိုကမ်းလှမ်းချက်ကို လက်ခံသဘောတူခဲ့သည့်အတွက် ဒုတိယအကြိမ် လွှတ်တော်များစတင်ပြီး မရှေးမနှောင်းမှာပင် အထူးကော်မရှင်ကိုပြန်လည်ဖွဲ့စည်းနိုင်ကြသည်ဟု သိရသည်။ အသစ်ဖွဲ့စည်းရာတွင် ယခင်ကော်မရှင်ကာလက ပါဝင်ခဲ့ကြသူများ၊ ပထမအကြိမ် လွှတ်တော်မှ ကိုယ်စားလှယ်ဟောင်းများ၊ ပြည်ခိုင်ဖြိုးပါတီဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြင်ပမှပညာရှင်များ ပါဝင်သည်ကို သတိပြုမိသည်။ ပထမဦးစွာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ ယင်းကော်မရှင်ကို စတင်ဖွဲ့စည်းကြခြင်းဖြစ်သည်။ ယင်းနောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်လုံးနှင့်ဆိုင်သည့် ပြည်ထောင်စုလွှတ်တော်၏ ကော်မရှင်အဖြစ် ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ပြောင်းလဲဖွဲ့စည်းခဲ့ကြသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း သူရဦးရွှေမန်းက ကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့်အတွက် ယခင်လွှတ်တော်၏ အားနည်းချက်၊ အားသာချက်နှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ကောင်းစွာသိရှိပြီးဖြစ်၍ ကော်မရှင်သည် ကာလတိုအတွင်း ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်ကိုလည်း သတိပြုမိသည်။

နိုင်ငံတော်၏ အဓိကတာဝန်ရှိသူတစ်ဦးကလည်း ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို နိုင်ငံ၏ သုတေသနအဖွဲ့၊ အကြံပေးအဖွဲ့အဖြစ် အသိအမှတ်ပြုကြောင်းနှင့် ပေးအပ်ထားသောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ကော်မရှင်အမည်ကိုလည်း "အထူးကော်မရှင်"ဟူ၍ ခေါ်မည်ဟု ပြောကြားခဲ့သည်ကို ကြားသိရသည်။ များမကြာမီတွင် ပြည်သူများအကြား၌ ဤကော်မရှင်ကို "အထူးကော်မရှင်"ဟူ၍ လူသိများလာခဲ့သည်။

**လိုက်လျောညီထွေရှိ**

၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၇) ကို ထုတ်ပြန်ကာ ကော်မရှင်၏လုပ်ငန်းတာဝန်များကို ပြင်ဆင်သတ်မှတ်ပေးရာ အထူးကော်မရှင်၏ လက်ရှိတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တည်ဆဲဥပဒေများအား လေ့လာဆန်းစစ်သုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်နှင့် အသစ်ပြဋ္ဌာန်းရန်သင့်သော ဥပဒေများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) ခေတ်ကာလ အခြေအနေနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကိုဖြစ်ထွန်းစေမည့် ဥပဒေကြမ်းများကို ရေးဆွဲပြုစု၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ဂ) အထူးကိစ္စရပ်များပေါ်ပေါက်လာပါက ၎င်းကိစ္စရပ်များအပေါ် ဥပဒေအမြင်နှိုင်းယှဉ်၍ လေ့လာဆန်းစစ်သုံးသပ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

(ဃ) ဥပဒေကြမ်းရေးဆွဲခြင်းအတွက် ပြည်ထောင်စုလွှတ်တော်၏ တာဝန်ပေးချက်အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရမည်။

(င) နာယက က သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။

(စ) နာယကက ကဏ္ဍအလိုက် သီးခြားသတ်မှတ်ပေးသည့် အထူးကိစ္စရပ်များအတွက် ကော်မရှင်အတွင်း တာဝန်ခွဲဝေသတ်မှတ် ဆောင်ရွက်ရမည်။

(ဆ) နာယက က လုပ်ငန်းလိုအပ်ချက်အရ အကြံဉာဏ်တောင်းခံသည့်အခါ အကြံပြုချက်များပေးရမည် ဟူ၍ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်က ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာပါ ကော်မရှင်၏ တာဝန်များသည် ယေဘုယျဆန်သော အသုံးအနှုန်းများပါရှိသဖြင့် အဓိပ္ပာယ်ကောက်ယူမှု မလွဲမှားစေရန် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် အမိန့်ကြော်ငြာစာတွင် ပြင်ဆင်ထားခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။

**လွှတ်တော်ကို အကြံပြုဆောင်ရွက်နေ**

ပြီးခဲ့သည့် ၂နှစ်တာကာလအတွင်းတွင် ကော်မရှင်သည် ဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နေ့စဉ်ဆိုသလို တွေ့ဆုံ၍ ဆွေးနွေးပွဲများ ပြုလုပ်သည်ကိုလည်း တွေ့မြင်ကြားသိရသည်။ ဥပဒေအားလုံးကို နိုင်ငံအတွင်း တညီတညွတ်တည်း အာဏာတည်ကြောင်းကိုလည်း အတည်ပြုဖော်ထုတ်ခဲ့သည်။ အထူးကိစ္စရပ်များစွာကိုလည်း စိစစ်အဖြေရှာခဲ့ကြသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသို့ သွားရောက်ကာ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ကြသည်ဟုလည်း ကြားသိရသည်။ ကော်မရှင်သည် Think Tank တစ်ခုပမာ လွှတ်တော်ကို အကြံပြုဆောင်ရွက်နေသည်ဟုလည်း သိရှိရသည်။ နိုင်ငံတကာမှ သံတမန်များ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့်လည်း မကြာခဏဆိုသလို တွေ့ဆုံ၍ အမြင်ချင်းဖလှယ်ကြသည့် သတင်းများ ဖတ်ရှုရသည်။ ဤသည်တို့နှင့် စာရေးသူမဖော်ပြနိုင်ခဲ့သော အခြားကိစ္စရပ်များကို လေ့လာသုံးသပ်ပါက အထူးကော်မရှင်သည် ၂နှစ်တာကာလအတွင်းတွင် ထိုက်သင့်သည့် စွမ်းဆောင်မှုများဖြင့် လွှတ်တော်ကို သော်လည်းကောင်း၊ နိုင်ငံကိုသော်လည်းကောင်း၊ ပြည်သူများကိုသော်လည်းကောင်း အကျိုးပြုနိုင်ခဲ့သည်မှာ ထင်ရှားလှပေသည်။

"ကော်မရှင်သည် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့်အတိုင်း ဥပဒေမူကြမ်းများကို သက်ဆိုင်ရာတို့နှင့် ပူးပေါင်းညှိနှိုင်း ရေးဆွဲပြုစုကာ လွှတ်တော်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများကို အကြံပြုပေးရသည့်တာဝန်ကို ယူထားသည်။ "ဥပဒေမူကြမ်းရေးဆွဲအကြံပြုခြင်း"သည် "ဥပဒေပြုခြင်းမဟုတ်" သည်ကိုလည်း ပြည်သူများသတိပြုနိုင်ရန် ထောက်ပြလိုသည်။ အလားတူ အထူးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပြည်သူများက အကြောင်းကြားပြောဆိုလာသည်များကို ဥပဒေရှုထောင့်မှ စိစစ်သုံးသပ်ကာ တင်ပြခြင်းသည်လည်း အကြံပြုခြင်း အဆင့်သာရှိပြီး အဆုံးအဖြတ်ပေးသည့် အဆင့်မဟုတ်သည်မှာလည်း ထင်ရှား"

ဥပဒေမူကြမ်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲကာ အကြံပြုတင်ပြခြင်း၊ အထူးကိစ္စရပ်များကို လေ့လာဆန်းစစ်သုံးသပ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များထံ အကြံပြုတင်ပြဆောင်ရွက်ခြင်းတို့သည် တရားနည်းလမ်းကျမကျနှင့် ဥပဒေနှင့် ညီမညီဆိုသည်မှာ အထူးပြောရန်လိုမည် မထင်ပါ။ အဘယ်ကြောင့်ဆိုပါမူ အထူးကော်မရှင်သည် လေ့လာဆန်းစစ် သုံးသပ်မှုများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် ဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နစ်နာမှုများနှင့် အခက်အခဲကို အကြောင်းကြား တင်ပြလာသူများ၊ ဥပဒေပညာရှင်များ စုံညီစွာတက်ရောက်ပြီး အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြပြီးမှ တွေ့ရှိချက်များကို ဥပဒေအမြင်နှင့်ယှဉ်၍ အကြံပြုနေခြင်းက သက်သေတစ်ခုဖြစ်ပေသည်။

**ဥပဒေရှုထောင့်မှ သုံးသပ်**

တာဝန်သတ်မှတ်ချက်များနှင့် လုပ်ဆောင်ချက်များကို ကြည့်ခြင်းအားဖြင့်လည်း ကော်မရှင်သည် အဆုံးအဖြတ်ပေးသည့်အဖွဲ့ (Decision Maker)၊ မူဝါဒချမှတ်သောအဖွဲ့ (Policy Maker) မဟုတ်မူဘဲ သက်ဆိုင်ရာသို့ အကြံပြုတင်ပြသော အဖွဲ့ဖြစ်ကြောင်း ထင်ရှားလှသည်။ ကော်မရှင်သည် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့်အတိုင်း ဥပဒေမူကြမ်းများကို သက်ဆိုင်ရာတို့နှင့် ပူးပေါင်းညှိနှိုင်း ရေးဆွဲပြုစုကာ လွှတ်တော်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများကို အကြံပြုပေးရသည့် တာဝန်ကို ယူထားသည်။ "ဥပဒေမူကြမ်းရေးဆွဲအကြံပြုခြင်း"သည် "ဥပဒေပြုခြင်းမဟုတ်" သည်ကိုလည်း ပြည်သူများသတိပြုနိုင်ရန် ထောက်ပြလိုသည်။ အလားတူ အထူးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပြည်သူများက အကြောင်းကြား ပြောဆိုလာသည်များကို ဥပဒေရှုထောင့်မှ စိစစ်သုံးသပ်ကာ တင်ပြခြင်းသည်လည်း အကြံပြုခြင်းအဆင့်သာရှိပြီး အဆုံးအဖြတ်ပေးသည့် အဆင့်မဟုတ်သည်မှာလည်း ထင်ရှားလှပေသည်။

တစ်ဖက်တွင်လည်း အထူးကော်မရှင်တွင်မည်သည့် တာဝန်များရှိသည်၊ မည်သို့လုပ်ကိုင်နေသည်၊ မည်သူ့အတွက် လုပ်နေသည်ဆိုသည်ကို စိစစ်စမ်းသပ်မှုခံနိုင်ရမည်။ ပွင့်လင်းမြင်သာပြီး တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ရမည်ဟုလည်း ဆိုချင်သည်။ ထိုအတိုင်းပင် ဆောင်ရွက်နေသည်ဟုလည်း ယုံကြည်သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍတို့တွင် အတွေ့အကြုံရှိထားသူများနှင့် ဖွဲ့စည်းထားသော ကော်မရှင်သည် ဘာတွေလုပ်နေသည်ကို စောင့်ကြည့်လေ့လာကြပြီး လွှတ်တော်နှင့် နိုင်ငံတည်ဆောက်ရေးကို အထောက်အကူပေးနေသည့် ကော်မရှင်ကို အများနည်းတူ မိမိအမြင်သဘောထားများကို အကြံပြုပေးသွားမည်ဟူ၍လည်း စာရေးသူအနေဖြင့် ပြင်ဆင်ထားပါကြောင်း ဖော်ပြရေးသားအပ်ပါသည်။ ။

---

***ပြည်သူ့လွှတ်တော်အစည်းအဝေးမှ***

ကတ္တရာလမ်းအဖြစ် နှစ်အလိုက်၊ အပိုင်းအလိုက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ **တမူးမြို့နှင့် ဟုမ္မလင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီးအား ရာသီမရွေး သွားလာနိုင်ရန် နန့်အယား ချောင်းကူးတံတားအား မည်သို့ စီမံဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နန့်အယားချောင်းသည် မိုးတွင်းကာလ တောင်ကျရေ စီးဆင်းမှုများ ရှိသည့်အတွက် ယာဉ်များသည် တောင်ကျရေ အခြေအနေကို စောင့်ဆိုင်း၍ သွားလာရပါကြောင်း၊ နွေ၊ မိုး၊ ဆောင်း ရေအမြဲစီးဆင်းနေသော ချောင်းဖြစ်သဖြင့် ရာသီမရွေး သွားလာနိုင်ရေးအတွက် ၁၅၂ မီတာအရှည် နှစ်လမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်၏ **ညောင်တုန်းမြို့နယ်အပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၏ လမ်းနယ်နိမိတ်များကို မူလလမ်းနှင့် သတ်မှတ်ချက် ပေ ၃၀၀ မှ ပေ ၁၅၀ လျှော့ချခြင်းကြောင့် ဖြစ်ပေါ်လာသော မြေလွတ် မြေလပ်များအား မည်သို့စီမံဆောင်ရွက်ထားသည်ကိုသိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လမ်းနယ်နိမိတ် ပြင်ဆင်သတ်မှတ်မှုများကြောင့် ဖြစ်ပေါ်လာသော မြေယာကိစ္စများနှင့် စပ်လျဉ်းပြီး ယခင်သိမ်းယူခဲ့စဉ်ကာလက မြေယာလျော်ကြေးပေးချေခဲ့ခြင်း ရှိ၊ မရှိကို ပြန်လည်စိစစ်လျက်ရှိပါကြောင်း၊ လျော်ကြေးပေးချေ၍ သိမ်းဆည်းခဲ့ခြင်းဖြစ်ပါက နိုင်ငံတော်သို့ ပြန်လည်အပ်နှံနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး လျော်ကြေးပေးချေခဲ့ခြင်း မရှိပါက မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ယင်းနောက် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က **"၂၀၁၇ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ထုတ် သတင်းစာတွင် ဖော်ပြခဲ့သော နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေး ကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ် မောင်တောဒေသလုံခြုံရေးအခြေအနေ ထုတ်ပြန်ချက်ပါအချက်နှင့် ပတ်သက်၍ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခွင့် ပြုခဲ့သည် ဆိုသည့် ကျောက်ဖြူ၊ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည် စခန်းသုံးခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းကြရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသိပေးကြေညာထားသည်။

**ကျော်သူထက်(သတင်းစဉ်)**

---

***အမျိုးသားလွှတ်တော်အစည်းအဝေးမှ***

ပြုကြောင်းဆိုသည့် စကားရပ်နှင့် ပြုသူကို ထောင်ဒဏ်၊ ငွေဒဏ် ချမှတ်နိုင်သည်ဆိုသည့် စကားများသည် ဝိရောဓိဖြစ်ပြီး ယုတ္တိမကိုက်ဖြစ်နေသောကြောင့် ပယ်ဖျက်သင့်ပါကြောင်း၊ ငြိမ်းချမ်းစွာဟု ပါသော်လည်း ငြိမ်းချမ်းစွာလုပ်သည့်သူကို ပြစ်ဒဏ်ပေးသကဲ့သို့ ဖြစ်နေပါကြောင်း။

ပုဒ်မ(၁၈)သည် ပုဒ်မ(၄)ကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၃၅၄)ပါ ပြည်သူ့အခွင့်အရေးကို ပိတ်ပင်ထားပြီး The Universal Declaration of Human Rights Article 19 တွင်ပါရှိသည့် Freedom of Experssion တွင် အနှောင့်အယှက်မရှိဘဲ မိမိ၏အမြင်ကို တင်ပြခွင့်နှင့် ဆက်သွယ်လုပ်ဆောင်ခွင့်များကို ဟန့်တားနေသည့်အတွက် ဖြုတ်သင့်ပါကြောင်း ထည့်သွင်းဆွေးနွေးသည်။

**ထည့်သွင်းဆွေးနွေး**

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးက ပုဒ်မ ၁၈ တွင် ပျက်ပြားစေရန် အကြံဖြင့်ဖြစ်စေ၊ ထိုသို့ ပျက်ပြားတန်ရာသော အခြေအနေဖြစ်နိုင်ကြောင်း သိလျက်နှင့်ဖြစ်စေ အစား ပျက်ပြားတန်ရာသည်ကို သိလျက်နှင့် ဖြစ်စေဟု လည်းကောင်း၊ ငွေဆိုသည့်နေရာတွင်လည်း ငွေကြေးဟုလည်းကောင်း ပြင်ဆင်လိုပါကြောင်း၊ ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်အစား နှစ်နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုးဟု ပြင်ဆင်လိုပါကြောင်း၊ ပုဒ်မ ၄ တွင် မိမိသဘောဆန္ဒကို ဆိုသည့်အစား မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုဟု လည်းကောင်း၊ ပုဒ်မ(၄) (ဃ)တွင် ကုန်ကျစရိတ်ဆိုသည့်အစား ယင်းစရိတ်ကို ဟုလည်းကောင်း ပြင်ဆင်လိုပါကြောင်း၊ ပုဒ်မ ၂၂ ကို ပယ်ဖျက်လိုပါကြောင်း ထည့်သွင်းဆွေးနွေးသည်။

ဆက်လက်၍ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦးတို့က ဆွေးနွေးကြသည်။

**အဆိုတင်သွင်း**

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အဆိုတင်သွင်းသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးသန်းလွင်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၅ ရက် မြောက်နေ့ကို မတ် ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှုများ . . .

**စစ်တွေ မတ် ၅**
တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်၌ စာစစ်ဌာန ၁၂၂ ခု ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူ လေးသောင်းကျော် ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ၏ ကြိုတင်ပြင်ဆင်ထားမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများထံမှ ယခုလို ကြားသိရသည်။


ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုး

**လုံခြုံရေးဆောင်ရွက်မှု**

"ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့အနေနဲ့ကတော့ ရခိုင်ပြည်နယ်တစ်ဝန်းလုံးမှာ တက္ကသိုလ်ဝင်စာမေးပွဲကို အေးချမ်းသာယာစွာနဲ့ အောင်မြင်စွာဖြေဆိုနိုင်ရေးကို ဆယ်တန်းစာမေးပွဲလုံခြုံရေး အပိုင်းလေးပိုင်းခွဲပြီး ဆောင်ရွက်ပါတယ်၊ မေးခွန်းနဲ့ အဖြေလွှာတွေ သယ်ပို့စဉ် လုံခြုံရေး၊ မေးခွန်းလွှာတွေကို နေပြည်တော်နဲ့ ရန်ကုန်မြို့တို့က သွားသယ်တာရှိပါတယ်၊ ပြည်နယ်ကနေ သက်ဆိုင်ရာမြို့နယ်တွေကို ဖြန့်ဝေပေးပါတယ်၊ ဒီလိုဆောင်ရွက်တဲ့ အခါမှာလည်း ရဲတပ်ဖွဲ့အနေနဲ့ လုံခြုံရေးဆောင်ရွက်ပေးပါတယ်။

"ဖြေဆိုပြီးလို့ရှိရင် အဖြေလွှာတွေကို သက်ဆိုင်ရာက သတ်မှတ်ထားတဲ့ နေရာတွေကို ပြန်ပို့ရင်လည်း ရဲတပ်ဖွဲ့က အနီးကပ်လုံခြုံရေးဆောင်ရွက်ပေးသွားမှာပါ၊ ဒါ့အပြင် မေးခွန်းနဲ့ အဖြေလွှာတွေကို ရဲစခန်းအသီးသီးမှာရှိတဲ့ ငွေတိုက်ခန်းတွေမှာ ထိန်းသိမ်းပြီး လုံခြုံရေးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

"စာမေးပွဲ ဖြေဆိုနေစဉ်ကာလမှာလည်း စာဖြေဌာနအသီးသီးရဲ့လုံခြုံရေးကို စည်း သုံးစည်းနဲ့ ဆောင်ရွက်ပေးသွားမှာပါ၊ တစ်ခါ အရေးပေါ်လုံခြုံရေးဆိုရင်လည်း အသင့်ဖွဲ့စည်းထားပါတယ်၊ ဥပမာ- စာမေးပွဲဖြေဆိုနေစဉ်မှာ ရုတ်တရက်ဆူပူအကြမ်းဖက်မှုနဲ့ မီးလန့်တာတွေကို ဖြေရှင်းဆောင်ရွက်ဖို့အတွက် အရေးပေါ်လုံခြုံရေးကို အသင့်ချထားပေးပါတယ်၊ ရဲတပ်ဖွဲ့ဝင်အင်အား ၁၇၀၀ ကျော်နဲ့ လုံခြုံရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

"လာမယ့် မတ်လ ၇ ရက်နေ့ကနေ ၁၆ ရက်နေ့အထိ စာမေးပွဲဖြေဆိုနေစဉ်အတွင်းနဲ့ မဖြေဆိုမီ တစ်ပတ်အလိုကနေစပြီးတော့မှ ရပ်ရွာအေးချမ်းသာယာရေးအတွက် လှည့်ကင်းတွေ၊ ရပ်ကင်းတွေ၊ ပိတ်ဆို့ရှာဖွေတာတွေ ဒါတွေ ဆောင်ရွက်ပါတယ်၊ နောက်ပြီး အသံချဲ့စက်တွေ မဖွင့်ဖို့၊ နှောင့်ယှက်ဆူညံသံတွေ မဖြစ်စေဖို့အတွက် တားမြစ်ပိတ်ပင်ထားတာတွေလည်း ရှိပါတယ်၊ နောက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနဲ့ ပူးပေါင်းညှိနှိုင်းပြီးတော့လည်း ပွဲမိန့်ပေးတဲ့ကိစ္စတွေကိုလည်း စာမေးပွဲဖြေဆိုနေတဲ့ ကာလအတွင်းမှာ မလိုလားအပ်တဲ့ ဇာတ်ပွဲတွေ၊ အငြိမ့်ပွဲတွေကြောင့် ကလေးတွေ စာကျက်တာ၊ စာမေးပွဲဖြေတာတွေ အနှောင့်အယှက်မဖြစ်စေဖို့အတွက် ဒါတွေကိုလည်း စီမံဆောင်ရွက်ထားရှိပါတယ်"ဟု ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုးက ပြောသည်။

**ကျန်းမာရေးစောင့်ရှောက်မှု**

"ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ စာစစ်ဌာနတိုင်းမှာ ဌာနအနေနဲ့ ဆေးအဖွဲ့တစ်ဖွဲ့စီကို တာဝန်ချထားပေးပါတယ်၊ တာဝန်ကျဝန်ထမ်းတွေက ဆေးဝါးပစ္စည်းအစုံအလင်နဲ့ စာမေးပွဲဖြေဆိုချိန်တစ်လျှောက်လုံး တာဝန်ယူစောင့်ရှောက်သွားမှာပါ၊ လတ်တလော နေမကောင်းဖြစ်လို့ ဆေးရုံကို လွှဲပြောင်းတက်ရောက်ကုသဖို့ လိုအပ်တယ်ဆိုရင်လည်း လူနာတင်ယာဉ်တွေကို အဆင့်သင့်ပြင်ဆင်ထားပါတယ်၊ ဒါ့အပြင် စာမေးပွဲဖြေခါနီး လတ်တလောနာမကျန်းဖြစ်တဲ့ ကျောင်းသား ကျောင်းသူတွေကို ဆေးရုံမှာ ဖြေဆိုနိုင်ဖို့အတွက် ပြည်နယ်အတွင်းက ဆေးရုံတိုင်းမှာ သီးသန့်အခန်းတစ်ခန်းကိုလည်း ကြိုတင်ပြင်ဆင်ထားပါတယ်၊ လတ်တလော နေမကောင်းဖြစ်တဲ့ ကျောင်းသား ကျောင်းသူတွေ ဆေးရုံကို လွှဲပြောင်းရောက်ရှိလာရင်လည်း စာစစ်ဌာနက တာဝန်ရှိသူတွေ လိုက်ပါပြီး ဆေးရုံစာဖြေဌာန ချက်ချင်းဖွင့်လှစ်ကာ သက်ဆိုင်ရာ တာဝန်ကျ ကျန်းမာရေးဝန်ထမ်းတွေက ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ဖို့ စီစဉ်ထားပါတယ်၊ စာမေးပွဲမတိုင်မီကတည်းက ဆေးရုံတက်ရောက်ကုသနေတဲ့ ကျောင်းသား ကျောင်းသူတွေ စာမေးပွဲကိုဆေးရုံအတွင်း ဖြေဆိုနိုင်ဖို့အတွက်လည်း သက်ဆိုင်ရာ တာဝန်ကျဆရာဝန်နဲ့ စာစစ်ဌာနမှူးတွေ ညှိနှိုင်းပြီး ဆေးရုံစာဖြေဌာနကို ကြိုတင်စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ပြည်နယ်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာကြည်လွင်က ပြောသည်။


စစ်တွေမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု**

"တက္ကသိုလ်ဝင်တန်း စားမေးပွဲဖြေဆိုနေစဉ်အတွင်းမှာ ကျွန်တော်တို့က လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိဖို့အတွက် ဌာနက လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းတွေကို တာဝန်ချထားပေးပါတယ်၊ မီးပျက်လို့ရှိရင် ချက်ချင်းမီးပေးနိုင်အောင် နောက်ပြီး အရေးကြီးတဲ့ စာစစ်ဌာနတွေဆိုရင် အရန်မီးစက်တွေ ချပေးထားပါတယ်၊ အရန်မီးစက်ကတော့ စာစစ်ဌာနတိုင်း မချပေးနိုင်ဘူး၊ အရေးပေါ်ရှိနိုင်တဲ့နေရာတွေဆိုရင် အရန်မီးစက် ချထားပေးပါတယ်၊ စာမေးပွဲကျင်းပမယ့် ကာလအတွင်းမှာ လျှပ်စစ်ဓာတ်အား ပျက်တောက်မှုမရှိအောင်လည်း ကြိုတင်စီစဉ်ထားပါတယ်"ဟု ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကြီးဇေယျာက ပြောသည်။ **တင်ထွန်း(ပြန်ဆက်)**
**ဟန်လင်းနိုင်(စစ်တွေ)**

## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၅**
မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ခြံပြင်(တိုင်းရင်းသား) ကျေးရွာတွင် နွား ၂၄ ကောင်အား ပေါင်ပုပ်လက်ပုပ် ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ဆိတ် ၁၅ ကောင်အား အားဆေးထိုးနှံခြင်းနှင့် ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း(တိုင်းရင်းသား) ကျေးရွာတွင် နွား ၁၉ ကောင်အား လည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ဆိတ် ၁၂ ကောင်အား ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ထို့အပြင် ပန်းတောပြင်၊ ခုံတိုင်နှင့် ငါးခူရ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် နွား ၅၀၁ ကောင်နှင့် ဆိတ် ၈၄၇ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**စစ်တွေ မတ် ၅**
ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် နန်းကျားကျေးရွာတွင် မတ် ၂ ရက်က ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်ကြောင့် မီးဘေးသင့်ပြည်သူများအား မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နန်းမိုးနွယ်နှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲ ၁ နာရီက ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။



အဆိုပါ မီးဘေးသင့်အိမ်ခြေ နှစ်စု အိမ်ထောင်စု နှစ်စုမှ လူဦးရေ ခုနစ်ဦးအတွက် မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး အိမ်ဆောက်ပစ္စည်းနှင့် ဆန်းရိက္ခာ ခုနစ်ရက်စာဖိုး အပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၄၁၄၇၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မီးဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် မတ် ၅**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည့် သန်းမြင့်သန်း (ကွမ်းခြံကုန်း)၏ "ဘူးထောက်မှန်ခံနိုင်ရိုးလားနှင့် အခြားဝတ္ထုတိုများ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတို ၁၄ ပုဒ် ပါဝင်ပြီး ပင်လယ်ဝတိုးမြစ်ကမ်းဘေးရှိ ရွာများမှ တံငါမိသားစုများ၏ မြစ်ရိုး၊ ချောင်းရိုးတစ်လျှောက် လူမှုဘဝနှင့် စရိုက်များကို ပီပီပြင်ပြင်ရေးဖွဲ့ထားသည့်အပြင် နောက်ခံဒေသကိုလည်း အဖွဲ့အနွဲ့ပြောင်မြောက်စွာ ပုံဖော်ရေးဖွဲ့ထားသည်။ ထို့ပြင် ငါးဖမ်းကိရိယာအမျိုးမျိုးနှင့်ငါးဖမ်းနည်းအမျိုးမျိုးတို့ကို ဇာတ်လမ်းဇာတ်ကွက်များဖြင့် အချိုးကျကျ ရသမြောက်အောင် ထည့်သွင်းရေးဖွဲ့ထားသည်မှာ ဆွဲဆောင်မှုရှိလှသည့်အတွက် စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။




အဆိုပါစာအုပ်ကို ရောင်းဈေး ၈၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၁ ၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇ -၃၄၁၄၆၈၁)၊ ၆၆လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၃၀၁၈၆) နှင့် အမြို့မြို့ ရှိစာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊၀၁-၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မိတ္ထီလာ ညောင်ကုန်းကျေးရွာတွင် မြန်မာ့ရိုးရာ မြင်းဒုန်းစီးပြိုင်ပွဲကျင်းပ

**မိတ္ထီလာ မတ် ၅**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကန်နီကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာတွင် (၅၉)ကြိမ်မြောက် ဆုတောင်းချမ်းသာရွှေဘုံသာဘုရား ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ကျင်းပသည့် မြန်မာ့ရိုးရာမြင်းဒုန်းစီးပြိုင်ပွဲကို မတ် ၅ ရက် ညနေ ၄ နာရီက ယင်းကျေးရွာအနီးရှိ ကွင်းပြင်၌ ကျင်းပသည်။

"မြန်မာ့ရိုးရာမြင်းဒုန်းစီးပြိုင်ပွဲကို နှစ်စဉ်ဘုရားပွဲတော်ကျင်းပတဲ့ ကာလဖြစ်တဲ့ တပေါင်းလဆန်း ၄ ရက်နေ့ဆို ကျင်းပတာဖြစ်ပါတယ်၊ ပြိုင်ပွဲရက်ကို တစ်ရက်တည်းကျင်းပတာဖြစ်ပြီး ညနေပိုင်းအချိန်မှာပဲ ပြိုင်ပွဲကျင်းပပါတယ်၊ လာရောက်ယှဉ်ပြိုင်တဲ့ မြင်းတွေနဲ့ မြင်းစီးဝါသနာရှင်၊ ပညာရှင်တွေကိုတော့ မိတ္ထီလာမြို့ပေါ် ပတ်ဝန်းကျင်ကနေ ဖိတ်ခေါ်ယှဉ်ပြိုင်စေတာဖြစ်ပါတယ်၊ ကျေးရွာပေါင်း ၅၀ ကျော်က ဒေသခံတွေ လာရောက်ကြည့်ရှုကြတယ်"ဟု မြင်းပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်မြင်းစီးသူ ငါးဦးနှင့် မြင်းငါးကောင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချအခမ်းအနားမှတ်တမ်းတင်ဓာတ်ပုံများ ပြပွဲကျင်းပ

**ရန်ကုန် မတ် ၅**
နိုင်ငံတော်အစိုးရက ကြီးမှူး၍ ဇန်နဝါရီ ၁ ရက်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်အပါး ၁၈၀၀၀ တို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချအခမ်းအနားကျင်းပရာ၌ ကြည်ညိုဖွယ်မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ရာ အဆိုပါမှတ်တမ်းတင်ဓာတ်ပုံများ ပြပွဲဖွင့်ပွဲကို ယနေ့ ညနေ ၅ နာရီက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ၊ နိုင်ငံတော်စွမ်းဆောင်ရည်ဆု၊ ဇေယျာလူမှုထူးချွန်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုရ) ဆရာတော်က သြဝါဒကထာ မြွက်ကြားချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဝမ်းမြောက် ဂုဏ်ပြုစကားပြောကြားခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့မှ ဦးသန်းဇော်က "ဇန်နဝါရီ ၁ ရက်က သံဃာအပါး ၁၈၀၀၀ နဲ့ အနေကဇာတင်ပွဲ လုပ်တယ်၊ အဲဒီအချိန်တုန်းက အပြင်က ဘယ်သူမှလာဖူးလို့မရဘူး၊ ကြည့်လို့လည်းမရဘူး၊ နေရာမရှိဘူး၊ လုံခြုံရေးအတွက်လည်းပါတယ်၊ နေရာမရှိတာလည်းပါတယ်၊ အဲဒီတုန်းက သံဃာအပါး ၁၈၀၀၀ နဲ့ အရေးကြီးပုဂ္ဂိုလ်တွေပဲ ဒီပေါ်မှာတက်ပြီး အခမ်းအနားလုပ်တယ်၊ အဲဒီအချိန်တုန်းက မကြည့်လိုက်ရတဲ့လူတွေအတွက်၊ မဖူးလိုက်ရတဲ့ လူတွေအတွက်ကို ဖူးမြော်နိုင်အောင်ဆိုပြီး ဒီအစီအစဉ်လေးလုပ်တာပါ"ဟု ပြောသည်။

မှတ်တမ်းဓာတ်ပုံပြပွဲတွင် ဓာတ်ပုံပညာရှင် ၄၀ တို့၏ (၁၈ လက်မ×၁၂ လက်မ) ၃၁၅ ပုံနှင့် (၃၆ လက်မ ×၂၄ လက်မ) ပုံ ၅၀ တို့ကိုပြသထားပြီး ယနေ့မှစ၍ မဟာသင်္ကြန်ပွဲတော်ရက်အထိ ပြသထားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် မတ် ၅**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် စိုင်းစန်သိန်း မိုးနဲမဲဆန္ဒနယ်၏ မိသားစုဝင် သုံးဦး၊ ဦးနိုင်ထူးအောင် နွားထိုးကြီးမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသော ဆေးတက္ကသိုလ်-၂၊ ရန်ကုန်ကျောင်းသားများသမဂ္ဂမှ ကျောင်းသားကျောင်းသူ ၂၇ ဦး၊ ဦးစိန်ဝင်း မအူပင်မဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသော အင်္ဂပူမြို့နယ်မှ ဒေသခံကျေးလက် တောင်သူလယ်သမား ၅၇ ဦးနှင့် မြောက်ဥက္ကလာပမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဆန်နီ ဦးဆောင်သည့် လူငယ်ညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များနှင့် မြို့နယ်လူငယ် အဖွဲ့ဝင် ၄၉ ဦး စုစုပေါင်း ၁၃၆ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

# ပင်လည်ဘူးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့အသံ FM ရေဒီယိုအစီအစဉ်များ စတင်၍ စမ်းသပ်ထုတ်လွှင့်

**နေပြည်တော် မတ် ၅**
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့ ပင်လည်ဘူးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် မြန်မာ့အသံ FM ရေဒီယို လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းများအား ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိ တပ်ဆင်ခဲ့ပြီး ၂၅ ရက်မှစတင်၍ လွှင့်အား 150W၊ လှိုင်းနှုန်း 91 .0MHz ဖြင့် FM ရေဒီယိုအစီအစဉ်များကို နံနက် ၅နာရီမှ ည ၁၀နာရီခွဲအထိ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ FM ရေဒီယိုအစီအစဉ်ထုတ်လွှင့်မှုများကို တမောသာ၊ နောင်ကင်း၊ ဟင်းနုကြီး၊ ကညင်ကုန်း၊ တောင်နီ၊ ရေယွန်းပြစ်၊ ဟဲသတ်၊ အင်ကြင်းသာ ကျေးရွာများအထိ ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သစ်ကြီးတောမီးဘေးသင့် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို တိုင်း၊ ခရိုင်၊ မြို့နယ်ပညာရေးဌာနနှင့် ဘက်ရဲမြို့ပညာရေးဝန်ဆောင်မှုအဖွဲ့တို့က ထောက်ပံ့ကူညီ

**ရေကြည် မတ် ၅**
ရေကြည်မြို့နယ် သစ်ကြီးတောကျေးရွာ၌ မတ် ၃ ရက် ညက မီးလောင်မှု ဖြစ်စဉ်တွင် မီးဘေးသင့်ခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ရှစ်ဦးနှင့် ပညာရေးဝန်ထမ်းနှစ်ဦးအား တိုင်း၊ ခရိုင်၊ မြို့နယ် ပညာရေးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး ဘက်ရဲမြို့ပညာရေးဝန်ဆောင်မှု စင်တာများမှ ငွေကြေး၊ အဝတ်အစားနှင့် စာရေးကိရိယာများ ထောက်ပံ့ကူညီကြကြောင်း သိရသည်။




"ကျွန်မတို့ ရေကြည်မြို့နယ် ပညာရေးဌာနက ကျွန်မနဲ့အတူ ရုံးအဖွဲ့ဝင်ထမ်းတွေက မတ် ၃ ရက် ည မီးလောင်မှုသတင်းရတာနဲ့ စာသင်ကျောင်းမီးသင့်မှုတွင် ပါ၊ မပါ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမယ့် ကလေးတွေအခြေအနေ သိရအောင် ချက်ချင်းသွားရောက်ခဲ့ပါတယ်၊ ကံအားလျော်စွာ စာသင်ကျောင်းက မီးလွတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမယ့် ကလေးရှစ်ဦးနဲ့ ပညာရေးဝန်ထမ်းနှစ်ဦးက မီးဘေးသင့်တဲ့ အထဲပါတာကိုသိရတဲ့အတွက် တိုင်း၊ ခရိုင် ပညာရေးဌာနကို သတင်းပို့ခဲ့ပါတယ်၊ မတ် ၄ ရက်မှာတော့ မကွေးတိုင်းဒေသကြီး ပညာရေးဌာနက လှူဒါန်းတဲ့ ဆန်နှစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ စာရေးကိရိယာနဲ့ KG တန်းမှ ၁၀ တန်းအထိ မီးဘေးသင့် ကျောင်းသားကျောင်းသူတွေအတွက် ဝတ်စုံ ပီနံအိတ်နှစ်အိတ်၊ ပခုက္ကူခရိုင်ပညာရေးဌာနက တစ်ဦးကို ငွေကျပ် ၁၀၀၀၀ စီ၊ စာရေးကိရိယာနဲ့ ပြဋ္ဌာန်းစာအုပ်စုံတစ်စုံစီနဲ့ ရေကြည်မြို့နယ်ပညာရေးဌာနက တစ်ဦးလျှင် ဆီသုံးပိဿာ၊ ဆန်ငါးပြည်၊ ဝတ်စုံတစ်စုံစီ၊ ဖိနပ်တစ်ရန်စီ၊ စာရေးကိရိယာနဲ့ ငါးနှစ်စာမေးခွန်းဟောင်းတွေကို ထောက်ပံ့ခဲ့ပါတယ်" ဟု ရေကြည်မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက ပြောသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ပညာရေးဝန်ဆောင်မှုစင်တာများ၊ ကိုသူရအောင်နှင့် စေတနာရှင်များ ပေါင်းစုလှူဒါန်းသော ငွေကျပ် ၅၀၀၀၀၊ အဝတ်အစား ပီနံအိတ်တစ်အိတ်၊ ၂၀၁၄ ခုနှစ် နောက်ပိုင်းမေးခွန်းဟောင်းများနှင့် ပုံနှိပ်စာအုပ်မျိုးစုံ ပီနံအိတ်နှစ်အိတ်တို့ကို ဆရာဦးမိုးဇော်(ဓာတု) မကွေးမြို့မှ တစ်ဆင့် လှူဒါန်းထားကြောင်း ဘက်ရဲမြို့သရဖူပညာရေးဝန်ဆောင်မှု စင်တာမှ ဒေါ်နုနုရီထံမှ သိရသည်။

**ဖေထွဏ်းဇော်-ရေကြည်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၅**
နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် နှစ်ပေမှလေးပေခန့်ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှတိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

**မိုး/ဇလ**




# နမ့်မာချောင်းအတွင်း အမှိုက်စွန့်ပစ်မှုကို တားမြစ်ပေးရန်လိုအပ်

**ရှားတော မတ် ၅**
ကယားပြည်နယ် ရှားတောမြို့နယ်ကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် နမ့်မာချောင်းအတွင်းသို့ လူအချို့က အမှိုက်သရိုက် မျိုးစုံ စွန့်ပစ်လျက်ရှိနေကြ၍ ချောင်းရေညစ်ညမ်းမှု ဖြစ်ပေါ်လျက်ရှိရာ ရှားတောမြို့သန့်ရှင်းသာယာလှပရေးနှင့် ချောင်းရေညစ်ညမ်းမှု မဖြစ်ပေါ်စေရေးတို့အတွက် ချောင်းအတွင်းအမှိုက်စွန့်ပစ်ခြင်းကို ဝိုင်းဝန်းကာကွယ် တားဆီးသွားရန် လိုအပ်လျက်ရှိနေကြောင်း ဒေသခံအချို့၏ ပြောကြားချက်အရ သိရသည်။

" ရေချောင်းကို အမှိုက်စွန့်ပစ်ဖို့ နေရာတစ်ခုလိုသဘောထားပြီး အမှိုက်တွေ လာပစ်နေကြပါတယ်၊ နမ့်မာချောင်းရေကို သောက်သုံးရေအဖြစ်လည်း အသုံးပြုကြပါတယ်၊ ကျွဲ၊ နွား သောက်ရေအဖြစ်လည်း သုံးပါတယ်၊ စိုက်ပျိုးရေအဖြစ်လည်း အသုံးပြုနေကြတာပါပဲ၊ မြို့ရဲ့သာယာလှပမှုကိုလည်း ဖြစ်ပေါ်စေပါတယ်၊ အခုလို မိမိတို့ကိုယ်တိုင်အသုံးပြုနေကြတဲ့ ရေထဲကို အမှိုက်တွေ လာပစ်နေကြတာကတော့ မသင့်တော်ပါဘူး၊ ဝိုင်းဝန်းကာကွယ်သင့်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ထိုသို့ သဘာဝအလျောက် ကံကောင်းခြင်း လက်ဆောင်သဖွယ်ရရှိထားသည့် နမ့်မာချောင်းရေ ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် ချောင်းအတွင်းအမှိုက် စွန့်ပစ်ခြင်းကို ဒေသခံများအနေဖြင့် အချင်းချင်းဆွေးနွေးညှိနှိုင်းတိုင်ပင်ကာ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာကလည်း ထိရောက်စွာ ဟန့်တားအရေးယူရန် လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၅**
ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## အင်းစိန်မြို့နယ်တွင် ဖုန်းအရောင်းဆိုင်မှ လက်ကိုင်ဖုန်းနှင့် ဆင်းကတ်များခိုးယူသူကို ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးတွင် ဖွင့်လှစ်ထားသော ဖုန်းအရောင်းဆိုင်မှ လက်ကိုင်ဖုန်းများ၊ MPT နှင့် တယ်လီနော ဆင်းကတ်များခိုးယူသူ စောရစ်လုံးမက်(၂၁ နှစ်)ကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းဖော်ထုတ်ရေး တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လှိုင်မြို့နယ်နေ ကို-----သည် အင်းစိန်မြို့နယ် မြို့သစ်(က+ခ) ရပ်ကွက်တွင် ဖွင့်လှစ်ထားသော ဖုန်းအရောင်းဆိုင်သို့ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရောက်ရှိပြီးနောက် ဝင်ပေါက်တံခါးအား ကြည့်ရှုရာ အောက်ခြေရှိ သံပြားမှာ လူတစ်ကိုယ်စာဝင်၊ ထွက်ပေါက်ဖြစ်နေကြောင်း



ပြစ်မှုကျူးလွန်သူ စောရစ်လုံးမက်နှင့် သက်သေခံပစ္စည်းများ။

တွေ့ရှိရပြီး ဆိုင်အတွင်း စစ်ဆေးရာ လက်ကိုင်ဖုန်းမျိုးစုံ ၄၂ လုံး၊ MPT နှင့် တယ်လီနောဆင်းကတ် စုစုပေါင်း ၅၆ ကတ်တို့မှာ ပျောက်ဆုံး နေသည်ကို တွေ့ရှိရသဖြင့် အင်းစိန်မြို့မ ရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းဖော်ထုတ်ရေး တပ်ဖွဲ့ဝင်များသည် အမှုမှုပြစ်မှုကျူးလွန်သူကို စုံစမ်းဆောင်ရွက်ခဲ့ရာ စောရစ်လုံးမက်ဆိုသူထံတွင် အမှုမှ ပျောက်ဆုံးလက်ကိုင်ဖုန်းများနှင့် အမျိုးအစားတူ ဖုန်းများရောင်းရန်ရှိကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက် ည ၁၀ နာရီခွဲတွင် အင်းစိန်မြို့နယ်နေအိမ်မှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ စောရစ်လုံးမက်အား စစ်ဆေးရာ ၎င်းသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁ နာရီခွဲက အခင်းဖြစ်ဖုန်းဆိုင်အတွင်း ဝင်ရောက်၍ လက်ကိုင်ဖုန်း၊ ဆင်းကတ်များကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး အမှုမှ ပျောက်ဆုံး လက်ကိုင်ဖုန်းများနှင့် ဆင်းကတ်များကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း နှင့် အခြားခိုးမှုများကျူးလွန်ထားခြင်းရှိ မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၅**

တပ်မတော်မှ မဘိမ်းမြို့နယ် စီပိန်းကျေးရွာ ဒေသအခေါ် မုန်ညင်းခင်းဒေသတွင် မတ် ၃ ရက်မွန်းလွဲ ၁၂ နာရီခွဲက ဒေသအခေါ် ရွှေတောင်ကုန်းဘက်မှ မုန်ညင်းခင်းဘက်သို့ ဗျာလေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း။

မတ် ၄ ရက် နံနက် ၉ နာရီက မူးယစ်တပ်ဖွဲ့စု-၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် အမှတ်-၆ နယ်မြေ စမ်းရေတွင်းလမ်းနေ သူရိန်ထွန်းနှင့် မဝင်းသန္တာထွန်းတို့၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၀ ၊ အိုက်စ် ၃၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။


မအန်းခမ်း(ခ)မထွေး၊ မငွားချာဒွေ့တို့အပါအဝင် ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု-၂၉မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် ဆိုက်ခေါင်ကျေးရွာ မိုင်းဆတ်-တာချီလိတ်သွားကားလမ်း၊ ဆိုက်ခေါင်တံတား အရှေ့ဘက်ထိပ်တွင် အားဂို မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၂ နာရီက သဃ်န်းညီနောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့နယ် သဃ်န်းညီနောင်ကျေးရွာ ဗိုလ်ချုပ်(အရှေ့)ရပ်ကွက်နေ အောင်ဇော်ဝင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၁ ပြားကို လည်းကောင်း။

ယင်းနေ့ ည ၇ နာရီခန့်တွင် မူးယစ်တပ်ဖွဲ့စု-၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာ အမှတ်-၂ ရပ်ကွက် နည်းပညာတက္ကသိုလ်သွားလမ်းဆုံတွင် မအန်းခမ်း(ခ)မထွေးနှင့် မငွားချာဒွေ့တို့အား ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက်(ဘိန်းဖြူ ၁၂၁ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## ဖုန်းကြိုးတပ်ဆင်သူ ဦးခေါင်းနှင့် ဓာတ်ကြိုးတိုက်မိကာ ဓာတ်လိုက်သေဆုံးမှုဖြစ်

**ဘားအံ မတ် ၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ကမြိုင်ကျေးရွာတွင် မတ် ၄ ရက် ညနေပိုင်းက ဖုန်းကြိုးတပ်ဆင်သည့် အမျိုးသားတစ်ဦး ဦးခေါင်းနှင့်ဓာတ်ကြိုး တိုက်မိကာ ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့သည်။

မတ် ၄ ရက် ညနေ ၄ နာရီခွဲခန့်က ဘားအံမြို့နယ် နောင်ကမြိုင်ရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ MPT ကွန်ကရစ်ဖုန်းတိုင်ထိပ်သို့ နေ့စားအလုပ်သမားဖြစ်သူ သူရိန်လင်း(၁၉နှစ်)သည်တိုင်ထိပ်သို့တက်၍ ဖုန်းကြိုးတပ်ဆင်နေစဉ် ရွာအတွင်း သွယ်တန်းထားသော 11KV ဓာတ်အားကြိုးကို ဦးခေါင်းနှင့်ထိမိရာမှ ဓာတ်လိုက်ကာ အမြင့်ပေ ၂၀ ခန့်ရှိ တိုင်ပေါ်မှ ပြုတ်ကျခဲ့ပြီး ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာနှင့် မျက်နှာအပူလောင်ဒဏ်ရာများ ရရှိကာ သေဆုံးသွားပြီး ဘားအံဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ သူရိန်လင်းသေဆုံးရခြင်းအပေါ် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စက်မှုဇုန်နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

## ဘုရားဖူးကားနှင့် ကျောက်တင်ယာဉ် မျက်နှာချင်းဆိုင်တိုက် တစ်ဦးသေဆုံးကာ ရှစ်ဦး ဒဏ်ရာရရှိ

**သထုံ မတ် ၅**

မွန်ပြည်နယ် သထုံမြို့ နန်းခဲရပ်ကွက် ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်တွင် မတ် ၄ ရက် ညနေ ၆ နာရီခန့်က ဘုရားဖူးယာဉ်နှင့် ကျောက်များ တင်ဆောင်လာသည့် ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာမှ ဘုရားဖူးယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦးနေရာ၌ သေဆုံးကာ ရှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ကျိုက်ထီးရိုးဘုရားဖူးပြီးပြန်လာသည့် ဘီးလင်းဘက်မှ မော်လမြိုင်ဘက်သို့ ယာဉ်မောင်း အောင်မျိုးကျော်(၂၈ နှစ်) တောင်ဝိုင်းရပ် မော်လမြိုင်မြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် MON 2J/---- လိုက်ထရပ်ယာဉ်သည် နန်းခဲရပ်ကွက် မင်းလမ်း ရဲစခန်းလမ်းထိပ်အနီး ရန်ကုန်-မော်လမြိုင် ကားလမ်းမိုင်တိုင်အမှတ် (၁၄၉/၆)နှင့် (၁၄၉/၇)အကြားတွင် တစ်ဖက်ယာဉ်ကြောသို့ အရှိန်လွန်ရောက်ရှိရာမှ မျက်နှာချင်းဆိုင်ဘက်မှ ယာဉ်မောင်း လှိုင်ထူး(၄၁ နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် MON 2A/ ---- အမျိုးအစား ခြောက်ဘီးယာဉ်နှင့် ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဘုရားဖူးယာဉ်၏ ရှေ့ခန်းတွင် လိုက်ပါစီးနင်းလာသည့် မရွှန်းသီရိနွယ်(၂၁ နှစ် ) တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့နေသူမှာ နေရာ၌ သေဆုံးခဲ့ပြီး ယာဉ်မောင်းနှင့် ကလေးနှစ်ဦးအပါအဝင် လူရှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အောင်မျိုးကျော်အား သထုံမြို့မ ရဲစခန်းက အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**



## အမ်းမြို့နယ်တွင် ယာဉ်နောက်ပြန်လိမ့်ကာ ချောက်ထဲသို့ကျ

**အမ်း မတ် ၅**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ထန်းချောင်းကျေးရွာအနီး အမ်း- မအီကားလမ်း မိုင်တိုင်အမှတ်- ၅ မိုင် ၂ ဖာလုံအနီးတွင် သံတွဲမှစစ်တွေဘက်သို့ မောင်းနှင်လာသော ရခိုင်အားမာန် 4A/-----ဟွန်ဒိုင်းမှန်လုံယာဉ်ကို ယာဉ်မောင်းဖြစ်သူ ဖိုးညီလေး(၃၀ နှစ်) မောင်းနှင်ပြီး ခရီးသည် ၃၇ ဦး ကုန်ပစ္စည်းအပြည့်ဖြင့် မောင်းနှင်လာစဉ် တောင်ပေါ်သို့မတက်နိုင်ဖြစ်၍ နောက်သို့လိမ့်ဆင်းကာပေ ၂၀၀ ကျော်ခန့်ရှိ ချောက်သို့ ပြုတ်ကျမှု မတ် ၄ ရက် ည ၁၀နာရီခွဲတွင်ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ပြည်သူတစ်ဦး၏ သတင်းပေးပို့မှုကြောင့် အမ်းမြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးအောင်သန်းဌေး ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်ကိုးဦး၊ အုပ်ချုပ်မှုယာဉ်တစ်စီးဖြင့် ကူညီကယ်ဆယ်ရန် သွားရောက်ခဲ့သည်။

ယာဉ်ပေါ်ပါခရီးသည် ၃၇ ဦးအနက် အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦး၊ ကလေးတစ်ဦးတို့သည် အခင်းဖြစ်ပွားရာနေရာတွင် သေဆုံး၍ အမျိုးသား၁၈ ဦး၊ အမျိုးသမီး ၁၅ ဦးဒဏ်ရာရရှိကာ အမ်းမြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိရာ နှစ်ဦးမှာ စိုးရိမ်ရဖွယ် ရှိကြောင်း၊ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့အား အမ်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **အမ်း (ပြန်/ဆက်)**

## ဆဒ္ဒံးရေတံခွန်၌ ခြေချော်ကျ၍ ဒုတိယနှစ်ကျောင်းသားတစ်ဦး သေဆုံး

**ဆဒ္ဒံး မတ် ၅**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒ္ဒံးရေတံခွန်တွင် မတ် ၄ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားတက္ကသိုလ် သင်္ချာဒုတိယနှစ် ကျောင်းသားတစ်ဦး ရေတံခွန်ပေါ်မှ ခြေချော်ပြုတ်ကျ၍ ဒဏ်ရာများရရှိကာ သေဆုံးမှုဖြစ်ပွားခဲ့သည်။

မြစ်ကြီးနားတက္ကသိုလ် ဖုန်ကန်ရာဇီအတွင်းဆောင်နေ သင်္ချာဒုတိယနှစ်ကျောင်းသား မောင်ငွားရဲဇော်(၁၉နှစ်)သည် သူငယ်ချင်း ခြောက်ဦးနှင့်အတူ ဆဒ္ဒံးရေတံခွန်သို့ သွားရောက်လည်ပတ်စဉ် ရေတံခွန်ပေါ်တွင် ရေကစားရာမှ ခြေချော်ပြုတ်ကျကာ ဦးခေါင်းတွင်ဒဏ်ရာရရှိ၍ သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆဒ္ဒံးနယ်မြေရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

## ညီအစ်ကိုနှစ်ဦး စကားများရန်ဖြစ်ရာမှ ညီသေဆုံး

**ဆိပ်ဖြူ မတ် ၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကိုးတောင့်ကျေးရွာတွင် မတ် ၄ ရက် ည ၁၀နာရီခန့်က ညီအစ်ကိုနှစ်ဦးအရက်အတူသောက်ပြီး ဆိုင်ကယ်ငှားရမ်းသည့်ကိစ္စကြောင့် စကားများရန်ဖြစ်ရာမှ ညီဖြစ်သူအား ဓားဖြင့် ထိုးမှုကြောင့် သေဆုံးမှုဖြစ်ခဲ့သည်။

မတ် ၄ ရက် ည ၉ နာရီခန့်က အစ်ကိုဖြစ်သူ အေးနိုင်နှင့် ညီဖြစ်သူ ကျော်ဝင်းနိုင်တို့သည် နေအိမ်တွင် အရက်အတူ သောက်စားခဲ့ရာမှ ဆိုင်ကယ်ငှားရမ်းသည့် ကိစ္စနှင့် စကားများခဲ့ရာ အစ်ကိုဖြစ်သူ အေးနိုင်က ညီဖြစ်သူ ကျော်ဝင်းနိုင်အား အရိုးအသွား ၁၈ လက်မခန့်ရှိ ဓားဦးချွန်ဖြင့် ထိုးမှုကြောင့် ညီဖြစ်သူ သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖခင်ဖြစ်သူ ဦးစိုးနိုင်က အေးနိုင်(၃၃နှစ်)အား အရေးယူပေးပါရန် ဆိပ်ဖြူမြို့မ ရဲစခန်းတွင် တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုဇွဲ(အညာမြေ)**

## ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ယာဉ်များစစ်ဆေးစဉ် ပိတောက်ဓားရွေတုံးများ ဖမ်းမိ

**နေပြည်တော် မတ် ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ် ၄ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၅ စီး ၊ သွင်းကုန် ၆၄၉စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈ စီး၊ သွင်းကုန် ၁၇၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉ ဒသမ ၈၁၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄ ဒသမ ၈၉၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**စစ်ဆေးတွေ့ရှိ**

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၄ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၃ မိုင် ၆ ဖာလုံ၊ မိုင်းလီကျေးရွာအနီးတွင် မူဆယ်သူ ခရီးသည်တင်ယာဉ်တစ်စီးနှင့် မိုင်တိုင်အမှတ် မိုင် ၂၀၀ ၄ ဖာလုံ၊ ပိန်းဆာကျေးရွာအနီးတွင် Toyota Ipsum မော်တော်ယာဉ် တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ကားနောက်ခန်း၌ စောင်စဖြင့် ဖုံးအုပ်၍ တရားမဝင်သယ်ဆောင်လာသော ပိတောက်ဓားရွေ ၅၅ တုံး၊ ၁ ဒသမ ၉၅၄၈ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃၉ ဒသမ ၃၆၄ သန်း ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၆ - ၃ - ၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၁၀ - **၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ** (မြန်မာစာဘာသာရပ် )
၉း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀း၄၀ - တောင်သူလယ်သမားနေ့ ဂုဏ်ပြုအစီအစဉ်(ဆန်စပါး ထုတ်လုပ်မှုကွင်းဆက်တွင် ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုများ လျှော့ချနိုင်မည့်နည်းလမ်းများ
၁၃း၄၅ - Yes or No Talk Show

**ညပိုင်း**

၁၇း၂၅ - တောင်သူလယ်သမားနေ့ ဂုဏ်ပြုအစီအစဉ်"ခေတ်မီ မော်ဒန်လယ်သမား"
၁၈း၃၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် (ဓားဖိုးကင်း)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "အစမ်းသပ်ခံအချစ်" (အပိုင်း- ၂၅)
၁၉း၅၀ - "CHOICE"(အပိုင်း-၅၇)
၂၀း၀၀ - ပြည်တွင်းသတင်း
- "နိုင်ငံတော်ဖွံ့ဖြိုးရေးအခွန် မှန်မှန်ပေးဆောင်ပေး" (ဝင်ငွေခွန်အကြောင်း သိကောင်းစရာ)
- နိုင်ငံခြားဇာတ်လမ်းတွဲ **"တရားရှင်နှင့်ဓားဘုရင်"** (နဂါးပုလဲ)(အပိုင်း-၄)
- အနုပညာခန်းရိပ်သာ (အဆိုတော်သန်းမြတ်စိုးနှင့် တွေ့ဆုံခြင်း)
- နိုင်ငံခြားဇာတ်လမ်းတွဲ **"အေးအတူပူအမျှ"** အပိုင်း(၂၀)

# နွေရာသီ လူငယ်ဘောလုံးသင်တန်း ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်မြို့၌ စတင်ဖွင့်လှစ်

**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၈ နွေရာသီ လူငယ်ဘောလုံးသင်တန်းကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်မြို့၌ စတင်ဖွင့်လှစ်လျက်ရှိပြီး ကလေးသူငယ် ၆၅၀ ကျော် တက်ရောက်သင်ကြားလျက်ရှိသည်။



နွေရာသီ လူငယ်ဘောလုံးသင်တန်းတွင် ကလေးသူငယ်များ သင်ကြားနေစဉ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အကယ်ဒမီဖွင့်လှစ်ထားသည့် မြို့ကြီးများတွင် ဖွင့်လှစ်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင် ၄၂၀ ကျော်၊ မန္တလေးမြို့တွင် ၁၅၀ ကျော်၊ ပုသိမ်မြို့တွင် ၇၀ ကျော် တက်ရောက်သင်ကြားလျက်ရှိသည်။ ယင်းသင်တန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မြင့်အောင်၊ လူငယ်ဖွံ့ဖြိုးရေးနည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုး ဦးဆောင်၍ မြန်မာယူ-၁၆ အသင်းနည်းပြချုပ် ဦးညီညီလတ်၊ အာရှဘောလုံးအဖွဲ့ချုပ် လိုင်စင်ရနည်းပြများက သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကယ်ဒမီများတွင် လာရောက်သင်ကြားနေသည့် ဂျပန်နိုင်ငံသားနည်းပြဆရာများကလည်း ကူညီသင်ကြားပေးလျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး လူငယ်မျိုးဆက်သစ်ကစားသမားများ ထွက်ပေါ်လာရန်ရည်ရွယ်၍ လူငယ်ဘောလုံးသင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်ပြီး ကလေးသူငယ်များအနေဖြင့်လည်း နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချပြီး အားကစားကို လေ့လာလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်လာမည်ဖြစ်သည်။

ယခုဖွင့်လှစ်နေသော နွေရာသီ လူငယ်ဘောလုံးသင်တန်းတွင် တက်ရောက်နေသော ကလေးသူငယ်များအတွက် အခွင့်အရေးကောင်းများရှိနေပြီး မျိုးလှိုင်ဝင်း၊ မင်းသူအပါအဝင် နာမည်ကြီးလက်ရွေးစင်ဘောလုံးကစားသမားဟောင်းများက ကူညီသင်ကြားပေးလျက်ရှိကာ ခြေစွမ်းခြေစရှိသည့် ကစားသမားများမှာလည်း လူငယ်လက်ရွေးစင်အဖြစ် ရွေးချယ်ခံရမည့် အခွင့်အရေးရှိနေခြင်းဖြစ်သည်။ မြန်မာလူငယ်အသင်းများကို ကိုင်တွယ်နေသည့် နည်းပြများသည် ယခုသင်တန်းတွင် လာရောက်ကြည့်ရှုလျက်ရှိပြီး ခြေစွမ်းခြေစရှိသည့် ကစားသမားများအား ပဏာမလူငယ်လက်ရွေးစင်အဖြစ် ရွေးချယ်၍ စမ်းသပ်လေ့ကျင့်ပေးမည်ဖြစ်ကာ အသင်းနှင့် အံဝင်ပါက လူငယ်လက်ရွေးစင်အဖြစ် ရွေးချယ်မည်ဖြစ်သည်။ မြန်မာ့ဘောလုံး ပရော်ဖက်ရှင်နယ်စနစ်သို့ ကူးပြောင်းပြီးနောက်ပိုင်းတွင် ဘောလုံးကို စိတ်ပါဝင်စားသည့် လူငယ်များအနေဖြင့် ကြိုးစားအားထုတ်မှုကောင်းပါက ဘောလုံးသမားဖြစ်လာရန်အခွင့်အရေးများလာခဲ့ပြီး တစ်ချိန်က ကျော်ကြားခဲ့သည့် မျိုးလှိုင်ဝင်း၊ သန်းတိုးအောင်၊ တင်မြင့်အောင်၊ ကြည်လွင်၊ စိုးမြတ်မင်း၊ မင်းသူ၊ အောင်ကျော်မိုး၊ လက်ရှိမြန်မာ့လက်ရွေးစင်အဖြစ် ပါဝင်ကစားနေသည့် အောင်သူ၊ ကျော်ကိုကိုစသည့် ကစားသမားများမှာလည်း ဝါသနာကို အရင်းခံကာ တစိုက်မတ်မတ်ကြိုးစားခဲ့သောကြောင့် အောင်မြင်သည့်ဘောလုံးသမားများ ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယခုသင်တန်းတက်ရောက်နေသော ကစားသမားများအနေဖြင့် ကြိုးစားရင် ကြိုးစားသလောက် အခွင့်အရေးရှိနေခြင်းဖြစ်သည်။

ယခုဖွင့်လှစ်နေသာ နွေရာသီ လူငယ်ဘောလုံးသင်တန်းကို မတ် ၅ ရက်မှ ဧပြီ ၅ ရက်အထိ တစ်ပတ်လျှင် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့များတွင် သင်ကြားမည်ဖြစ်သည်။ ရန်ကုန်တွင် ဖွင့်လှစ်သည့် နွေရာသီဘောလုံးသင်တန်းတွင် တက်ရောက်သူ ၄၀၀ ကျော်သောကြောင့် သုဝဏ္ဏမြက်ခင်းတုကွင်းအပြင် အောင်ဆန်းကွင်းနှင့် ပဒုမ္မာကွင်း၌ပါ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-စိုးညွှန့်**

---

### ❖ *ကျော်ဖုံးမှ*

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြိုင်ပွဲကျင်းပမည့်ရက် အတည်ပြုပြီးမှသာ နိုင်ငံတကာခြေစမ်းပွဲ ကစားမည့် အစီအစဉ်များအား ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းသူမိုးက "အသင်းက အခုမှ စတင်လေ့ကျင့်တာဖြစ်လို့ ပထမနှစ်ပတ်မှာ ကြံ့ခိုင်မှုကို ဦးစားပေးလုပ်ဆောင်မှာပါ၊ ကြံ့ခိုင်မှုလေ့ကျင့်ပြီးမှ ကစားကွက်၊ နည်းဗျူဟာအပိုင်းတွေကို ဆက်လက်လေ့ကျင့်မှာပါ၊ အသင်းမှာ အတွေ့အကြုံရှိတဲ့ စီနီယာကစားသမားတွေရော လူငယ်အသင်းတွေက တက်လာတဲ့ လူငယ်ကစားသမားတွေပါ ပါဝင်ပါတယ်၊ ပြီးခဲ့တဲ့နှစ်လောက်ထိ လူငယ်နဲ့ လူကြီးပေါင်းစပ်ရာမှာ အတွေ့အကြုံချင်းကွာခြားတာကြောင့် အခက်အခဲရှိခဲ့ပေမယ့်လူငယ်တွေလည်း ထိုက်သင့်တဲ့ အတွေ့အကြုံရလာပြီဖြစ်တာကြောင့် ပေါင်းစပ်ဖွဲ့စည်းရတာ လွယ်ကူလာမှာပါ၊ ပြိုင်ပွဲကျင်းပမယ့်ရက်အပေါ် မူတည်ပြီး နိုင်ငံတကာ ခြေစမ်းပွဲတွေ ယှဉ်ပြိုင်ကစားမှာပါ။

"လာမယ့်တစ်ပတ်ကစပြီး ပြည်တွင်းလူငယ်အမျိုးသားအသင်းတွေနဲ့ ခြေစမ်းပွဲကစားဖို့ စီစဉ်ထားပါတယ်၊ ဒဏ်ရာရနေတဲ့ ကစားသမားတချို့ကိုလည်း စောင့်ကြည့်နေပါတယ်၊ အကောင်းဆုံးအနေအထားရအောင် လေ့ကျင့်သွားမှာပါ" ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **နည်းပြချုပ်** -ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**- ဦးခင်မောင်ထွေး၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ**-ဦးမြကိုမင်း၊ ကစားသမားများအဖြစ် **ဂိုးသမား** - ဇာဇာမြင့်(အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သင်းသင်းစိုး (ဇွဲကပင်)၊ မေဇင်နွယ် (မြဝတီ)၊ မျိုးမြမြငြိမ်း (သစ္စာအားမာန်)၊ **နောက်တန်း** - ဝေဝေအောင်၊ ခင်ပြည့်လင်း၊ အိရတနာဖြိုး(အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ခင်သန်းဝေ (မြဝတီ)၊ အေးအေးမိုး (မြဝတီ)၊ ဇင်မာဝင်း (သစ္စာအားမာန်)၊ ဖူးပွင့်ခိုင် (သစ္စာအားမာန်)၊ ငယ်ငယ်ထွေး (သစ္စာအားမာန်)၊ နန်းဇူဇူထက်(မြဝတီ)၊ ဇွန်ယုယဦး (YREO) ၊ ခင်မျိုးဝင်း (အား/ကာသိပ္ပံ)၊ **အလယ်တန်း** - ခင်မာလာထွန်း၊ သင်းသင်းယု၊ နန့်မေသဇင် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ရူပါခိုင်၊ လှယဉ်ဝင်း၊ ခိုင်သဇင် (မြဝတီ)၊ နီလာမြင့်၊ ခင်မိုမိုထွန်း၊ သန္တာမိုး၊ နော်အားလိုဝါးဖော (သစ္စာအားမာန်)၊ သန်းသန်းထွေး(ဇွဲကပင်)၊ **ရှေ့တန်း** - နုနုရီရီဦး (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဝင်းသိင်္ဂထွန်း (မြဝတီ)၊ ဂျူလိုင်ကျော်၊ ခင်မိုးဝေ၊ နီလာဝင်း (သစ္စာအားမာန်)တို့ ပါဝင်ကြသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွှန့်**

---


## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တင်ဒါကော်မတီ
## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ တင်ဒါကော်မတီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မရမ်းကုန်းမီးလောင်ပြင်နေရာတွင် အဆောက်အအုံသစ် ပြန်လည်တည်ဆောက်မည့်လုပ်ငန်းကို ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်သော တင်ဒါတင်သွင်းလိုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| တင်ဒါအမှတ် | လုပ်ငန်းအကြောင်းအရာ |
| --- | --- |
| EDB/၀၄/ ၂၀၁၇-၂၀၁၈ | မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်းသွယ်ရှိ မြေညီထပ် (ကားပါကင်)+၄½ထပ်အဆောက်အအုံ(၂)လုံးနှင့် မြေညီထပ် (ကားပါကင်)+၄ထပ်အဆောက်အအုံ(၁)လုံးနှင့်တည်ဆောက်ခြင်းလုပ်ငန်း |

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာအဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenderers)နှင့်အညီ တင်သွင်းရန်ဖြစ် ပါသည်။
၃။ တင်ဒါစာရွက်စာတမ်းများ အပြည့်အစုံကို ၇-၃-၂၀၁၈ရက်မှစ၍ ၂၁-၃-၂၀၁၈ရက်အထိ ကျောက်တံတားမြို့နယ်၊ ၃၄လမ်းနှင့် စည်ပင်လမ်းထောင့်ရှိ(၁၀)ထပ်ရုံး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ (၈)လွှာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၄။ စာရွက်စာတမ်းအပြည့်အစုံကို အထက်ဖော်ပြပါဌာနသို့ ၂၁-၃-၂၀၁၈ရက် နံနက် ၁၁နာရီတွင် နောက်ဆုံးထား၍ ပြည်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၅။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ဖုန်း-၀၁-၃၇၄၃၆၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ဆေးရုံများသို့ ဆေးရုံသုံးစက်ပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ ပေးပို့ရန်အတွက် မော်တော်ယာဉ်ငှားရမ်းခြင်း အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဈေးနှုန်းလွှာများကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာန ရုံးခန်း၊ အမှတ်(၅၇) စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၆-၃-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၃-၂၀၁၈ ရက်၊ မွန်းလွဲ ၂ နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၁-၃၇၁၂၈၄၊ ၀၁-၃၇၂၃၆၂
**ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန**



### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သိုင်းဝကျေးရွာအုပ်စု၊ လှည်းလမ်းကူးကျေးရွာမှ မောင်နိုင်နိုင်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၇/ရတရ(နိုင်)၀၉၂၀၆၃ ဖြစ်ပါကြောင်း။
**ဦးဝင်းလှိုင်**



### ရောင်းမည်

မန္တလေးလမ်း၊ (၂၉)ရပ်ကွက်၊ မြောက်ဒဂုံ၊ ၄၇ပေ×ပေ၁၆၀၊(ဂရန်ပါ)၊ မြေဖို့ပြီး၊ အိမ်ရှေ့(၅×၅)ပေ၊ ၄၇ပေအရှည်၊ အုတ်မြောင်းတူးပြီး၊ သစ်သားအိမ်၊ မီးပါ။
**(နွယ်သာကီအိမ်ရာအနီး)၊**
**ဖုန်း-၀၉-၄၅၀၀၀၈၈၆၀**



### 7 Stars ရာထူးဝင်သင်တန်းကြီး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကြော်ငြာစာအမှတ် (၁/၂၀၁၈) ဖြင့် ခေါ်ယူထားသော
ဦးစီးအရာရှိ ၊ လ/ထ အင်ဂျင်နီယာ ၊ လ/ထ မန်နေဂျာ ၊ လ/ထ ကထိက
စုစုပေါင်း လစ်လပ်ရာထူးနေရာ ( ၂၃၃ ) နေရာ အတွက်
**ပုံမှန်တန်းခွဲ / အနီးကပ်တန်းခွဲများ စပြီ ။**
သင်တန်းတက်ရောက်ရန် အချိန်မရသူများအတွက် မှတ်စုစာအုပ်များကိုလည်း ရောင်းချပေးနေပါပြီ၊
တိုက် (18/3B ) ၊ ဦးထွန်းလင်းချိုလမ်း ၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ် ၊
ရန်ကုန်မြို့။ **09- 789 10 7733 , 09 - 7 800 800 52**



### 7 Stars ရာထူးဝင်သင်တန်းကြီး မှ

ထုတ်ဝေဖြန့်ချိသော
ကြော်ငြာစာအမှတ် (၁/၂၀၁၈) ဝင်ခွင့်စာမေးပွဲအတွက်
ဝင်ခွင့်အထောက်အကူပြုစာအုပ်များကို အမြို့မြို့
အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ ။

**စာအုပ်ဝယ်ယူရရှိနိုင်သော နေရာများ**
မန္တလေး - ညို စာပေ ( မန္တလေး တစ်ဦးတည်းကိုယ်စားလှယ် ) ရာ လမ်း နှင့် ၃၄ လမ်းထောင့် ( 02 - 69701 )
နေပြည်တော် - ရွှေမင်းသားစာပေ ( မြို့မဈေး ) ၊ အဓိပတိစာပေ ( မြို့မဈေး ) အဓိပတိစာပေ ( သပြေကုန်း ) ၊ သရဖူစာပေ ( ပျဉ်းမနား ၊ ရှမ်းကန် )
မကွေး - ရွှေပြည်စိုးစာပေ (09 - 965340474) ရန်ကုန်မြို့ - 7 Stars ရာထူးဝင်သင်တန်းကြီး
ပုသိမ် - ပြုံးချိုစာပေ ( 09 - 5200159 ) ရာပြည့် ၊ စာပေဟင်းလေးအိုးကြီး
မုံရွာ - အဓိပတိစာပေ (071 - 21357) မော်လမြိုင် - ကျော်ကျော်စာပေ 09-425322625
တိုက် (18/3B) ၊ သပြေညို (၁) ၊ ဦးထွန်းလင်းချိုလမ်း ၊ လှည်းတန်း ၊ ရန်ကုန်မြို့ ။
**09 - 789 10 7733 , 09 - 7 800 800 52**



### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၌
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်(၁)

| | | |
| --- | --- | --- |
| အင်းဝဘဏ်လီမိတက်(ရုံးချုပ်) (၎င်း၏ကိုယ်စား မကွေးအင်းဝဘဏ်ခွဲမန်နေဂျာ ဒေါ်စောကေသွယ်ဝင်း | နှင့် | ၁။ ဦးဇော်မျိုးနိုင် ၂။ ဒေါ်သူဇာတင် ၃။ ဦးတင်ရွှေ ၄။ ဒေါ်ခင်ဝင်းဟန် (ကွယ်လွန်သူ ဦးတင်ညွန့်၏ တရားဝင်ကိုယ်စားလှယ်) |
| တရားလို | | တရားပြိုင်များ |

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရွာသစ်ရပ်ကွက်၊ ၁၉ လမ်း၊ အမှတ် ၃၂၄ နေ ဦးဇော်မျိုးနိုင်၊ ဒေါ်သူဇာတင်(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို အင်းဝဘဏ်လီမိတက်(ရုံးချုပ်) (၎င်း၏ ကိုယ်စား မကွေးအင်းဝဘဏ်ခွဲမန်နေဂျာ ဒေါ်စောကေသွယ်ဝင်း)က တရားမကျင့်ထုံး ဥပဒေအမိန့်-၃၄၊ နည်းဥပဒေ(၃)အရ အပေါင်ပစ္စည်းများရောင်းချလိုမှု (အပေါင်ဒီကရီ ရလိုမှု)တရားလိုဘဏ်မှ ထုတ်ချေးငွေအရင်းနှင့် အတိုးငွေစုစုပေါင်း ကျပ် ၁၆၂၀၇၇၃၂၇၅၁သမ၆၂ ပေးဆပ်ရန်အတွက် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် မတ် ၂၁ ရက် (၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

**(သီတာစိုး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မကွေးတိုင်းဒေသကြီး၊ တရားလွှတ်တော်**



### ပျောက်ဆုံးကြောင်း

ကျွန်တော်များ Thaung Yinn Thit Sar Co, Ltd ၏ ထုတ်ကုန်သွင်းကုန် လိုင်စင်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၆၂၀၂၂၄၀**



### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/9839၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

# ကာကွယ်ရေးအသုံးစရိတ် တရုတ်တိုးမြှင့်သုံးစွဲမည်

**ပေကျင်း မတ် ၅**

တရုတ်နိုင်ငံက ၎င်း၏ကာကွယ်ရေးဘတ်ဂျက်ကို ယခင်နှစ်ဘတ်ဂျက် ခုနစ်ရာခိုင်နှုန်းမှ ၂၀၁၈ ခုနှစ်အတွင်း ၈ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးမြှင့်သွားမည်ဖြစ်ကြောင်း အမျိုးသားပြည်သူ့ကွန်ဂရက်သို့ မတ် ၅ ရက်က တင်သွင်းခဲ့သော ဘဏ္ဍာရေးအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ယခုနှစ် ၂၀၁၈ခုနှစ် ကာကွယ်ရေးဘတ်ဂျက်သည် ယွမ် ၁ ဒသမ ၁၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၇၅ ဘီလီယံ)ရှိမည်ဖြစ်ကြောင်း (၁၃) ကြိမ်မြောက် ပြည်သူ့ကွန်ဂရက် ပထမအကြိမ် အစည်းအဝေးမတိုင်မီ မီဒီယာများက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် အမျိုးသားဘဏ္ဍာရေးအသုံးစရိတ်ယှဉ်ပါက ကာကွယ်ရေးဘတ်ဂျက်သည် အခြားနိုင်ငံကြီးများထက်ပမာဏနည်းပါးကြောင်း (၁၃) ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် ပထမနှစ်ပတ်လည်အစည်းအဝေးတွင် ပြောခွင့်ရပုဂ္ဂိုလ် ကျန်းရဲဆွေ့က ပြောခဲ့သည်။

အတိတ်ကာလက စစ်ဘက်အသုံးစရိတ်နိမ့်ကျမှုကို အစားထိုးဖြည့်တင်းသည့်အနေဖြင့် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း၊ တိုးမြှင့်လိုက်သည့် အသုံးစရိတ်ကို စစ်ဘက်ဆိုင်ရာပစ္စည်းများ အဆင့်မြှင့်မှု၊ တာဝန်ထမ်းဆောင်သူများ၏ လူမှုဖူလုံရေးတိုးတက်စေရန်နှင့် အခြေခံတပ်သားများ၏ ဘဝများနှင့် လေ့ကျင့်သင်ကြားရေး စသည့်နေရာများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**




# သဘောထားကွဲလွဲစေမည့် ဒေသတွင်းတားဆီးမှုများကို ပူးပေါင်းဖြေရှင်းရန် အီဂျစ်နှင့် ဆော်ဒီသဘောတူ

**ကိုင်ရို မတ် ၅**

သဘောထားကွဲလွဲစေမည့် ဒေသတွင်းတားဆီးမှုများကို ပူးပေါင်းဖြေရှင်းသွားရန် အီဂျစ်သမ္မတ အက်ဗ်ဒယ်ဖာတာ အယ်လ်စီစီနှင့် အလည်အပတ်လာရောက်သော ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင် ဆယ်လ်မင်န်တို့ သဘောတူညီချက်ရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မတ် ၅ ရက်က ဖော်ပြခဲ့သည်။

ဒေသတွင်း မညီညွတ်မှုများ၊ အတားအဆီးများကို ပူးပေါင်းဖြေရှင်းသွားရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်သွားရန်လိုကြောင်း နှစ်ဖက်ခေါင်းဆောင်များက ပြောကြားခဲ့သည်။ ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရန်အတွက် ဒေသတွင်းကွဲပြဲနေသည့် ဒေသငယ်များကိုလည်း စုစည်းပြီး တစ်စုတစ်စည်းတည်းပေါင်းစည်းရေးနှင့် ထိုသို့ပေါင်းစည်းပြီးနောက် အကြမ်းဖက်ဝါဒနှင့် ယင်းကို ထောက်ပံ့မှုပြုနေသည့် တိုင်းပြည်များကိုလည်း ရင်ဆိုင်သွားမည်ဖြစ်ကြောင်း နှစ်ဖက်ခေါင်းဆောင်များက ဆက်လက်ပြောကြားခဲ့သည်။



သမ္မတစီစီက ပင်လယ်ကွေ့နိုင်ငံများ၏လုံခြုံရေးသည် အီဂျစ်၏ အမျိုးသားလုံခြုံရေးပင်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ် အိမ်ရှေ့စံရာထူးရပြီးကတည်းက မိုဟာမက်ဘင် ဆယ်လ်မင်န်အနေဖြင့် ကိုင်ရိုသို့ သုံးရက်ကြာ ရောက်ရှိလာခြင်းသည် ၎င်း၏ ပထမဆုံးနိုင်ငံခြားခရီးစဉ်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆီးရီးယားတပ်ဖွဲ့ဝင်များ အရှေ့ဂူတာကို ပိုမိုအရှိန်မြှင့်တိုက်ခိုက်လာ




**ဒမတ်စကတ် မတ် ၅**

ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် မြို့တော်ဒမတ်စကတ်အနီးရှိ သူပုန်များ ထိန်းချုပ်ထားရာအရှေ့ဂူတာအတွင်း၌ တိုက်ခိုက်မှုများကို ပိုမိုအရှိန်မြှင့်တင်လုပ်ဆောင်လာလျက်ရှိကြောင်း သိရသည်။

ပိုမိုပြင်းထန်လာသည့် တိုက်ပွဲများကြောင့် ရာနှင့်ချီသောပြည်သူများသည် ၎င်းတို့၏နေအိမ်များမှ ထွက်ပြေးလျက်ရှိသည်။ ဆီးရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားက အစိုးရတပ်ဖွဲ့ဝင်များသည် အရှေ့ဂူတာရှိရေယာများကို ကျယ်ကျယ်ပြန့်ပြန့် သိမ်းယူနိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က အစိုးရတပ်ဖွဲ့များသည် သိမ်းပိုက်ခံထားရသည့် ရေယာများ၏ လေးပုံသုံးပုံခန့်ကို ပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း ဖော်ပြထားသည်။ တိုက်ပွဲများက မိသားစုရာပေါင်းများစွာကို ဒေသရှိ အလယ်ပိုင်းရေယာများဆီသို့ ထွက်ပြေးသွားစေခဲ့သည်။

သတင်းထောက်တစ်ဦးက အစိုးရတပ်ဖွဲ့များသည် လွန်ခဲ့သည့်ရက် အနည်းငယ်အကြာက ရေယာအချို့ကို မီးရှို့ခဲ့ပြီး ဒေသခံပြည်သူများမှာ ဆိုးရွားသည့်အခြေအနေများကို ရင်ဆိုင်နေရကြောင်း အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကိုရီးယားကျွန်းဆွယ်အရေးတွင် ဆက်ဆံရေးတိုးတက်မှုရရှိစေရန် တောင်ကိုရီးယားသံတမန်အဖွဲ့ မြောက်ကိုရီးယားသို့ ထွက်ခွာ

**ဆိုးလ် မတ် ၅**

တောင်ကိုရီးယားနိုင်ငံမှသံတမန်များသည် သမိုင်းဝင်အလည်အပတ်ခရီးစဉ်တစ်ခု သွားရောက်နေကြောင်း တောင်ကိုရီးယားသတင်းမီဒီယာက ဖော်ပြခဲ့သည်။ ၎င်းတို့သည် ဆွေးနွေးပွဲများကျင်းပရန်အတွက် မြောက်ကိုရီးယားသို့ ထွက်ခွာလာခဲ့ပြီဖြစ်ကြောင်း သိရသည်။




အာဏာပိုင်များ၏ပြောပြချက်အရ ကိုယ်စားလှယ်အဖွဲ့၏ရည်ရွယ်ချက်များအနက်တစ်ခုမှာ ဝါရှင်တန်နှင့်ပြုံယမ်းတို့အကြား ဆွေးနွေးပွဲများဖြစ်မြောက် ရေးအတွက် တွန်းအားပေးသွားရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။

တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဘိုက်ထယ်ဟျွန်းက ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ စကားပြောဆိုဆွေးနွေးရေးလမ်းဖွင့်သွားရန်နှင့် ထိုမှတစ်ဆင့်နောက်ဆုံးတွင် ကိုရီးယားကျွန်းဆွယ်နျူကလီးယားလက်နက်လျှော့ချရေးကို ဆောင်ကြဉ်းနိုင်ရန် အာရုံစိုက်သွားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနှင့် ဖြစ်နိုင်ဖွယ်ရှိသည့် ဆွေးနွေးပွဲမှန်သမျှတို့သည် နျူကလီးယားလက်နက်လျှော့ချရေးကိုသာ ဦးတည်သွားမည်ဖြစ်ကြောင်း အမေရိကန်က ယခင်ကတည်းက ပြောကြားခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းလုံခြုံရေးအာဏာပိုင်များသည် နှစ်ရက်ကြာအလည်အပတ်ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သွားမည် ဖြစ်သည်။ ကိုရီးယားကျွန်းဆွယ်နှင့် ပတ်သက်သည့် ဆက်ဆံရေးအခြေအနေများ မကြာသေးမီက တင်းမာသည့်အရိပ်အယောင်များရှိလာချိန်တွင် ယခုခရီးစဉ်ပေါ်ထွက်လာခြင်း ဖြစ်သည်။

ပြုံချမ်းအိုလံပစ်အားကစားပြိုင်ပွဲအတွင်း မြောက်ကိုရီးယားသည် ကစားသမားများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များကို တောင်ကိုရီးယားသို့စေလွှတ်ခဲ့သည်။ ယခုအကျော့ဆွေးနွေးပွဲများသည် ကိုရီးယားကျွန်းဆွယ်အရေးနှင့်ပတ်သက်သည့် ဆက်ဆံရေးအခြေအနေတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# လျှင်အန္တရာယ်ရှိသော မန္တလေးမြို့တွင် အဆောက်အအုံများဆောက်လုပ်ရာ၌ လျှင်ဒဏ်ကာကွယ်နိုင်ရန် ကြိုတင်ထည့်သွင်းစဉ်းစားသင့်



မန္တလေး မတ် ၅

**စစ်ကိုင်းပြတ်ရွေ့နှင့် နီးကပ်စွာတည်ရှိ နေသော မန္တလေးမြို့သည် အတိတ်ကာလက လှုပ်ခတ်ခဲ့သော လျှင်ဒဏ်များအား လေ့လာသုံးသပ်ချက်အရ လျှင်အန္တရာယ်ရှိသော မြို့ဖြစ်သည့်အတွက် အဆောက်အအုံများ ဆောက်လုပ်ရာတွင် လျှင်ဒဏ်ကာကွယ်နိုင်ရန် ထည့်သွင်းစဉ်းစားလုပ်ဆောင်သင့်ကြောင်း မြန်မာနိုင်ငံ လျှင်ကော်မတီ ဒုဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က ပြောကြားသည်။**

"မန္တလေးမြို့က လျှင်နဲ့ ပတ်သက်ပြီး အန္တရာယ်ရှိနေတယ်၊ ဒီမြို့နဲ့ နီးစပ်နေတဲ့ အမရပူရ၊ အင်းဝနဲ့ စစ်ကိုင်းမြို့တွေမှာ အတိတ်ကာလက လှုပ်ခတ်ခဲ့ဖူးတဲ့ လျှင်အကြောင်းနဲ့ အနာဂတ်မှာ ဖြစ်လာခဲ့ရင် ကြုံတွေ့ရမယ့် ဆိုးကျိုးတွေကို အဓိကဆွေးနွေးတာပါ"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တွင် ရောဝတီမြို့ပြဖွံ့ဖြိုးရေး အနာဂတ်အလားအလာနှင့် သမိုင်းထဲက လျှင်ခေါင်းစဉ်ဖြင့် လျှင်ဆိုင်ရာဆွေးနွေးပွဲကို မတ် ၃ ရက်က ချမ်းအေးသာစံမြို့နယ် လမ်း ၈၀ နှင့် ၃၅ လမ်းထောင့်ရှိ အောင်ပင်လယ်ခန်းမတွင် ပြုလုပ်ခဲ့ရာ ၎င်းဆွေးနွေးပွဲတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကို သဘာဝစိမ်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှ ဦးဆောင်ကျင်းပပြီး မြန်မာနိုင်ငံ လျှင်ကော်မတီမှ ဒေါက်တာမျိုးသန့်၊ မန္တလေးတက္ကသိုလ် ပထဝီဌာနကထိက ဒေါက်တာတင်မိုးလွင်၊ မန္တလေး အဝေးသင်တက္ကသိုလ်မှ ဒေါက်တာဝင်းဆွေနှင့် စာရေးဆရာကြီး ကိုလေး (အင်းဝ ဂုဏ်ရည်)တို့က အတိတ်ကာလက လှုပ်ခတ်ခဲ့သည့် လျှင်များအကြောင်းကို ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

"သဘာဝဘေးအန္တရာယ် ကျရောက်လာရင် ဘယ်လိုလိုက်လျောညီထွေဖြစ်အောင် နေထိုင်မလဲဆိုတာနဲ့ ဘယ်လိုကြိုတင်ကာကွယ်မလဲဆိုတဲ့ နည်းလမ်းနှစ်သွယ်ရှိတယ်၊ ကြိုတင်ကာကွယ်မှုအတွက် သက်ဆိုင်ရာအဖွဲ့အစည်းတွေ ပညာရှင်တွေနဲ့၊ အရပ်ဘက်အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ရမှာပါ၊ ဒါကြောင့် လူထုအနေနဲ့ ဘာတွေလုပ်ဖို့လိုအပ်သလဲဆိုတာတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ပေါင်းစပ်ပြီး လုပ်ငန်းလမ်းစဉ်တွေ ချမှတ်နိုင်အောင် ရည်ရွယ်ပြီး ဒီဆွေးနွေးပွဲကို ပြုလုပ်တာဖြစ်ပါတယ်"ဟု သဘာဝစိမ်း၊ သဘာဝပတ်ဝန်းကျင်အဖွဲ့မှ ဦးမောင်မောင်ဦးက ပြောသည်။

လက်ရှိအခြေအနေတွင် လျှင်အန္တရာယ်နှင့်ပတ်သက်၍ အစိုးရအဖွဲ့အစည်းများ၊ ပြည်သူများ၊ လူမှုအဖွဲ့အစည်းများနှင့် လျှင်ကော်မတီတို့ ပူးပေါင်း၍ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိပြီး စာသင်ကျောင်းများနှင့် တက္ကသိုလ်များတွင် လျှင်လှုပ်ခတ်ပါက ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သုဝဏ္ဏဝတီမြို့ မြို့မဈေးရှေ့ မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားနေ

**သုဝဏ္ဏဝတီမြို့ မတ် ၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက်ကော်ရပ်ကွက် မြို့မဈေးသည် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမကြီးဘေး၌ တည်ရှိနေပြီး ယခုအချိန်တွင် ယာဉ်အသွားအလာ များပြားလာမှုကြောင့် မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုများ၊ ယာဉ်အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။



အဆိုပါဈေးရှေ့၌ အဝေးပြေးလမ်းမကြီးနှင့် ဝဲ၊ ယာနှစ်ဖက်ရှိ လူနေအိမ်များ၊ ဈေးဆိုင်တန်းများသည် ကတ္တရာလမ်းမှ ခြောက်ပေ၊ ခုနစ်ပေခန့် နီးကပ်စွာတည်ရှိနေသောကြောင့် ၎င်းဈေး၏ ဘယ်ဘက်ခြမ်းတွင် တံတားညာဘက်ခြမ်း၌ လမ်းလေးခွဆုံရာ နေရာဖြစ်နေခြင်း၊ အဝေးပြေးလမ်းကွေ့နေရာဖြစ်နေခြင်း၊ ဈေးသွား၊ ဈေးလာသူများနှင့် အမြဲစည်ကားနေသောကြောင့် မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားနေကြောင်း သိရသည်။ "အရင်ကတော့ ဈေးရှေ့က အကျယ်ကြီးပါ၊ လူနေအိမ်တွေကပဲ တိုးသလား၊ ဈေးဆိုင်ခန်းတွေကပဲ တိုးသလားမပြောတတ်တော့ဘူး၊ အဝေးပြေးကားလမ်းမကလည်း ကားနှစ်စီးရှောင်သာရုံပဲရှိတယ်"ဟု သုဝဏ္ဏဝတီမြို့တွင်နေထိုင်သူတစ်ဦးက ပြောသည်။

အဆိုပါ သုဝဏ္ဏဝတီမြို့ မြို့မဈေးရှေ့တွင် ကားဂိတ်တစ်ခုနှင့် သုံးဘီးတက္ကစီယာဉ်များ၊ ဈေးဝယ်သူများ နေ့စဉ်စည်ကားလျက်ရှိသောကြောင့် ယာဉ်တစ်စီးပိတ်ဆို့မှုဖြစ်ပွားသည်နှင့် မြို့တွင်းလမ်းများပါ အချိန်အတော်ကြာ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားနေကြောင်း သိရသည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ လာရောက် စစ်ဆေးဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

**ခွန်(ဝင်းပ)**

# မယ်စဲ့မြို့နယ်၌ ကျေးရွာချင်းဆက်ကျောက်ချောလမ်း ကတ္တရာလမ်းအဆင့်မြှင့်တင်

**မယ်စဲ့ မတ် ၅**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် မယ်ဆည်နမ်-ဟိုဂျစ်ကျေးရွာချင်းဆက် အမာခံကျောက်ချောလမ်းမှ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လမ်းဦးစီးဌာနမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစတင်၍ လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၁၂၆ ဒသမ ၇၅ သန်းဖြင့် လမ်းအရှည် ကိုးမိုင်၊ ကတ္တရာလမ်းသားအကျယ် ၁၂ ပေ၊ ထုကိုးလက်မ ကတ္တရာခင်းခြင်းလုပ်ငန်း၊ လမ်းတာပေါင်အကျယ်ပေ ၃၀ ချဲ့ခြင်းလုပ်ငန်း၊ အဆိုပါလမ်းပေါ်ရှိ Box Culvert ၁၄ စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဌေးကြီးကြပ်၍ လမ်းလုပ်သား ၁၅၀ တို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒေသအတွက် အမှန်တကယ်အကျိုးပြုမည့် ကျေးရွာချင်းဆက်ကတ္တရာလမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

"ယခင်တုန်းကဆိုရင် ဒီဒေသဟာ လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲတဲ့အတွက် ပညာရေး၊ ကျန်းမာရေးက အစ အချိန်ကြာမြင့်စွာသွားလာရပါတယ်၊ အခု ဒီလမ်းမကြီးပြီးစီးသွားတဲ့အတွက် မယ်စဲ့မြို့ လွိုင်ကော်မြို့တို့ကို နေ့ညအချိန်မရွေး သွားလာနိုင်ပြီဖြစ်တဲ့အတွက် ဒေသခံပြည်သူတွေရဲ့ပညာရေး၊ ကျန်းမာရေးအပြင် ဒေသထွက်ကုန်တွေကို အချိန်တိုအတွင်း တင်ပို့ရောင်းချနိုင်မယ့်အတွက် လူမှုစီးပွားဘဝ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာတော့မှာ ဖြစ်ပါတယ်၊ ဒေသခံတစ်ဦးအနေနဲ့ ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ဟိုဂျစ်ကျေးရွာမှ ပြည်သူတစ်ဦးက ပြောသည်။

မယ်စဲ့မြို့သည် ကယားပြည်နယ်အတွင်း ကုန်းတွင်းပိတ်ဖြစ်ပြီး ကုန်းလမ်းကြောင်းတစ်ခုကိုသာ အဓိက အားထားသွားလာရသောဒေသတစ်ခုဖြစ်သည်။ နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးဖြစ်သည့် ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နန့်မန်း-ဘီပီ ၂၃ လမ်းသည် ကယားပြည်နယ် လမ်းကွန်ရက်အတွင်းရှိ အဓိကလမ်းမကြီးတစ်ခုဖြစ်ကာ ကယားပြည်နယ်အတွင်း ခရိုင်နှင့်မြို့နယ်များကို ဆက်သွယ်ပေးထားသည့် လမ်းတစ်လမ်းဖြစ်သည့် အားလျော်စွာ မယ်ဆည်နမ်-ဟိုဂျစ်လမ်းနှင့် အဓိကချိတ်ဆက်ထားသည့် လမ်းကွန်ရက်ဖြစ်သောကြောင့် ယခုအခါ အဆိုပါကျေးရွာချင်းဆက် ကတ္တရာလမ်းဖောက်လုပ်ပြီးစီးသွားသဖြင့် လမ်းဆုံ၊ လယ်တော၊ တောင်လှ၊ ဟိုဂျစ်၊ ဟိုဖ၊ နန့်ဟူးကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို များစွာ အထောက်အကူပြုမည်ဖြစ်ရာ မကြာမီ ဖွံ့ဖြိုးတိုးတက်လာမည့် အသီးအပွင့်များကို အမြန်ဆုံးခံစားရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ

၁။ **ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး**

(က) မူးယစ်ဆေးဝါးစိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သောမှုခင်းများ လျှော့ချရေး။

(ခ) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးရေးအတွက် ထိရောက်သောဥပဒေ ပြဋ္ဌာန်းသတ်မှတ်ရေး။

(ဂ) မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး။

(ဃ) ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော လုပ်ငန်းများအပေါ် မှီခိုနေရမှု လျှော့ချနိုင်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးအပါအဝင် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၂။ **သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး**

(က) ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ အန္တရာယ်ကျရောက်လွယ်သော လူအုပ်စုနှင့် ပြည်သူလူထုအတွက် မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ကုသမှုအခွင့်အလမ်းများ ပိုမိုရရှိစေရေးနှင့် ကုသရေးဝန်ဆောင်မှုများ၏ အရည်အသွေးပြည့်မီရေး။

(ဂ) မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့် လူထုအတွင်း ပြန်လည်ဝင်ဆံ့ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများနှင့် အန္တရာယ်များလျှော့ချရေး။

(င) ဆေးကုသရာတွင် အသုံးပြုသော ထိန်းချုပ်မူးယစ်ဆေးဝါးများအား စနစ်တကျမှန်ကန်လုံလောက်စွာ အသုံးပြုနိုင်ရေး။

၃။ **နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး**

မူးယစ်ဆေးဝါး ပြဿနာကို ကာကွယ်တားဆီးရာတွင် ဘုံပြဿနာအဖြစ် ကိုယ်စီတာဝန်ရှိသည်ဟူသော သဘောတရားကိုခံယူ၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး။

၄။ **သုတေသနလုပ်ငန်းများ တိုးမြှင့်ရေး**

မူးယစ်ဆေးဝါးပြဿနာ၏ ပကတိအခြေအနေမှန်ကို သိရှိနိုင်ရန် သုတေသနနှင့် ခွဲခြမ်းစိတ်ဖြာမှု (Research and Analysis) လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရေး။

၅။ **လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေး**

ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများအပါအဝင် အန္တရာယ်ကျရောက်လွယ်သော လူအုပ်စုများအတွက် ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ တရားမျှတမှု အခွင့်အလမ်းနှင့် လူမှုရေးဝန်ဆောင်မှုများရရှိစေရန် ဖန်တီးပေးရေး။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**

# အသိ၊ သတိ၊ အကြောက်တရားဖြင့် စောင့်ထိန်းရမည့် သက်ငယ်၊ သက်ကြီး မုဒိမ်းမှုများ

**ညီညီသန်း (နေပြည်တော်)**

နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၀၁၆ ခုနှစ်တွင် အသက် ၁၆ နှစ်အောက် ကလေးသူငယ်၊ သက်ငယ်မုဒိမ်းမှု ၆၇၁ မှုနှင့် အသက် ၁၆ နှစ်အထက် မုဒိမ်းမှု ၄၂၉ မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်တွင် အသက် ၁၆နှစ်အောက် သက်ငယ်မုဒိမ်းမှု ၈၉၇ မှုနှင့် အရွယ်ရောက်ပြီးသူ ၁၆ နှစ်အထက် ၅၀၈ မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်တွင် ၂၀၁၆ ခုနှစ်ကထက် သက်ငယ်မုဒိမ်းမှု ၂၂၆ မှုနှင့် သက်ကြီးမုဒိမ်းမှု ၇၉ မှု ပေါင်း ၃၀၅ မှု ပိုမိုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ ဖြစ်ပွားရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မုဒိမ်းမှုများကျူးလွန်ရသည့် အဓိကအကြောင်းအရင်းများမှာ လူသားဆန်သည့် စိတ်မရှိမှု၊ ဘာသာရေးအဆုံးအမ မရှိမှု၊ အသိပညာနည်းပါးမှုတို့အပြင် အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ကလေးငယ်များ၏ အင်အားနည်းပါးမှုနှင့် လွယ်ကူစွာအခွင့်အရေးရလွယ်ခြင်းတို့သည် တွန်းအားပေးနေသော အကြောင်းတရားများ ဖြစ်သည်။ အဆိုပါအကြောင်းတရားများ ပပျောက်ရေးအတွက် ရဲတပ်ဖွဲ့တစ်ခုတည်းအနေဖြင့် ကာကွယ်တားဆီး၍ မရနိုင်ကြောင်း တွေ့ရှိရသည်။ လူမှုရေးအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ မိဘဆရာများက ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။ မိန်းကလေးများ ဝတ်စားဆင်ယင်မှုကို ဆရာသမား၊ လူကြီးမိဘနှင့် မီဒီယာများမှ ဝိုင်းဝန်းတည့်မတ်ပေးကြရမည် ဖြစ်သည်။

အရွယ်မရောက်သေးသည့် ကလေးငယ်များကို မိခင်ဖြစ်သူ သို့မဟုတ် အုပ်ထိန်းသူများက ရင်အုပ်မကွာစောင့်ရှောက်ပေးရန် အရေးကြီးသည်။ ရပ်ရွာကပါ ဝိုင်းဝန်းစောင့်ရှောက်ပေးရန်လည်း လိုအပ်သည်။ လူပြတ်သောနေရာသို့ တစ်ယောက်တည်းစေလွှတ်ခြင်း၊ အိမ်တွင် အဖော်မဲ့ တစ်ဦးတည်းထားခဲ့ခြင်း၊ အိမ်နီးချင်းထံအပ်နှံခြင်း၊ ဆိုင်ကယ်အကြုံစီးစေခြင်း၊ မုန့်၊ ငွေကြေးပေး၍ မြူဆွယ်ခံရခြင်းတို့ကြောင့် ကျူးလွန်ခံရမှုများရှိသည့်အတွက် သူစိမ်းဖြစ်စေ၊ ခင်မင်ရင်းနှီးသူဖြစ်စေ၊ ဆွေမျိုးသားချင်းဖြစ်စေ အလွယ်တကူထားခဲ့ခြင်း၊ ထည့်ပေးခြင်းများ မပြုလုပ်သင့်သည်ကိုလည်း တွေ့ရှိရသည်။

၂၀၁၆ ခုနှစ်တွင် အသက် ၁၆ နှစ်အောက် ကလေးသူငယ်များ ကျူးလွန်ခံရသည့် သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုများမှာ နေပြည်တော်တွင် ၂၈ မှု၊ ကချင်ပြည်နယ် ၁၄ မှု၊ ကယားပြည်နယ် ၄ မှု၊ ကရင်ပြည်နယ် ၁၀ မှု၊ ချင်းပြည်နယ် ၅ မှု၊ စစ်ကိုင်းတိုင်းဒေသကြီး ၆၄ မှု၊ တနင်္သာရီတိုင်းဒေသကြီး ၁၅ မှု၊ ပဲခူးတိုင်းဒေသကြီး ၅၀၊ မကွေးတိုင်းဒေသကြီး ၄၇ မှု၊ မန္တလေးတိုင်းဒေသကြီး ၇၅ မှု၊ မွန်ပြည်နယ် ၃၁ မှု၊ ရခိုင်ပြည်နယ် ၂၄ မှု၊ ရန်ကုန်တိုင်းဒေသကြီး ၁၆၀၊ ရှမ်းပြည်နယ် ၅၃ မှုနှင့် ဧရာဝတီတိုင်းဒေသကြီး ၉၁ မှုတို့ဖြစ်သည်။

အသက် ၁၆ နှစ် အထက်မိန်းကလေးများ ကျူးလွန်ခံရသည့် မုဒိမ်းမှုဖြစ်ပွားမှုများမှာ နေပြည်တော်တွင် ၁၅ မှု၊ ကချင်ပြည်နယ် ၂၀၊ ကယားပြည်နယ် ၂ မှု၊ ကရင်ပြည်နယ် ၈ မှု၊ ချင်းပြည်နယ် ၄ မှု၊ စစ်ကိုင်းတိုင်းဒေသကြီး ၄၆ မှု၊ တနင်္သာရီတိုင်းဒေသကြီး ၄ မှု၊ ပဲခူးတိုင်းဒေသကြီး ၂၃ မှု၊ မကွေးတိုင်းဒေသကြီး ၃၁ မှု၊ မန္တလေးတိုင်းဒေသကြီး ၅၃ မှု၊ မွန်ပြည်နယ် ၂၂ မှု၊ ရခိုင်ပြည်နယ် ၂၀ မှု၊ ရန်ကုန်တိုင်းဒေသကြီး ၆၉ မှု၊ ရှမ်းပြည်နယ် ၁၃ မှုနှင့် ဧရာဝတီတိုင်း ဒေသကြီး ၉၈ မှုတို့ ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် အသက် ၁၆ နှစ်အောက်ကလေးသူငယ်များ ကျူးလွန်ခံရသည့် သက်ငယ်မုဒိမ်းမှု ဖြစ်ပွားမှုများမှာ နေပြည်တော်တွင် ၂၄ မှု၊ ကချင်ပြည်နယ် ၂၀ မှု၊ ကယားပြည်နယ် ၄ မှု၊ ကရင်ပြည်နယ် ၁၇ မှု၊ ချင်းပြည်နယ် ၃ မှု၊ စစ်ကိုင်းတိုင်းဒေသကြီး ၇၅ မှု၊ တနင်္သာရီတိုင်းဒေသကြီး ၃၉ မှု၊ ပဲခူးတိုင်းဒေသကြီး ၇၆ မှု၊ မကွေးတိုင်းဒေသကြီး ၇၀၊ မန္တလေးတိုင်းဒေသကြီး ၁၀၈ မှု၊ မွန်ပြည်နယ် ၄၄ မှု၊ ရခိုင်ပြည်နယ် ၂၂ မှု၊ ရန်ကုန်တိုင်းဒေသကြီး ၁၉၂ မှု၊ ရှမ်းပြည်နယ် ၄၆ မှုနှင့် ဧရာဝတီတိုင်းဒေသကြီး ၁၅၆ မှုတို့ဖြစ်သည်။

အသက် ၁၆ နှစ်အထက် မုဒိမ်းမှုဖြစ်ပွားမှုများမှာ နေပြည်တော်တွင် ၉ မှု၊ ကချင်ပြည်နယ် ၁၁ မှု၊ ကယားပြည်နယ် ၄ မှု၊ ကရင်ပြည်နယ် ၄ မှု၊ ချင်းပြည်နယ် ၃ မှု၊ စစ်ကိုင်းတိုင်းဒေသကြီး ၆၅ မှု၊ တနင်္သာရီတိုင်းဒေသကြီး ၁၂ မှု၊ ပဲခူးတိုင်းဒေသကြီး ၅၃ မှု၊ မကွေးတိုင်းဒေသကြီး ၄၃ မှု၊ မန္တလေးတိုင်းဒေသကြီး ၆၆ မှု၊ မွန်ပြည်နယ် ၁၇ မှု၊ ရခိုင်ပြည်နယ် ၃၂ မှု၊ ရန်ကုန်တိုင်းဒေသကြီး ၇၈ မှု၊ ရှမ်းပြည်နယ် ၂၄ မှုနှင့် ဧရာဝတီတိုင်းဒေသကြီး ၈၇ မှု တို့ဖြစ်သည်။

လူနှင့် လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်း မည်သို့မျှ လက်ခံနိုင်ဖွယ်မရှိသည့် ပုံမှန်မဟုတ်သော ဖောက်ပြန်မှု၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် သက်ငယ်မုဒိမ်းမှု၊ သက်ကြီးမုဒိမ်းမှုများကို သတိ၊ အသိနှင့်ယှဉ်၍ ရှောင်ရှားသွားရန် လိုအပ်ပေသည်။ ပြစ်မှုဖြစ်ပွားပါကလည်း သက်ဆိုင်ရာက ထိရောက်သည့် အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်နေသည်ကို ဥပဒေအသိရှိရန် လိုအပ်သကဲ့သို့ ပြစ်မှုကျူးလွန်သူများကိုလည်း လူမှုအသိုင်းအဝိုင်းမှ ကြဉ်ဖယ်ခံရမည်ဖြစ်သဖြင့် ကြိုတင်စဉ်းစားစောင့်ထိန်း၍ အသိတရား၊ အကြောက်တရားရှိကြရန် အထူးပင် လိုအပ်ပေသည်။ ။

> **“လူနှင့် လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွင်း မည်သို့မျှ လက်ခံနိုင်ဖွယ်မရှိသည့် ပုံမှန်မဟုတ်သော ဖောက်ပြန်မှု၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် သက်ငယ်မုဒိမ်းမှု၊ သက်ကြီးမုဒိမ်းမှုများကို သတိ၊ အသိနှင့်ယှဉ်၍ ရှောင်ရှားသွားရန် လိုအပ်ပေသည်”**

# သက်ငယ်မုဒိမ်းနှင့်ပတ်သက်၍ သူတို့အမြင် သူတို့စကား

**မြင့်မောင်စိုး**

အခုတစ်လော လူမှုကွန်ရက်စာမျက်နှာလို့ လူသိများတဲ့ ဖေ့စ်ဘုတ်မှာ တွေ့နေရတဲ့ အကြောင်းအရာတွေထဲမှာ သက်ငယ်မုဒိမ်းကိစ္စကလည်း ထိပ်တန်းအကြောင်းအရာတစ်ခုပါ။ သက်ငယ်မုဒိမ်းမှုတွေဟာ အတော်လေးစိပ်လာတာ သတိပြုမိပါတယ်။ လိုင်းပေါ်မှာဆဲကြ၊ ဆိုကြ၊ ဝေဖန်ကြ၊ ဒေါသထွက်ကြ၊ မခံမရပ်နိုင်အောင် ဖြစ်ကြနဲ့ အတော်လေး စိတ်ပျက်စရာကောင်းပါတယ်။ ဒါနဲ့ပတ်သက်ပြီး နာမည်ကြီးရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီကိုခန့်စည်သူကတော့ သဃ်န်းကျွန်းမှာ ပြုလုပ်တဲ့ သူ့ရဲ့ပရဟိတသင်တန်းကျောင်းဖွင့်ပွဲမှာ အခုလို ပြောဆိုသွားခဲ့ပါတယ်။

**အကယ်ဒမီခန့်စည်သူ**

လတ်တလော ဖြစ်ပျက်မှုအများဆုံး၊ ဝေဖန်မှုအများဆုံး မြင့်တက်နေတဲ့ ကိစ္စကတော့ အားလုံးသိထားတဲ့အတိုင်း သက်ငယ်မုဒိမ်းမှု ဖြစ်ပါတယ်။ သမိုင်းကြောင်းတစ်လျှောက်မှာ စံထားလောက်ဖွယ် စိတ်ကောင်း နှလုံးကောင်းတွေနဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းမှာတော့ အင်မတန်ရှက်စရာကောင်းတဲ့ အခြေအနေတစ်ရပ် ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် အခုဖြစ်ပွားနေတဲ့ ကိစ္စတွေအတွက်ဆိုရင် ကျူးလွန်နိုင်သူတွေဘက်ကိုရော ကျူးလွန်နိုင်ဖွယ်၊ ခံရဖွယ်ရှိတဲ့ ကလေးသူငယ်တွေ၊ အမျိုးသမီးတွေဘက်ပါ လုံလောက်တဲ့၊ ကျေနပ်လောက်တဲ့ အသိပညာပေးမှုတွေ အင်မတန်အားနည်းနေပါတယ်။ မဖြစ်မနေ လိုအပ်နေတယ်လို့ ကျွန်တော် ထင်ပါတယ်။

ဆက်ပြီးတော့ ကျွန်တော်တင်ပြရမယ်ဆိုရင် ကျွန်တော်စဉ်းစားမိတာကတော့ ဒီမုဒိမ်းမှုပဲဖြစ်ဖြစ်၊ ခိုးမှုပဲဖြစ်ဖြစ်၊ လူသတ်မှုပဲဖြစ်ဖြစ် ပြစ်မှုကျူးလွန်တော့မယ့်လူတစ်ယောက်ဟာ ပြစ်မှုကျူးလွန်တော့မယ်ဆိုရင် ပြစ်ဒဏ်က ကြီးလေးတာတွေ၊ ပြစ်ဒဏ်တွေက မပေါ့ဘူးဆိုတာ သိကြမှာပါ။ ပြောရမယ်ဆိုရင်တော့ လူသတ်မှု ကျူးလွန်မယ်။ ကျူးလွန်လည်း ပြစ်ဒဏ်ကကြီးပါတယ်။ ဒါကိုလည်း သိပါပါတယ်။ အထူးသဖြင့် နီးစပ်မှုတွေ၊ ယုံလွယ်မှုတွေ၊ ပေါ့ဆမှုတွေ၊ ဆင်ခြင်ဉာဏ်နည်းပါးမှုတွေ၊ မသက်သာလို့သာ ဘဝအခက်အခဲ စတဲ့ အားနည်းချက်တွေကနေ မုဒိမ်းမှုတွေဖြစ်ပွားနေတာ ကျွန်တော်တို့ မြင်တွေ့နေရပါတယ်။ အဲဒီပြစ်မှုကျူးလွန်တဲ့ အခွင့်အရေး ဘယ်ပြစ်မှုအတွက်မဆို ထိရောက်တဲ့ ပြစ်ဒဏ်မျိုးကို ပြဋ္ဌာန်းပေးဖို့ လိုအပ်တာ အမှန်ပါပဲ။ ဒါပေမယ့် ဒီနေရာမှာ အခြေအနေအခွင့်သာမှုအရ ကျူးလွန်တတ်တဲ့ သဘောသဘာဝကို ထည့်တွက်ရမှာ ဖြစ်ပါတယ်။ ဥပမာ တချို့က ကြီးလေးတဲ့ ပြစ်ဒဏ် သေဒဏ်ပေါ့။ အဲဒီ သေဒဏ်



သက်ငယ်မုဒိမ်းနှင့် သက်ငယ်မုဒိမ်းသေဒဏ်ပေးရေး ဥပဒေပြဋ္ဌာန်းပေးရန် ပြည်သူများလက်မှတ်ရေးထိုးကောက်ယူမှုကို မတ် ၄ ရက်က လှိုင်သာယာမြို့နယ် ပင်လုံဈေးအနီး ဆောင်ရွက်နေစဉ်။ မြို့နယ် (ပြန်/ဆက်)

တယ်။ အလားတူ မုဒိမ်းမှုတွေရှိမယ်။ မူးယစ်ဆေးဝါးမှုတွေ ရှိမယ်။ ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်တွေက မပေါ့ဘူးဆိုတာလည်း သိမှာပါ။ ပြောရမယ်ဆိုရင် ယုံကြည်ချက်ကြောင့် စတေးခဲ့ကြတဲ့ အကျဉ်းသားတွေကလွဲရင် ဘယ်သူမှ ထောင်ထဲမှာ တစ်ရက်တစ်မနက်တောင် နေချင်ကြမှာ မဟုတ်ပါဘူး။ ခက်တာက ကျွန်တော်တို့ဆီမှာ ဘာတွေကြုံနေရသလဲဆိုရင် ပညာရေးတွေ၊ စီးပွားရေးတွေ၊ အဘက်ဘက်က နိမ့်ကျနေတဲ့ အခြေခံလူတန်းစားတွေရဲ့ ပတ်ဝန်းကျင်မှာ အဖြစ်များနေတာ တွေ့ရသမားတွေ တော်တော်များများဟာ သူတို့ကိုပြန်ပြီးမခုခံနိုင်တဲ့၊ အော်ဟစ်မပြောနိုင်တဲ့၊ မသိနားမလည်တဲ့၊ အလွယ်တကူဖြားယောင်းလို့ရတဲ့ ကလေးသူငယ်တွေကို ပစ်မှတ်ထားပြီး ရွေးချယ်နေကြတာကိုလည်း တွေ့ရပါတယ်။ ဒီအချက်ကို မိဘတိုင်း၊ အုပ်ထိန်းသူတိုင်းက သတိထားရမယ်။ အလေးထားရမယ်။ ပြီးတော့ အစိုးရအဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေအပါအဝင် ကျွန်တော်တို့ ပြည်သူတွေကပါ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြဋ္ဌာန်းတဲ့အပေါ်မှာ ဘာတွေဖြစ်လာနိုင်သလဲဆိုတော့ ကျူးလွန်တဲ့သူက သေဒဏ်ကျမယ့်အတူတူ ပြဿနာမတက်အောင် သဲလွန်စဖျောက်ဖျက်အောင် နှုတ်ပိတ်တဲ့အနေနဲ့ မထူးဇာတ်ခင်းပြီး လူသတ်ဖျောက်ဖျက်တာတွေ ရှိလာနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ပြောရမယ်ဆိုရင်တော့ ပြစ်ဒဏ်နဲ့ ပညာပေးမှုကို ခေါင်းနဲ့ပန်းလို ယှဉ်တွဲထားစေလိုပါတယ်။ ဒီလိုပြစ်ဒဏ်ကျူးလွန်ရင် အဲလိုခံရတယ်ဆိုတာ ပညာပေးဖို့ လိုပါတယ်။ ဌာနဆိုင်ရာတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူတွေထဲအထိဆင်းပြီး ဟောပြောပွဲ၊ ဆွေးနွေးပွဲတွေ လုပ်ပေးမယ်။ ကျယ်ပြန့်တဲ့ ပညာပေးလုပ်ငန်းတွေ ကျွန်တော်တို့ အနုပညာရှင်တွေဘက်ကလည်း ဇာတ်လမ်းတိုတွေ ရိုက်ကူးပြသပေးတာတွေ၊ စာပေစာနယ်ဇင်းတွေကလည်း သတင်းဆောင်းပါးတွေ လူမှုကွန်ရက်ကနေ တင်ပေးတာမျိုးလေးတွေ၊ စာသင်ကျောင်းတွေမှာလည်း ပညာပေးဟောပြောတာတွေ လုပ်ပေးမယ်ဆိုရင်တော့ အတော်လေးခရီးပေါက်ထိရောက်မယ်လို့ ယုံကြည်ပါတယ်။



**သဃ်န်းကျွန်းလွှတ်တော်ကိုယ်စားလှယ် ဦးရွှေလဝန်း**

အကယ်ဒမီ ကိုခန့်စည်သူက သက်ငယ်မုဒိမ်းကိစ္စပြောသွားတဲ့အတွက် ကျွန်တော့်အနေနဲ့ ပြောလိုတာလည်း ရှိပါတယ်။ ကျွန်တော်ပြောတဲ့စကားဟာ ကျွန်တော့်ပါတီရဲ့အာဘော်လည်း မဟုတ်ပါဘူး။ ကျွန်တော့်လွှတ်တော်ရဲ့အာဘော်လည်း မဟုတ်ပါဘူး။ ကျွန်တော်ရဲ့ တစ်ယောက်တည်း တွေးခေါ်ထားတဲ့ အတွေးအခေါ်လေးဖြစ်ပါတယ်။ ကျွန်တော်တို့က ဥပဒေတစ်ခုပြုမယ်ဆိုလို့ရှိရင် ဒီဥပဒေတစ်ခုတည်းကိုပဲ ကြည့်ရတာ မဟုတ်ပါဘူး။ ဒီဥပဒေနဲ့ ဆက်စပ်နေတဲ့ တခြားသော ဥပဒေတွေကိုလည်း အကုန်လုံးကို ဆက်စပ်ကြည့်ရပါတယ်။ သက်ငယ်မုဒိမ်းမှုကို ကျွန်တော်လည်း မကြိုက်ပါဘူး။ လူမဆန်တဲ့ကိစ္စ၊ ဒီလိုလူမျိုးသေသွားတော့ကော ဘာနှမြောစရာရှိလဲ၊ သေဒဏ်ပဲပေါ့။ ဒါပေမယ့် ကျွန်တော်တို့မှာ စဉ်းစားရမှာက ဒီသက်ငယ်မုဒိမ်းကျင့်သူဟာ သက်ငယ်မုဒိမ်းအဖြစ်ခံမလား၊ လူသတ်မှုအဖြစ်ခံမလား။ လူသတ်မှုပဲအဖြစ်ခံမယ်ဆိုရင်၊ သက်ငယ်မုဒိမ်းမှုက သေဒဏ် လူသတ်မှုက ၁၀ နှစ်၊ ၁၂ နှစ်၊ ၇ နှစ်လောက်ပဲဖြစ်ရင် အလောင်းဖျောက်တာတွေ ရှိလာနိုင်ပါတယ်။ သက်ငယ်မုဒိမ်းမဖြစ်အောင် အလောင်းပေါ်က ကျူးလွန်ထားတဲ့ မုဒိမ်းမှုကို ဖျောက်ဖျက်ပြီး လူသတ်မှုကို ပိုပြီးဖြစ်စေနိုင်တဲ့ အနေအထားတွေ့ရမှာ ဖြစ်ပါတယ်။ မုဒိမ်းမှုတော့ အဖြစ်မခံတော့ဘူး၊ လူသတ်မှုသာ အဖြစ်ခံမယ်ဆိုတာမျိုးတွေ လုပ်လာနိုင်ပါတယ်။ ဒါကြောင့် ဥပဒေတစ်ခု ပြဋ္ဌာန်းမယ်ဆိုရင် ဘက်ပေါင်းစုံက သုံးသပ်ကြည့်ရမှာ ဖြစ်ပါတယ်။ ။

# မြန်မာနိုင်ငံ၌ ရှစ်နှစ်အတွင်း တောဆင်ရိုင်းအကောင်ရေ ၁၄၀ ကျော် သတ်ဖြတ်ခံရမှုနှင့် သေဆုံးမှုရှိနေ

မြန်မာနိုင်ငံ၌ ၂၀၁၀ မှ ၂၀၁၇ ခုနှစ်ထိ ရှစ်နှစ်အတွင်း တောဆင်ရိုင်းအကောင်ရေ ၁၄၀ ကျော်သေဆုံးမှုနှင့် သတ်ဖြတ်ခံရမှုရှိနေကြောင်း မတ် ၃ ရက်တွင် ကျရောက်သည့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့အထိမ်းအမှတ်အခမ်းအနားတွင် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်) မှ ဦးအောင်ကျော်က ပြောသည်။

အဆိုပါ အခမ်းအနားကို သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့ပူးပေါင်း၍ မဟာမုနိဘုရားကြီး၊ မိုးကောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ပြီး တိရစ္ဆာန်အစိတ်အပိုင်းနှင့် ပြုလုပ်သည့် အမှတ်တရပစ္စည်းများ ရောင်းချခြင်းမရှိစေရန်နှင့် တောကောင်သားဟင်းလျာများ ရောင်းချခြင်း မရှိစေရေးကို ဘုရားစောင်းတန်းနှင့် အနီးပတ်ဝန်းကျင်တွင် ရောင်းချနေသောဈေးဆိုင်များ သိရှိရန်ရည်ရွယ်၍ ဂေါပကအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"တောရိုင်းတိရစ္ဆာန်တွေရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတွေ အများအပြားရှိနေတာ တွေ့ရတယ်။ သစ်တောဦးစီးဌာနကလည်း အရေးယူမှုတွေ လုပ်နေပေမယ့် လျော့ကျသွားတာ မရှိဘဲ အိမ်နီးချင်းနိုင်ငံတွေကို တရားမဝင်ရောင်းဝယ်မှုတွေ ရှိနေတယ်၊ အထူးသဖြင့် တောဆင်ရိုင်းသတ်ဖြတ်မှုတွေ ပိုများလာတယ်၊ အရင်ကတော့ ဆင်စွယ်ရလိုမှုနဲ့ သတ်ခဲ့ကြပေမယ့် ၂၀၁၃ နောက်ပိုင်း ဆင်စွယ်သာမက ဆင်ရေခွံပါ ဈေးကွက်ရှိလာတဲ့အတွက် သတ်ဖြတ်မှုတွေ များလာတယ်" ဟု ၎င်းက ပြောသည်။

တရားမဝင်ရောင်းဝယ်ဖောက်ကားမှု လျှော့ချနိုင်ရေးအတွက် မန္တလေး၊ လားရှိုး၊ မူဆယ်၊ ရွှေလီ လမ်းကြောင်းကို အဓိကထားကာ ဆောင်ရွက်လျက်ရှိရာတွင် မန္တလေးမြို့သည် အဓိက အချက်အချာကျသည့် နေရာဖြစ်သည့်အတွက် လူထုပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် အဖွဲ့များအား သင်တန်းပေးခြင်းများလည်း ပြုလုပ်ပေးနေကြောင်း သိရသည်။

၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ်အထိ သစ်တောဦးစီးဌာန ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံအတွင်း တောဆင်ရိုင်းအကောင်ရေ ၆၀၀၀ ကျော်ရှိရာမှ ယခုနောက်ပိုင်းတွင် ဆင်ကောင်ရေ ၂၀၀၀ နှင့် ၃၀၀၀ အတွင်းသာရှိတော့သဖြင့် လျော့ကျလာကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



ကျောက်တံခါးမြို့နယ်အတွင်း အရေခွံခွာ၍ အသတ်ခံခဲ့ရသည့် တောဆင်ရိုင်းတစ်ကောင်

# ရွှေကျင်မြို့၌ ကျက်စားသည့် ဥဒေါင်းငှက် မျိုးသုဉ်းမပျောက်ကွယ်ရေး ထိန်းသိမ်းပေး

**ရွှေကျင် မတ် ၅**

ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရပြီဖြစ်သော ဥဒေါင်းငှက်ကို ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း ရွှေကျင်မြို့နယ်အတွင်း အရှေ့ရိုးမတောင်ခြေနှင့် တောင်ငူ-ကျောက်ကြီး-ရွှေကျင်-စစ်တောင်း-မုပ္ပလင် ကားလမ်းအကြားရှိ ဘောကထာကျေးရွာ အရှေ့ဘက်တောများနှင့် တောင်ယာစိုက်ခင်းများ၌ ၂၀၀၅ ခုနှစ်အထိ ပေါများစွာတွေ့ခဲ့သော်လည်း နည်းမျိုးစုံဖြင့် ဖမ်းဆီးသတ်ဖြတ်နေကြ၍ လက်ရှိတွင် အကောင်ရေအနည်းငယ်သာ ကျက်စားတော့ကြောင်း မတ် ၂ ရက်က ရွှေကျင်မြို့နယ် မြောက်ဘက်ဘောကထာကျေးရွာမှ ဒေသခံပြည်သူများ၏ ပြောပြချက်အရ သိရသည်။

**ရောင်းဝယ်ဖောက်ကား**

ဥဒေါင်းငှက်မျိုးစိတ်များကို အသားအဖြစ် စားသောက်ရန်အတွက်လည်းကောင်း၊ အမွေး၊ အတောင်များကို အလှအပဆင်ရာတွင် အသုံးပြုရန်အတွက်လည်းကောင်း၊ ရောင်းဝယ်ဖောက်ကားရန်အတွက်လည်းကောင်း ဖမ်းဆီးကြသည်။

"ဒီတောထဲမှာ ဥဒေါင်းငှက်ကို ၂၀၀၅ ခုနှစ်လောက်အထိ ပေါပေါများများ တွေ့သေးတယ်၊ အဲဒီအချိန်ကာလက အကောင်အရေအတွက်အနေနဲ့ ခန့်မှန်းပြောရရင် အကောင် ၂၀ အထက် တွေ့တာ၊ အခုဆိုရင် နှစ်ကောင်ကနေ ငါးကောင်လောက်ပဲ တွေ့တော့တယ်၊ ဒီအချိန်က အမွေးအတောင်ချွတ်ချပြီး လူသွားလူလာ ခေါင်းပါးတဲ့ တောထဲမှာ ဥဥတယ်၊ သူ့ရဲ့ဥက ငန်းဥလိုပဲ အဖြူရောင်ပါ၊ ၄၅ ရက်လောက်ဆိုရင် သားပေါက်တယ်၊ အခုဆိုရင် ဥဒေါင်းမကြီးတွေ ဥဥနေတာကို ဥဒေါင်းဖိုကြီးတွေက တောထဲမှာ စောင့်ရှောက်နေတဲ့အချိန်ပေါ့၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလတွေမှာတော့ တောင်ယာခင်းမှာ စိုက်ထားတဲ့ မြေပဲပင်ကို ကြက်ယက်သလိုယက်ထုတ်ပြီး၊ မြေပဲဥကိုစားတယ်၊ ပဲလွမ်းဖြူ၊ ပဲတီးရွှေဝါကို အတောင့်လိုက်မျိုတယ်၊ စပါးလည်း စားတယ်၊ အဲဒီကာလတွေမှာ တောင်ယာခင်းထဲမှာရှိတဲ့ သက်တမ်းရင့်မြင့်မားတဲ့ သစ်ပင်ကြီးတွေမှာ အိပ်တန်းတက်နားခိုနေထိုင် ကျက်စားတယ်၊ အခုတပေါင်းလမှလွဲပြီး၊ ကျန်တဲ့လတွေမှာ "အိုးဝေ အိုးဝေ" လို့ အသံထွက်တယ်၊ ဆိုးတာက ဥဒေါင်းရဲ့အသားက ကြက်သားထက် အရသာပိုရှိတော့ အသားကိုစားကြတာများတယ်၊



ရွှေကျင်မြို့နယ် မြောက်ဘက် ကျေးရွာအချို့ရှိ ဒေသခံအချို့ ထံတွင် ထောင်ချောက်နှင့် ထောင်ဖမ်းမှုကြောင့် သေဆုံးသွားသည့် ဥဒေါင်းငှက်ဖို၏ အရှည် သုံးတောင်ခန့်ရှိ အမြီးကွက်ကို တွေ့ရစဉ်။

အမွေးတောင်ကို ရောင်းစားတယ်၊ ဖမ်းဆီးတာကလည်း နည်းမျိုးစုံလာတယ်၊ ကြာလာရင် မျိုးသုဉ်းလာလိမ့်မယ်၊ ဖမ်းဆီးတဲ့လူက ပိုများလာနေတယ်" ဟု ဘောကထာကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

ကမ္ဘာပေါ်တွင် ဥဒေါင်းငှက်မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်တော့မည့် အခြေအနေမျိုးတွင်ရှိရာ ဒေသရင်းမျိုးစိတ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ဒေသခံပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်လာသည်။

**ကာကွယ်ထိန်းသိမ်း**

ဘောဂထာကျေးရွာ အရှေ့ဘက် တောင်ယာစိုက်ခင်းများရှိ သက်တမ်းရင့်မြင့်မားသော သစ်ပင်ကြီးများ၌ တစ်ပင်လျှင် အိပ်တန်းတက်ချိန် ညနေ ၅ နာရီနောက်ပိုင်း နှစ်ကောင်မှ ငါးကောင်အထိ တွေ့ရှိနိုင်သေးကြောင်း၊ ယနေ့အချိန်တွင် တောများ၊ တောင်ယာစိုက်ခင်းများ၌ ဥဒေါင်းငှက်များ ရှိနေသော်လည်း ယခုအတိုင်းဆက်သွားပါက နောင်နှစ်ကာလကြာမြင့်လာပါက ဥဒေါင်းငှက် မျိုးသုဉ်းသွားနိုင်ပြီး ထိထိရောက်ရောက် ကာကွယ်ထိန်းသိမ်းပါက ကောင်ရေတိုးတက်လာနိုင်သည့် အနေအထားတွင် ရှိနိုင်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

**အရေအတွက် နည်းပါးလာ**

ဥဒေါင်းငှက်သည် ကမ္ဘာပေါ်တွင် ၁၀ နိုင်ငံသာ တွေ့ရှိရပြီး မျိုးသုဉ်းလုအန္တရာယ်နှင့် ရင်ဆိုင်နေရသော ငှက်မျိုးစိတ်တစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံ၌ ၁၉၉၀ ပြည့်နှစ်မတိုင်မီက ပေါများစွာတွေ့ခဲ့သော်လည်း ယခုအခါ အကောင်အရေအတွက် နည်းပါးလာသည်ကို ငှက်စာရင်းကောက် သုတေသနပြုနေသူများက သတိပြုမိခဲ့ကြကြောင်း သိရသည်။

**မျိုးသုဉ်းတော့မည်**

ယခုအခါ ကမ္ဘာပေါ်ရှိ ဥဒေါင်းငှက်၏ အကောင်အရေအတွက်မှာ နှစ်ပေါင်း ၂၀ အတွင်း (near theratened) မျိုးသုဉ်းလုနီး ခြိမ်းခြောက်ခံနေရသော မျိုးစိတ်မှ (vulnerable) မျိုးသုဉ်းလုနီးပါးမျိုးစိတ်၊ ထိုမှတစ်ဖန် (endangered) မျိုးသုဉ်းရန် စိုးရိမ်နေရသော မျိုးစိတ်ထိတိုင် နှစ်အနည်းငယ်အတွင်း ပြောင်းလဲသွားသည်ကို ကြည့်ခြင်းဖြင့် ဥဒေါင်းငှက်သည် ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်နှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း ငှက်မျိုးစိတ်ကို လေ့လာနေကြသော ပညာရှင်အချို့၏ ရေးသားဖော်ပြထားချက်အရ သိရသည်။

**အဆင့် (၂) သတ်မှတ်ထား**

ဥဒေါင်းငှက်မျိုးစိတ်များကို ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရသော မျိုးစိတ်များတွင် အဆင့် (၂) သတ်မှတ်ထားပြီး မြန်မာနိုင်ငံတွင် ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ လုံးဝကာကွယ်စောင့်ရှောက်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ပါဝင်ထားကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- ပိန်းဇလုပ်-သိန်းညွန့်**

# ဖားကန့်မြို့နယ်၌ အချိန်အခါမဟုတ် မိုးရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခြင်းကြောင့် အိမ်နှစ်လုံး ပျက်စီး

**ဖားကန့် မတ် ၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် နန့်ယားကျေးရွာ၌ မတ် ၃ ရက် မွန်းလွဲ ၂ နာရီခွဲက အချိန်အခါမဟုတ် မိုးသီးမိုးများရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် လူနေအိမ်နှစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။(ဓါတ်ပုံ)



ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် ကာမိုင်း-ဖားကန့်လမ်း နန့်ယားကျေးရွာ၌ မတ် ၃ ရက်မွန်းလွဲပိုင်းက အချိန်အခါမဟုတ် မိုးသီးမိုးများရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့ခြင်းကြောင့် နန့်ယားကျေးရွာ ပတ္တမြားရပ်ကွက်နေ ဒေါ်ဘောက် (၄၃) နှစ်၏ နှစ်ခန်းတွဲနေအိမ် သွပ်မိုးများ ကွာကျပျက်စီးခြင်း၊ ဦးစောသော (၆၀) နှစ်၏ နှစ်ခန်းပတ်လည် သွပ်မိုး၊ ထရံကာ နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးခဲ့သော နေရာများသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပရဟိတအသင်းအဖွဲ့များက သွားရောက်ကူညီပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင်- ကချင်မြေ**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စုပေါင်းလေ့ကျင့်

**ဂွ မတ် ၅**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးဌာနတို့ပူးပေါင်းကာ မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်လေ့ကျင့်ခြင်းကို မတ် ၃ ရက်က မြို့နယ်ကျေးလက်ဦးစီးဌာန ရုံးဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။ မီးဘေးအန္တရာယ်ကျရောက်သည့်အခါ လျင်မြန်ထိရောက်စွာ တုံ့ပြန်နိုင်ရန်အတွက် ကြိုတင်လေ့ကျင့်ခြင်းတွင် လောင်စာဆီမီးလောင်မှုသရုပ်ပြလေ့ကျင့်ခြင်း၊ အသုံးအဆောင်ပစ္စည်းမီးလောင်မှု သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကျေးလက်ဦးစီးမှူး ဦးဦးစောဝင်းက ပြောသည်။

**အောင်လှဖြူ**




# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနား ကျင်းပ

**ညောင်ရွှေ မတ် ၅**

မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women's Day) အခမ်းအနားကို မတ် ၄ ရက်က ညောင်ရွှေမြို့ ဟူပင်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးတို့က အမှာစကားပြောကြားပြီး ရွှေအင်းသူ ကိုယ့်အားကိုယ်ကိုး အမျိုးသမီးအဖွဲ့မှ စီမံကိန်းမန်နေဂျာ ဒေါ်နှင်းနှင်းအုန်းက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသမီးနှင့် နိုင်ငံရေး၊ ကိုယ့်အားကိုယ်ကိုး အမျိုးသမီးအဖွဲ့ဝင်များ၏ ဘဝ၏အောင်မြင်မှု၊ ပတ်ဝန်းကျင်တွင် ကြုံတွေ့နေရသော အမျိုးသမီးများအပေါ် ထင်မြင်ချက်၊ တိုးမြှင့်ဆက်ချီ ရွှေအင်းသူတို့ စွမ်းဆောင်ရည် စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် နမ့်စန်ပင်မဓာတ်အားခွဲရုံ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မတ် ၃ ရက် နံနက်ပိုင်းတွင် ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်-၅ တည်ဆောက်ရေးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ကြည့်ရှုစစ်ဆေးသည်။**

အဆိုပါစီမံကိန်း၏ ပင်မရေလှောင်တမံမှာ အလျားပေ ၁၈၀၀၊ အမြင့်ပေ ၂၃၀ ရှိ ဇုန်အမျိုးအစားတမံဖြစ်ပြီး ကန်ရေ ပြည့်ရေသိုလှောင်ပမာဏမှာ ၁၀၄၀၀၀ ဧကပေ သိုလှောင်နိုင်ပြီး စက်တပ်ဆင်အင်အား ၁၇ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၅၁ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၇ သန်း ထုတ်လုပ်ပေးနိုင်မည့် ဒေသအကျိုးပြုစီမံကိန်းတစ်ခုဖြစ်သည်။



အလားတူ ကျိုင်းတောင်းမြို့၏ တောင်ဘက် ၁၈ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် တည်ဆောက်ပြီး ကျိုင်းတောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ စက်တပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ သန်းပေါင်း ၃၇၇ ဒသမ ၆ သန်းကို နိုင်ငံတော်ဓာတ်အား စနစ်နှင့် ချိတ်ဆက် ဓာတ်အားပို့လွှတ်ပေးလျက်ရှိသည်။

အထက် ကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်းအား ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် ပြီးစီးရန် လျာထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယင်းစီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများနှင့် လက်ရှိကျိုင်းတောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို နမ့်စန် ပင်မဓာတ်အားခွဲရုံသို့ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းဖြင့် ချိတ်ဆက်၍ နိုင်ငံတော်ဓာတ်အား စနစ်သို့ ဖြန့်ဖြူးပေးသွားမည့်အပြင် နိုင်ငံတော်ဓာတ်အားစနစ် မရောက်ရှိသေးသည့် ကျိုင်းတုံမြို့အပါအဝင် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများသို့ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံဓာတ်အားလိုင်းသစ် ၁၅၅ မိုင် တည်ဆောက်ရေးစီမံကိန်းနှင့် ထွက်ရှိလာမည့် ဓာတ်အားများကို လက်ခံဖြန့်ဖြူးပေးနိုင်ရန် နမ့်စန်ခွဲရုံအတွင်း ၂၃၀ကေဗွီ Switch Yard တိုးချဲ့ခြင်းလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြီးစီးသွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။

အလားတူ ကျိုင်းတုံမြို့နှင့် မိုင်းပျဉ်းမြို့များတွင်လည်း ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းအား ဓာတ်အားလိုင်း စီမံကိန်းနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မတမံမြေဖို့ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ ကျောက်သားနံရံခိုင်ခန့်မှုလုပ်ငန်း၊ ရေထိန်းတံခါးပြွန်မြေကြီးကျောက်သား တူးဖော်ခြင်းလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးမှ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ၂၃၀ ကေဗွီ နမ့်စန် ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် ဓာတ်အားခွဲရုံမှူးက ဓာတ်အားလက်ခံ၊ ပို့လွှတ်၊ ဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း၊ မဟာဓာတ်အားလိုင်းမှူး (နမ့်စန်)က ဓာတ်အားလိုင်းများ ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဓာတ်အား ပို့လွှတ်ရေးစီမံကိန်းများဌာန (မြောက်ပိုင်း)ညွှန်ကြားရေးမှူးက ၂၃၀ ကေဗွီ နမ့်စန်- မိုင်းပျဉ်း - ကျိုင်းတုံ ဓာတ်အားလိုင်းသစ် ၁၅၅ မိုင် တည်ဆောက်ခြင်းနှင့် နမ့်စန်ဓာတ်အားခွဲရုံအတွင်း Switch Yard တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအား မှာကြားခဲ့ပြီး Switch Yard တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေ အနေများအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ကန့်ဘလူမြို့ရှိ အထက(၁)ကျောင်းဆောင်သစ်ဆောက်လုပ်မှု ၇၀ ရာခိုင်နှုန်းကျော်ပြီးစီး

**ကန့်ဘလူ မတ် ၅**

ကန့်ဘလူမြို့နယ်၌ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍတွင် ကျောင်းဆောင်သစ်လိုအပ်ချက်များ အဆင်ပြေစေရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး



အစိုးရ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြည်တော်သာကျေးရွာ၊ တမာပင်လွင်ကျေးရွာ၊ အိုင်ပေါင်းချောင်ကျေးရွာ၊ ညောင်ကန်သာကျေးရွာ၊ ကျေးတောကျေးရွာ၊ ရွှေစင်ချောင်းကျေးရွာ၊ ရင်ခတ်ကုန်းကျေးရွာ၊ ဆည်ဝကျေးရွာ၊ ခေါ်သန္တိကျေးရွာ၊ ကျောက်ဆည်ကန်ကျေးရွာ၊ ဆီဆုံကြီးကျေးရွာ၊ ပင့်သာကျေးရွာ၊ လက်ဆည်ကျေးရွာနှင့် ချောင်းကန်ကျေးရွာများရှိ အခြေခံပညာကျောင်းများ၌ ကျောင်းဆောင်သစ် ၁၄ ဆောင်ကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အထက(၁)ကျောင်းတွင် အနီးဝန်းကျင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက စတင်ဆောက်လုပ်ခဲ့သော နှစ်ထပ်အာရ်စီ ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ရာ မကြာမီဖွင့်လှစ်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံပေ ၃၀၊ အမြင့် ၂၁ ပေရှိ နှစ်ထပ်အာရ်စီ အဆောက်အအုံဖြစ်ပြီး အဆိုပါ တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ၁၆၈ သန်းဖြင့် သိဃ်နေဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေခြင်းဖြစ်သည်။ ကန့်ဘလူမြို့ အထက(၁)ကျောင်းတွင် အနီးဝန်းကျင်ကျေးရွာများမှ ကျောင်းသားကျောင်းသူများလည်း လာရောက်ပညာသင်ကြားလျက်ရှိရာ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးပါက ကျောင်းသားကျောင်းသူများ၏ပညာသင်ကြားမှုကို ပိုမိုအဆင်ပြေစေမည်ဖြစ်သည်။

အဆိုပါ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် ခရိုင်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်အရည်အသွေး စစ်ဆေးရေးကော်မတီဝင်များ၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများက ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး ဦးစိုးသန်းက ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

---

# တာချီလိတ်မြို့နယ်ရှိ အထင်ကရနေရာများသို့ ချင်းရိုင်းခရိုင်မှ စက်ဘီးစီးအဖွဲ့ လေ့လာ

**တာချီလိတ် မတ် ၅**

ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင်အတွင်းရှိ စက်ဘီးစီးအဖွဲ့ ၁၀ ဖွဲ့မှ စက်ဘီးစီးသမား ၈၀ ကျော် ပါဝင်သည့် အဖွဲ့သည် မတ် ၄ ရက်က တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက် ရှမ်းရိုးမကုန်တိုက်ရှေ့မှ စတင်၍ မိုင်းဖုန်း(က)ကျေးရွာအုပ်စုရှိ မိုင်းဖုန်းဆရာတော်ကျောင်းတိုက် ဝမ်ပုံဆိပ်ကမ်းတို့တွင်ဘုရားဖူးနှင့် လေ့လာရေးခရီးအဖြစ် စက်ဘီးစီးနင်းသွားရောက်ကြောင်း သိရသည်။

"ကျွန်တော်တို့ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စုမှာရှိတဲ့ မိုင်းဖုန်းဆရာတော် ကျောင်းတိုက်မှာ ဘုရားဖူးမယ်၊ စက်ဘီးစီးသမားတွေ စုပေါင်းပြီး အလှူငွေလှူဒါန်းမှုလုပ်မယ်၊ ပြီးရင် မဲခေါင်မြစ်ကမ်းရှိ ဝမ်ပုံဆိပ်ကမ်းရယ်၊ ဇွဲသာယာအပန်းဖြေနေရာကို သွားရောက်လေ့လာမှာဖြစ်ပါတယ်၊ အခုလို လာရောက်တာကတော့ မြန်မာ-ထိုင်းနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ခိုင်မြဲရေးရယ်၊ စက်ဘီးအားကစားသမားတွေ ကျန်းမာရေးပိုမိုကောင်းမွန်စေဖို့ အထောက်အကူဖြစ်စေတဲ့အတွက် လာရောက်စက်ဘီးစီးနင်းခြင်း ဖြစ်ပါတယ်" ဟု ထိုင်းနိုင်ငံ DAG BIKE မှ အဖွဲ့ခေါင်းဆောင် Mr. Htaesakhon က ပြောသည်။




ထိုင်းနိုင်ငံဘက်မှ ဝင်ရောက်လာသည့် စက်ဘီးစီးခရီးသွားဧည့်သည်များကို တွေ့ရစဉ်။

"ကျွန်တော်တို့ တာချီလိတ်ကို ယခုလာရောက်စက်ဘီးစီးတဲ့ အဖွဲ့ဟာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းကလည်း တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်အတွင်းမှာ ပြုလုပ်တဲ့ ဆေးလိပ်ငွေ့ကင်းစင်ရေး စုပေါင်းစက်ဘီးစီးနင်းမှု၊ ခရီးကြမ်းစက်ဘီးစီးပြိုင်ပွဲတို့မှာ လာရောက်စီးနင်းတဲ့ အဖွဲ့လည်းဖြစ်တယ် "ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

အဆိုပါ အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင်အတွင်းရှိ ချင်းရိုင်း၊ မယ်ကျန့်၊ မယ်ဆိုင်မြို့များမှ စက်ဘီးစီးအားကစားသမား ၈၀ ကျော် တာချီလိတ်မြို့မှ စက်ဘီးစီးအားကစားသမားများ ပူးပေါင်းပါဝင်၍ စက်ဘီးစီးနင်းခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

---

# ခင်ဦးမြို့နယ်ရှိ ဆွေးမြည့်ဓာတ်တိုင်များအား အသစ်လဲလှယ်

**ခင်ဦး မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် ဆွေးမြည့်ဓာတ်တိုင်များကို အသစ်လဲလှယ်ခြင်းလုပ်ငန်းကို ၁၁ ကေဗွီ အင်ကြင်းပင်လိုင်းနှင့် လက်ပံလှလိုင်းတို့တွင် ဆောင်ရွက်လျက်ရှိသည်။

ဆွေးမြည့်သစ်သားတိုင်၊ သံတိုင်များနှင့် သစ်သားလက်တန်းများကို ၁၀ မီတာ ကွန်ကရစ်တိုင်နှင့် Galvanized Iron လက်တန်းများဖြင့် လဲလှယ်ဆောင်ရွက်လျက်ရှိရာ အင်ကြင်းပင်လိုင်းတွင် ဓာတ်တိုင် ၂၂၃ တိုင်နှင့် လက်ပံလှလိုင်းတွင် ၉၄ တိုင်ကို မတ် ၁၀ ရက်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခင်ဓာတ်တိုင်များမှာ လယ်ကွင်းများအတွင်းမှ ဖြတ်သွားကာ သစ်သားတိုင်များမှာနိမ့်နေသည့်အတွက် ကြိုးများမှာအိကျပြီး တောင်သူများ စပါးစိုက်ပျိုးရိတ်သိမ်းချိန်တွင် လျှပ်စစ်အန္တရာယ်ရှိကြောင်း၊ ယခုလဲလှယ်သော ကွန်ကရစ်တိုင်စိုက်ထူရာတွင် ဓာတ်အားလိုင်း ပိုမိုကြံ့ခိုင်တောင့်တင်းလာပြီး လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်နိုင်မှု လျော့နည်းသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်က ပြောသည်။

**ခင်ဦးစိုးဝေ**



# မီှခိုရာမဲ့ ကလေးသူငယ်များ၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းသူများနှင့် မူးယစ်ဆေးသုံးစွဲသူများအတွက် ကယ်ဆယ်ပြုစုရေးစခန်း ဖွင့်လှစ်

**ကလေး မတ် ၅**

မှီခိုရာမဲ့ ကလေးငယ်များ၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းသူများနှင့် မူးယစ်ဆေးသုံးစွဲသူများအား ကယ်ဆယ်၊ ကျွေးမွေးပြုစုသွန်သင်ရေးစခန်း တာဟန်းစင်တာကို ကလေးမြို့နယ် ဒိုးဝိုင်းချောင်းကျေးရွာတွင် မတ် ၃ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲတွင် စင်တာကို ကလေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ) ရှားမီးက ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကယ်ဆယ်ရေးစခန်း တာဟန်းစင်တာကို အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် အိုက်ဇောလ်မြို့အခြေစိုက် Thutak Nunpuitu Team(TNT) (သမ္မာတရားဖြင့် အသက်ရှင်သူများအသင်း)က လာရောက် ဖွင့်လှစ်ပေးထားခြင်းဖြစ်ပြီး ယခုလက်ရှိတွင် မူးယစ်ဆေးသုံးစွဲသူ၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းသူနှင့် ကလေးသူငယ် စုစုပေါင်း ၂၂၈ ယောက်ရှိသည်ဟု သိရသည်။

TNT တည်ထောင်သူ Dr. Sangthankima က "ဒီနေရာမှာ ကူညီဖို့လိုအပ်တဲ့လူတွေကို ကူညီဖို့ ဘုရားသခင်က ပို့ဆောင်တာဖြစ်တယ်၊ မူးယစ်နွံထဲမှာ နစ်နေတဲ့လူတွေ၊ ခိုလှုံရာမဲ့ ကလေးငယ်တွေ၊ ရူးသွပ်သူတွေကို စောင့်ရှောက်တဲ့အလုပ်ကလွဲရင် တခြားအလုပ် ကျွန်တော့်မှာမရှိပါဘူး၊ ဒါကြောင့် ဒီနေရာမှာ ဘုရားသခင်ကို ယုံကြည်သက်ဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမီးကနေ တစ်ဆင့် ဒီလိုစင်တာမျိုး ဖွင့်လှစ်ခွင့်ရတဲ့အပေါ် ဘုရားသခင်ကို ချီးမွမ်းပါတယ်"ဟု တာဟန်းစင်တာ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

Thutak Nunpuitu Team(TNT)၏ ဗဟိုစင်တာကို ၁၉၈၈ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် Dr. Sangthankima က ဦးဆောင်ပြီး အိုက်ဇောလ်မြို့တွင် စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ကာ စတင်တည်ထောင်သည့်အချိန်မှ ယနေ့အထိ မူးယစ်ဆေးဝါးသုံးစွဲသူ ၄၆၀၀၀၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းသူ ၂၃၀၀၀ နှင့် မိဘမဲ့ကလေးသူငယ် ၇၅၀ တို့ကို ပြုစုပျိုးထောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရှားမီးကလည်း "မူးယစ်နွံထဲမှာ နစ်နေသူတွေ၊ မိဘမဲ့ကလေးငယ်တွေ၊ မသန်စွမ်းသူတွေဟာ သူတို့လိုချင်လို့ ဒီဘဝကို ရောက်နေတာ မဟုတ်ပါဘူး၊ နွေးထွေးတဲ့ချစ်ခြင်းမေတ္တာ လိုအပ်နေသူတွေ ဖြစ်ပါတယ်၊ ကျွန်မတို့အနေနဲ့ ဘယ်တော့မှ ပစ်ပယ်မထားသင့်ပါဘူး၊ မေတ္တာကရုဏာဖြင့် လက်တွဲဖေးမ ကူညီဖို့က ကျွန်မတို့အားလုံးရဲ့ တာဝန်ဖြစ်ပါတယ်"ဟု ဖွင့်ပွဲတွင်ပြောကြားခဲ့သည်။

ထို့အပြင် မသန်စွမ်းအရေးနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင်လည်း မေးခွန်း မေးမြန်းခဲ့ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း ကောင်းမွန်စွာ ပြန်လည်ဖြေကြားထားသောကြောင့် မသန်စွမ်းသူများအတွက် အရေးကိစ္စများကို အစိုးရအနေဖြင့် ယခုထက်မက ပိုမိုမြှင့်တင် ဆောင်ရွက်ပေးလာမည်ဟု ယုံကြည်ကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်က ပြောကြားသည်။

အဆိုပါ တာဟန်းစင်တာ(TNT)ဖွင့်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမီးနှင့်အတူ ကလေးမြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး TNT မှ ကလေးငယ်အဖွဲ့များက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ပေးခဲ့ကြသည်။

**သတင်း- CL ထန်းငါ**



တာဟန်းစင်တာဖွင့်ပွဲ၌ ကလေးငယ်များက ချင်းရိုးရာအကဖြင့် ဖျော်ဖြေစဉ်

# တွင်းမ အပန်းဖြေစခန်းသို့ လာရောက်လည်ပတ်အပန်းဖြေသူ နည်းပါးနေဆဲဖြစ်

**မိတ္ထီလာ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တွင်းမကျေးရွာအုပ်စု ပက်ကြားခကျေးရွာအနီးတွင် တည်ရှိပြီး ဆေးဖက်ဝင် စိမ်းပြာရေညှိ (စပီရူလိုင်းနား)များ သဘာဝအတိုင်းထွက်ရှိသည့် တွင်းမအပန်းဖြေစခန်းသို့ လာရောက်လည်ပတ် အပန်းဖြေသူ အရေအတွက်မှာ နည်းပါးနေဆဲဖြစ်ကြောင်း ဒေသခံအချို့၏ ပြောကြားချက်အရ သိရသည်။

"တွင်းမ အပန်းဖြေစခန်းမှာ တွင်းမကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာဒေသခံတွေကိုယ်တိုင် ဖွင့်လှစ်ထားတဲ့ အုန်းတောတွေနဲ့ အပန်းဖြေစခန်းကို လူသိနည်းနေသေးသလို လာရောက်လည်ပတ်သူတွေလည်း နည်းပါးနေဆဲဖြစ်ပါတယ်၊ တွင်းမအပန်းဖြေစခန်းမှာ အခုလိုပွင့်လင်းရာသီချိန်ဆို ဆောင်းခိုငှက်အချို့နည်းနည်းကျန်နေသေးပြီး တွင်းမထဲပတ်ပတ်လည်ကို စက်လှေစီးမယ်ဆိုရင်လည်း လူဘယ်နှဦးစီးစီး ငွေကျပ် ၃၀၀၀ ပဲ ပေးရပါတယ်၊ လာရောက်လည်ပတ်အနားယူကြဖို့ အနယ်နယ်အရပ်ရပ်က ခရီးသွားဧည့်သည်တွေကို ဖိတ်ခေါ်ပါတယ်"ဟု အပန်းဖြေစခန်းဖွင့်လှစ်ထားသည့် ဒေသခံလူငယ်တစ်ဦးက ပြောသည်။



သာမန်နေ့ရက်များတွင် လာရောက်လည်ပတ်သူ နည်းပါးသော်လည်း အားလပ်ရက်ရှည် ရုံးပိတ်ရက်များ၊ အခါကြီးနေ့ကြီး ရက်များတွင်မူ မုံရွာ၊ ကနီ၊ ယင်းမာပင်၊ ရွှေဘို၊ ပုလဲ စသည့် အနီးပတ်ဝန်းကျင်မြို့များမှ ပြည်သူများနှင့် နယ်ဝေးခရီးသွားဧည့်သည်အချို့ လာရောက်လည်ပတ်မှုရှိသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

တွင်းမ အပန်းဖြေစခန်းသို့ လာရောက် လည်ပတ်လိုသူများအနေဖြင့် မုံရွာမြို့မှ ၁၆ မိုင်ခန့် ကွာဝေးသည့် ကနီမြို့ ချောင်းမ(န)ကျေးရွာ လမ်းဆုံအနီးသို့ မရောက်မီ သုံးမိုင်ခန့်အလိုတွင် ရွှေလယ်ရှည်ကျေးရွာသို့ဟူသည့် လမ်းညွှန်ဆိုင်းဘုတ်အတိုင်း ဝင်ရောက်ပြီး မော်တော်ယာဉ်ဖြင့် မိနစ် ၂၀ ခန့် မောင်းနှင်ပါက တွင်းထဲကျေးရွာ၊ လယ်ရှည်ကျေးရွာများသို့ ရောက်ရှိပြီး လည်ပတ် အပန်းဖြေနိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# နွေရာသီ အင်္ဂလိပ်သဒ္ဒါ ပညာဒါနသင်တန်း မိုးကောင်းမြို့နယ်၌ ဒုတိယအကြိမ်ဖွင့်လှစ်

**မိုးကောင်း မတ် ၅**

ကချင်ပြည်နယ် မိုးကောင်းမြို့ အရှေ့ရပ် မူလတန်းကျောင်းတွင် မြင့်ထွန်းဦးကျောက်စိမ်း ကျောက်မျက် ကုမ္ပဏီလီမိတက်၏ အထောက်အပံ့ဖြင့် မန္တလေးမြို့မှ သင်တန်း ဆရာ ဆရာမများ ဦးစီးသင်ကြားမည့် ဒုတိယအကြိမ် အခမဲ့ နွေရာသီ English Gramma ရက် ၄၀ သင်တန်းကို မတ် ၄ ရက်မှစ၍ ပညာဒါနအဖြစ် ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့နဲ့ ဒီကျောင်းက ဆရာ ဆရာမတွေက သင်တန်းကြီးဖြစ်မြောက်အောင် အလှူရှင်ကိုယ်စား ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးရပါတယ်"ဟု မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးစောထွေးက ပြောသည်။ သင်တန်းတွင် ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူများအား သင်ကြားမည်ဖြစ်ပြီး သင်တန်းချိန်ကို နှစ်ချိန်ခွဲထားကာ နံနက် ၉ မှ ၁၁ နာရီအထိ တစ်ချိန်နှင့် ညနေ ၃ နာရီမှ ၅ နာရီအထိ တစ်ချိန် တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

"ခုလောလောဆယ် စာရင်းပေးတက်ရောက်တာ အတန်းစုံ ကျောင်းသား ကျောင်းသူ ၁၅၀ ကျော် ရှိပါပြီ၊ တချို့ကလည်း မသိကြသေးပါဘူး၊ သိတဲ့အချိန်မှ လာတက်လည်း လက်ခံပေးပါတယ်၊ မနှစ်က ပထမအကြိမ်သင်တန်းမှာတော့ သင်တန်းဆင်းတဲ့ ကျောင်းသား ကျောင်းသူ ၂၀၀ ဖြစ်ပါတယ်"ဟု အရှေ့ရပ် အုပ်ချုပ်ရေးမှူး ဦးမင်းကိုလေးက ပြောသည်။

သင်တန်းသို့ အခြေခံပညာ ကျောင်းသားများသာမက တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအနေဖြင့်လည်း တက်ရောက်လိုပါက လာရောက်စုံစမ်းမေးမြန်းကာ တက်ရောက်နိုင်ကြောင်းသိရသည်။

**မင်းမင်းဦး**

# ပိတ်ရက်များအတွင်း ပန်းတမော့ကျွန်းသို့ လာရောက်လည်ပတ်မှု တိုးတက်ခဲ့

**ရွှေသောင်ယံ မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲရှိ ပန်းတမော့ကျွန်းသို့ ရက်ရှည် ရုံးပိတ်ရက်များအတွင်း ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်မှုများခဲ့သလို နိုင်ငံခြားသားခရီးသွားများပါ လာရောက်လည်ပတ်ကြကြောင်း သိရသည်။

မတ်လ၏ ရက်ရှည်ရုံးပိတ်ရက်များတွင် ပြည်သူများမှာ မြန်မာနိုင်ငံ၏ အထင်ကရ နေရာအသီးသီးသို့ သွားရောက် လည်ပတ်ကြရာ ရွှေသောင်ယံမြို့နယ်ခွဲ ဂျိတ်လက်ကျေးရွာအနီးရှိ ပန်းတမော့ကျွန်းသို့လည်း သွားရောက်လည်ပတ်ကြခြင်းဖြစ်သည်။



အဆိုပါကျွန်းသည် မကြာသေးမီက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုသည့်အနေဖြင့် 'The Lady Island' ကျွန်းအဖြစ် အမည်သတ်မှတ်ရန် ဒေသခံများက စီစဉ်နေသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး နောက်ပိုင်း ခရီးသွားများ အထူးစိတ်ဝင်စားမှုများပြားလာသော ကျွန်းတစ်ကျွန်းဖြစ်သည်။ ကျွန်း၏အကျယ် အဝန်းမှာ ဧရိယာ ၄၆ ဒသမ ၅၄ ဧက ကျယ်ဝန်းပြီး ကျောက်တောင်များ၊ တောအုပ်များနှင့် ကြည်လင်လှပသောရေပြင်၊ သဘာဝသန္တာကျောက်တန်းများ၊ ပြန့်ပြူးသော ကမ်းစပ်တို့ဖြင့် လှပသော ကျွန်းတစ်ကျွန်းဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပခရီးသွားများအနေဖြင့် စိတ်အေးချမ်းသာစွာ အပန်းဖြေရင်း လေ့လာလည်ပတ်နိုင်ကြကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပီနံငရုတ် ဈေးကောင်းရ၍ စိုက်ပျိုးသည့်တောင်သူများ အဆင်ပြေ

**ရန်ကုန် မတ် ၅**

ငရုတ်သီးလှိုင်လှိုင်ပေါ်သော ရာသီအချိန်ဖြစ်သည့် လက်ရှိအချိန်တွင် ပီနံငရုတ်သီးများသည် တစ်ပိဿာလျှင် ငွေကျပ် သုံးထောင်ဈေး ရရှိနေသည့်အတွက် ယခုနှစ်တွင် ငရုတ် စိုက်ပျိုးခဲ့သော တွံတေးမြို့နယ်မှ တောင်သူများအနေဖြင့် တွက်ခြေကိုက်ပြီး အဆင် ပြေလျက်ရှိကြောင်း သိရသည်။

တွံတေးမြို့ပဒံရေကျော်ကွင်းမှ ငရုတ်စိုက်တောင်သူ ဦးအေးနိုင်က "ဒီနှစ်ငရုတ်သီးဈေးက ရာသီအစဖြစ်တဲ့ နတ်တော်လမှာ ငွေကျပ် ငါးထောင်ဈေးအထက် ပေါက်ခဲ့တယ်၊ အခုတပေါင်းလဆုတ်မှာ ပီနံငရုတ် တစ်ပိဿာ ငွေကျပ်သုံးထောင်ဈေးနဲ့ တန့်နေတော့ ကျွန်တော်တို့ ငရုတ်စိုက်တောင်သူတွေ အဆင်ပြေကြတယ်၊ ရန်ကုန်တိုင်းဒေသကြီးမှာ ရာသီလိုက်သီးနှံကို စိုက်ပျိုးဖို့ အဆင်ပြေကြမယ်ဆိုရင် အားလုံးစိုက်ချင်ကြတဲ့သူတွေချည်းပါပဲ၊ အဓိကလိုအပ်တာက အရင်းအနှီးပေါ့၊ အပင် ၂၇၀၀ စိုက်ထားတာ ကဆုန်လအထိ ခူးလို့ရတယ်၊ ၁၅ ရက်တစ်ခါခူးလာတာ နတ်တော်လကတည်းကပါ၊ ဒီနှစ် ငရုတ်ဈေးမှာတော့ တောင်သူတွေ အဆင်ပြေကြတယ်"ဟု ပြောသည်။ တွံတေး၊ ဒလနှင့် ထန်းတပင်မြို့နယ်တို့တွင် တောင်သူများသည် နွေစပါးနှင့်အတူ သီးပင်စားပင် များကိုလည်း ရေရရှိမှုအပေါ်မူတည်၍ စိုက်ပျိုးကြသည်။

ပီနံငရုတ်သီးကို ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမှုနည်းသောကြောင့် တစ်ပိဿာ ငွေကျပ်သုံးထောင်ဖြင့် ဈေးကောင်းရသည့်အတွက် စိုက်ပျိုးတောင်သူတို့ အဆင်ပြေကြခြင်းဖြစ်ကြောင်း၊ ဈေးကောင်းရရှိနေ၍ ငရုတ်ပင်ကို ရေလောင်းအစာကျွေးကာ ဆက်လက်ခူးဆွတ်ကြကြောင်း၊ ဈေးကျပါက ရပ်နားထားလေ့ရှိကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ငရုတ်ကို နတ်တော်လတွင် စတင်ခူးဆွတ်ပြီး ကဆုန်လအထိခူးကာ ထို့နောက်တွင် မိုးစပါးကို ဆက်လက်စိုက်ပျိုးကြကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ပျူမြို့ဟောင်း ဝတီး

မောင်သာ(ရှေးဟောင်းသုတေသန)

တစ်ချိန်က ပျူလူမျိုးများနေထိုင်ခဲ့ကာ အဆောက်အအုံများ ဆောက်လုပ်ခဲ့သည့် မြို့ဟောင်းတစ်ခုဖြစ်သော ဝတီးသည် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့မှ ခုနစ်မိုင် ကွာဝေးသည်။ ဝတီးသည် မြစ်သား-နွားထိုးကြီး မော်တော်ကားလမ်းမှ တောင်ဘက်သို့ နှစ်မိုင်အကွာ၊ မြို့ဟောင်း၏အနောက်တောင်ဘက် ငါးမိုင်ရှိ ဘုရားကြီးကျေးရွာ၏ အရှေ့မြောက်ဘက်တွင် ကပ်လျက်တည်ရှိနေသည်။ မြေပုံအညွှန်းအရ ဝတီးမြို့ဟောင်း၏ တည်နေရာသည် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၃ မိနစ်နှင့် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၂၃ မိနစ် ဖြစ်သည်။

**ဝတီးသမိုင်း**

ဝတီးဟူသည့်အမည်သည် နွားထိုးကြီးမြို့နယ် ဘုရားကြီးကျေးရွာ ရွှေမုဋ္ဌောစေတီအတွင်း၌ တည်ရှိသည့် ကျောက်စာပါအမည်ဖြစ်သည်။ ယင်းကျောက်စာကို ဘုရားကြီးကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးကုမာရက ကိုလိုနီခေတ်အတွင်း၌ ရေးထိုးခဲ့ကာ ကျောက်စာတွင် ဘုရားကြီးမြို့ကို ပထမ ဝတီးမြို့ဟု ခေါ်ဆိုခဲ့ကြောင်း၊ ထိုမြို့ပျက်၍ မြို့အနောက်ဘက် တောအရပ်သို့ ပြောင်းရွှေ့နေထိုင်ကြကာ ဖက်တောမြို့ဟု ခေါ်တွင်ခဲ့ကြောင်း၊ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ဖက်တောရွာပျက်ခဲ့၍ ရွှေမုဋ္ဌောအနီးသို့ ပြောင်းရွှေ့ခဲ့ကြပြီး ဘုရားကြီးမြို့ဟု ခေါ်တွင်ခဲ့ကြောင်း ရေးထိုးခဲ့သည်။

ဝတီးကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် မြို့ဟောင်း၏အနောက်တောင်ဘက်တွင် ဘုရားကြီးရွာနှင့် မြောက်ဘက်တွင် ဖက်တောရွာတို့ တည်ရှိနေသဖြင့် ကျောက်စာတွင်ပါရှိသည့် အမည်အတိုင်း ဝတီးမြို့ဟောင်းဟု အမည်ပေးခဲ့သည်။ ၁၉၃၉ ခုနှစ်က ထုတ်ဝေခဲ့သည့် ဘားမားဂေဇက်တီးယား(ရမည်းသင်း ဒိစတြိတ်)တွင် ဝတီးဟူသည့်အမည်ကို ရမည်းသင်းနယ်အတွင်းရှိ ရွာတစ်ရွာအဖြစ်လည်းကောင်း၊ ဘိုးတော်ဘုရား ဗဒုံမင်းလက်ထက် ဘုရားများတည်ခဲ့သည့် နေရာတစ်ခုအဖြစ်လည်းကောင်း၊ မြန်မာမင်းများလက်ထက်က တည်ဆောက်ခဲ့သည့် ဆည်ကြီးတစ်ခု၏ အမည်အဖြစ်လည်းကောင်း၊ ရမည်းသင်းခရိုင်အတွင်းရှိ အရေးပါသည့် ကျေးရွာကြီးများအနက် တစ်ရွာအဖြစ်လည်းကောင်း ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။

ဝတီးမြို့ဟောင်းကို ကောင်းကင်ဓာတ်ပုံများဖြင့် ရှာဖွေခဲ့သူ ဦးအောင်မြင့်က ဝတီးဟူသည့်အမည်သည် လက်ရှိမြို့ဟောင်းနှင့် ပတ်သက်ခြင်းရှိဟန်မတူကြောင်းနှင့် ရာဇဝင်ကျမ်းများတွင် ပါရှိခဲ့သည့် ဝတီးသည် ရမည်းသင်းနယ်ဘက်တွင်ရှိခဲ့သည့် ဝတီးနှင့် ပတ်သက်သည်များသာဖြစ်ကြောင်း ကောက်ချက်ချခဲ့သည်။

ဘုရားကြီးကျောက်စာသည် နေရာဒေသကို ဖော်ညွှန်းသော်လည်း တည်ထောင်သည့်နှစ်၊ အုပ်စိုးခဲ့သည့်မင်း စသည်တို့ကို ဖော်ပြထားခြင်းမရှိသဖြင့် ခိုင်မာစွာ ကိုးကားခြင်းမပြုနိုင်ခဲ့ချေ။

**ဝတီးကိုရှာဖွေခြင်း**

ရှေးဟောင်းသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သော်သည် နွားထိုးကြီးမြို့ အနီးဝန်းကျင်၌ မြို့ဟောင်းတစ်ခု ရှိနိုင်ကြောင်း၊ ဝတီးမြို့ဟောင်း အမည်ပါရှိသည့် ကျောက်စာတစ်ချပ်ကိုလည်း တွေ့ရှိထားကြောင်း သစ်တောမင်းကြီး ဦးအောင်မြင့်ကို ပြောကာ ကောင်းကင်ဓာတ်ပုံဖြင့် ကြည့်ပေးစေလိုကြောင်း ၁၉၆၇ ခုနှစ်တွင် အကူအညီတောင်းခဲ့သည်။ ယင်းကျောက်စာရှိနေသည့် ဘုရားကြီးရွာသည် ဝတီးမြို့ဟောင်းရာနှင့် အနီးဆုံးဖြစ်ကာ မြို့ဟောင်း၏ တောင်ဘက်မြို့ရိုးနှုတ်ခမ်းကို မေးတင်ထားသည့် ရွာဖြစ်သည်။

ဦးအောင်မြင့်သည် ဝတီး၏ နေရာဒေသ၊ ဖွဲ့စည်းမှုအနေအထားများကို ကောင်းကင်ဓာတ်ပုံဖြင့် ကြည့်ရှုကာ မြို့ဟောင်းအရာတစ်ခုဟု ကောက်ချက်ချ၍ မြို့ဟောင်းအမည်ကို ဝတီးဟုပေးပြီး ၁၉၆၈ ခုနှစ်က မြန်မာ့မြို့ဟောင်းရာများကို ကောင်းကင်ဓာတ်ပုံမှ ဖတ်ရှုလေ့လာခြင်း စာတမ်းတွင် ထည့်သွင်းရေးသားခဲ့သည်။

ဝတီးမြို့ဟောင်းသည် များစွာ ပွန်းတီးပျက်စီးနေကာ အချို့နေရာများတွင် မြို့ရိုးရာကို ခန့်မှန်းရန် မလွယ်ကူတော့သော်လည်း ကောင်းကင်ဓာတ်ပုံ အကူအညီဖြင့် မြို့ရိုးဟောင်းကို တိကျစွာ ဖော်ထုတ်နိုင်ခဲ့သည်။ ဝတီးမြို့ရိုးဟောင်းကို တစ်ချိန်က ခိုင်ခံ့ကြီးမားစွာ တည်ဆောက်ခဲ့သော်လည်း ပျက်စီးနေမှုများကြောင့် ထုထည်ကို တိတိကျကျခန့်မှန်းရန် ခက်ခဲခဲ့သည်။ မြို့ရိုးများသည် နိမ့်လျှောပြန့်ကျဲနေပြီး အချို့နေရာများတွင် ၁၅ ပေမှ ပေ ၂၀ အကြား ကျယ်ဝန်းမည်ဖြစ်ကြောင်း ခန့်မှန်းခဲ့သည်။

ဝတီးမြို့ဟောင်း မြေပြင်လေ့လာမှုကို ၁၉၇၉ ခုနှစ်တွင် ပထမဆုံး ပြုလုပ်ခဲ့ကာ မြို့ရိုးတစ်လျှောက်ကို တိကျစွာ ဖော်ထုတ်နိုင်ခဲ့သည်။ ဝတီးသည် အဝိုင်းပုံရှိသော မြို့ဟောင်း

> **“ဝတီးမြို့ဟောင်း မြေပြင်လေ့လာမှုကို ၁၉၇၉ ခုနှစ်တွင် ပထမဆုံး ပြုလုပ်ခဲ့ကာ မြို့ရိုးတစ်လျှောက်ကို တိကျစွာ ဖော်ထုတ်နိုင်ခဲ့သည်၊ ဝတီးသည် အဝိုင်းပုံရှိသော မြို့ဟောင်းဖြစ်ကာ မြို့ဟောင်းအတွင်း အကျယ်အဝန်းသည် ၃၂၀ ဧက ဖြစ်သည်၊ အဝိုင်းပုံသဏ္ဌာန်ရှိသည့် ရှေးဟောင်းမြို့များအနက် ဝတီးသည် သရေခေတ္တရာ၊ ပင်လယ်နှင့် ဝေသာလီမြို့ဟောင်းတို့အောက် သေးငယ်၍ ထားဝယ် သာဂရမြို့ဟောင်းထက် အနည်းငယ် ပိုကြီးမားသည်၊ မြို့ဟောင်း၏ အရှေ့၊ အနောက်နှင့် တောင်မြောက် အချင်းသည် ခြောက်ဖာလုံရှိသဖြင့် ဝတီးမြို့ဟောင်းကို ဝိုင်းစက်နေသည်ဟုကား မဆိုနိုင်ချေ”**

ဖြစ်ကာ မြို့ဟောင်းအတွင်း အကျယ်အဝန်းသည် ၃၂၀ ဧက ဖြစ်သည်။ အဝိုင်းပုံသဏ္ဌာန် ရှိသည့် ရှေးဟောင်းမြို့များအနက် ဝတီးသည် သရေခေတ္တရာ၊ ပင်လယ်နှင့် ဝေသာလီမြို့ဟောင်းတို့အောက် သေးငယ်၍ ထားဝယ် သာဂရမြို့ဟောင်းထက် အနည်းငယ် ပိုကြီးမားသည်။ ဝတီးမြို့ဟောင်း၏ အကျယ်ဆုံးနေရာဖြစ်သည့် အနောက်တောင်မှ အရှေ့မြောက်ဘက်သို့ အချင်းသည် တစ်မိုင်ရှိသည်။ မြို့ဟောင်း၏ အရှေ့၊ အနောက်နှင့် တောင်မြောက် အချင်းသည် ခြောက်ဖာလုံရှိသဖြင့် ဝတီးမြို့ဟောင်းကို ဝိုင်းစက်နေသည်ဟုကား မဆိုနိုင်ချေ။




ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ဝတီးမြို့ဟောင်းတွင် မြောက်ဘက် မြို့ဝင်ပေါက်နေရာ (WD 1)၊ ဘာသာရေးအဆောက်အအုံ(WD 2)၊ တောင်ဘက် မြို့ဝင်ပေါက်နေရာ(WD 3)၊ အရိုးနှင့် အိုးခြမ်းကွဲကုန်း (WD 4)၊ ဘာသာရေးဆိုင်ရာအဆောက်အအုံ(WD 5)နှင့် စမ်းသပ်ကျင်းငယ် ခုနစ်ကျင်းတို့ကို တူးဖော်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ကုန်းနှစ်ကုန်းကို ထပ်မံတူးဖော်ခဲ့ကာ ဝတီးမြို့ဟောင်း တူးဖော်မှု ကုန်းခြောက်ကုန်းကို ရှေးဟောင်းအဆောက်အအုံများအဖြစ် စောင့်ရှောက်ထိန်းသိမ်းခဲ့သည်။ ဝတီး၏ ပွန်းတီးပျက်စီးနေမှုများနှင့် ပုံသဏ္ဌာန်ကို လေ့လာခြင်းဖြင့် ဝတီးသည် အလွန်ရှေးကျသည့် အချိန်ကာလတွင် တည်ဆောက်ခဲ့သည့် မြို့ဟောင်းတစ်ခုဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့သည်။

**ဝတီး ရှေးဟောင်းပစ္စည်းများ**

ဝတီးမြို့ဟောင်းကို ၁၉၇၉ ခုနှစ်က ဦးအောင်မြင့်နှင့်အဖွဲ့က မြေပြင်လေ့လာမှုများ ဆောင်ရွက်စဉ် အရေးအစင်းများပါရှိသည့် အုတ်ချပ်များကို တွေ့ရှိခဲ့သည်။ ဘုရားကြီးရွာတွင် တွေ့ရှိခဲ့သည့် ဝတီးမြို့ဟောင်းမှ အုတ်ကျိုးအချို့တွင် တွေ့ရှိရသည့် အမှတ်အသားများသည် ပင်လယ်မြို့ဟောင်းနှင့် ဗိဿနိုးမြို့ဟောင်းတို့တွင် တွေ့ရှိရသည့် အုတ်များမှ အရေးအစင်းများနှင့် တူညီနေပေသည်။

ဝတီးမှ အုတ်ချပ်အမှတ်အသားများတွင် စက်ဝိုင်းခြမ်းအစင်း နှစ်စင်း၊ ထောင့်ဖြတ် ကြက်ခြေခတ်အစင်း သုံးစင်းတို့ ပါရှိသည့် အုတ်ချပ်ငါးချပ်ကို တွေ့ရှိခဲ့သည်။ ပျူမြို့ဟောင်းများကို တူးဖော်ခဲ့ရာတွင် အရေးအစင်း၊ အမှတ်အသားများ ပါရှိသည့် အုတ်များကို တွေ့ရလေ့ရှိပေသည်။

တစ်ချိန်က ဝတီးမြို့ဟောင်းအတွင်း ချင်းပုတီးတူးဖော်မှုများကို ကျယ်ပြန့်စွာပြုလုပ်ခဲ့ကြသဖြင့် ဝတီးပုတီးစေ့များသည် အလွန်ထင်ရှားခဲ့သည်။ ချင်းပုတီးစေ့ဟု ခေါ်တွင်ကြသည့် ပျူပုတီးစေ့များသည် ဝတီးဒေသ၌ ပေါများစွာတွေ့ရှိရသည့် အင်ကြင်းကျောက်ဖြူများဖြင့် ပြုလုပ်ဟန်ရှိကြောင်း ယူဆခဲ့ကြသည်။ ယင်းပုတီးစေ့များကို မြေနီကျင်းဟု ဒေသခံများက ခေါ်ဆိုကြသည့် မြို့ဟောင်းအနောက်မြောက်ဘက် ကုန်းနေရာတွင် တူးဖော်ရှာဖွေခဲ့ကြသည်ဟု ဆိုသည်။

ပျူပုတီးများ၏ လှပဆန်းကြယ်သော ပုံစံဒီဇိုင်းများကို ချင်းလူမျိုးများက အလွန် ကြိုက်နှစ်သက်ခဲ့ကြသဖြင့် နှစ်စဉ် လာရောက်ဝယ်ယူလေ့ ရှိခဲ့ကြရာမှ ချင်းပုတီးများဟု အမည်တွင်ခဲ့သည်။ ဝတီးမှရရှိသည့် ပျူပုတီးစေ့များတွင် ပယင်းရောင်၊ ချိတ်ရောင် အလုံး၊ အပြား၊ အရှည် ပုံစံမျိုးစုံ ပါရှိသည့်အပြင် ဆင်ရုပ်၊ ကျားရုပ်၊ ဝက်ရုပ်များကိုလည်း တွေ့ရှိခဲ့သည်။ ယင်းပုတီးများအနက် အနက်ရောင်အောက်ခံပေါ်တွင် အဖြူရောင် အစင်းများပါရှိသည့် ပုတီးများကို လူကြိုက်အများဆုံးဖြစ်သည်။ ပုတီးစေ့များထွက်ရှိသည့် နေရာတွင် အရိုးအိုးများကို တွေ့ရှိခဲ့ဖူးသဖြင့် ဒေသခံများက ရှေးအခါက သင်္ချိုင်းဟောင်းဟု ခေါ်ဆိုခဲ့ကြသည်။

ဗြိတိသျှအစိုးရလက်ထက် ၁၉၀၄ ခုနှစ် နောက်ပိုင်းတွင် ဘုရားကြီးရွာအနီး၌ ရွာသားများသည် ပျူပုတီးစေ့များကို တူးဖော်ရရှိခဲ့သဖြင့် အင်္ဂလိပ်အရေးပိုင်က ရှေးဟောင်းပစ္စည်းထိန်းသိမ်းရေး အက်ဥပဒေအရ သိမ်းဆည်းခဲ့သည်။ သို့သော်နောက်ပိုင်းတွင် ပုတီးစေ့ လာရောက်အပ်နှံသူများကို တစ်စေ့လျှင် ဆုကြေးငွေ ၇၇ ကျပ် ပေးအပ်ခဲ့သည်။ ပုတီးစေ့များသည် ပျူမြို့ဟောင်းများကို တူးဖော်သည့်အခါတိုင်း တွေ့ရှိရလေ့ရှိသည့် ပျူခေတ်သုံး ယဉ်ကျေးမှုအထောက်အထား ပစ္စည်းတစ်မျိုးဖြစ်ပြီး ပုတီးစေ့များကို ပျူခေတ် အရိုးအိုးများတွင် ထည့်သွင်းမြှုပ်နှံလေ့ရှိသကဲ့သို့ သေဆုံးသူ၏ အဆင်တန်ဆာများအဖြစ် ထည့်သွင်းပေးသည့်ဓလေ့ကို ပျူမြို့ဟောင်းများ တူးဖော်မှုများမှ မြင်တွေ့ခဲ့ကြရပေသည်။

ဝတီးမြို့ဟောင်းနယ်မြေအတွင်းမှ ပုတီးစေ့များအပြင် ဆင်ရုပ်၊ ပူးရုပ်၊ ကြွက်ရုပ် ပုတီးစေ့များကိုလည်း ရွာသားများ ရရှိခဲ့သည်။ ယင်း အရုပ်ပုတီးစေ့များကို ပျူမြို့ဟောင်း ဟန်လင်းမှလည်း ရရှိခဲ့သည်။

**ပျူဒင်္ဂါးများ**

ပျူခေတ်မြို့ဟောင်းများကို တူးဖော် သုတေသနပြုတိုင်း တွေ့ရလေ့ရှိသည့် ရှေးဟောင်းပစ္စည်းတစ်မျိုးမှာ ပျူဒင်္ဂါးများဖြစ်သည်။ ဝတီးမြို့ဟောင်းကို ပထမဆုံး မြေပြင်ကွင်းဆင်း သုတေသနပြုခဲ့စဉ်က ကန်နက်တွင်းဥယျာဉ် တောင်ဘက်မှ ရရှိခဲ့သည့် ပျူဒင်္ဂါးတစ်ပြားကို နွားထိုးကြီးမြို့ ရွှေကျောင်းတိုက်ဆရာတော် ဦးသောဘနထံတွင် တွေ့ရှိခဲ့ရကြောင်းနှင့် အင်္ဂလိပ်ခေတ်တွင် ကောင်းဘဆိုသူသည် အိုးဖြင့်ထည့်ထားသည့် ပျူဒင်္ဂါး ၈၀ ခန့် ရရှိခဲ့ကြောင်း ဦးအောင်မြင့်က ရေးသားခဲ့သည်။ ကန်နက်တွင်းသည် ဘုရားကြီးရွာမှ လေးမိုင်ကွာဝေး၍ ဝတီးမြို့ဟောင်းနှင့် သုံးမိုင်ခွဲအကွာတွင် တည်ရှိသည်။

ယင်းဒင်္ဂါး၏ မျက်နှာဘက်တွင် သီရိဝစ္ဆပုံပါရှိကာ သီရိဝစ္ဆ၏ ထိပ်တွင် နေနှင့်လ၊ ဝဲဘက်တွင် သွတ္တိကစကြာ၊ ယာဘက်တွင် အစက်သုံးစက်ပါရှိသည့် ဘဒ္ဒပီဌ အသေးတစ်ခု ပါရှိသည်ဟုဆိုသည်။ သီရိဝစ္ဆ၏ အောက်ခြေတည့်တည့်တွင် ဗိန္ဒုအစက်ကြီးတစ်ခုလည်း ပါရှိသည်။

ကျောဘက်ခြမ်းတွင် ရောင်ခြည်တန်း ၁၂ တန်း ပါရှိသည့် နေဝန်းပုံ ပါရှိကာ ရောင်ခြည်တန်းများအကြား၌ ဗိန္ဒုပြောက်တစ်ခုစီ ပါရှိသည်။ ဒင်္ဂါးသည် အချင်း ၃၀ မီလီမီတာ(၁ ဒသမ ၁၈ လက်မ)ရှိပြီး ဒင်္ဂါး၏ အနားပတ်လည်တွင် အစက် ၂၇ စက် ပါရှိသည်။

**ဝတီးပျူမြို့ဟောင်း**

ရှေးဟောင်းသုတေသနဦးစီးဌာနသည် ဝတီးမြို့ဟောင်းကို ၂၀၀၈-၂၀၀၉ ခုနှစ်နှင့် ၂၀၁၀-၂၀၁၁ ခုနှစ်များတွင် တူးဖော်မှုများ ပြုလုပ်ခဲ့ရာ အနောက်ဘက်မြို့ရိုးနေရာ(WD 6)နှင့် ဘာသာရေးအဆောက်အအုံ (WD 5)တို့ ပါဝင်ခဲ့သည်။ တူးဖော်မှုများအရ ဝတီးမြို့ဟောင်းမြို့ရိုးကို အုတ်ကျိုးတစ်ထပ်၊ သဲကျောက်တစ်ထပ် စီထားကာ အုတ်များကို အံလွှဲ၍မစီဘဲ တေ့ဆက်စီထားခြင်းကြောင့် အုတ်ကိုစတင်အသုံးပြုစအချိန်တွင် မြို့ရိုးကိုတည်ဆောက်ခဲ့ကြောင်း ယူဆခဲ့သည်။ သဲကျောက်များသည် တစ်တုံးနှင့်တစ်တုံး အရွယ်နှင့် ပုံသဏ္ဌာန် မတူညီကြဘဲ ပျမ်းမျှ အလျား တစ်ပေ၊ အနံ ခုနစ်လက်မနှင့် အထူ လေးလက်မဖြစ်သည်။

သဲကျောက်တုံးများ၏အောက် မြေအနက်ငါးပေတွင် အုတ်ကျိုးများကို အမြင့် ရှစ်လက်မ စီထားပြီး အုတ်ကျိုးများအောက်တွင် ထုထောင်းထားသည့် ခြောက်လက်မထူသော မြေကျစ်လွှာရှိသည်။

စာမျက်နှာ ၂၁ သို့



## တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**စလင်း မတ် ၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တောစိမ့်ကျေးရွာမှ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က မတ် ၂ ရက်နှင့် ၃ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဖွဲ့ခေါင်းဆောင်အဖြစ် ဒုတိယဗိုလ်မှူးကြီးမိုးကျော်ထွန်းက ဦးဆောင်ပြီး တပ်မတော် အထူးကုဆရာဝန် ၂၄ ဦး အပါအဝင် အဖွဲ့ဝင် တပ်မတော်သားပေါင်း ၁၀၆ ဦး ပါဝင်သည့် နယ်လှည့်ဆေးကုအဖွဲ့က တောစိမ့်ကျေးရွာ အလကကျောင်း၌ အခြေပြု၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။ အဆိုပါ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့တွင် ခွဲစိတ်ကုသရေးယာဉ်၊ ဓာတ်မှန်ရိုက်ကူးရေးယာဉ်၊ ရောဂါဓာတ်ခွဲစမ်းသပ်ရေးယာဉ်၊ အာလ်ထရာဆောင်း ရိုက်ကူးစမ်းသပ်ရေးယာဉ်၊ သွားစစ်ဆေးကုသပေးရေးယာဉ် စသည့် ယာဉ်ကြီးများလည်း ပါဝင်ပြီး အထွေထွေရောဂါ၊ သားဖွားမီးယပ်နှင့် ကလေးရောဂါ၊ အရိုးအကြော၊ နား နှာခေါင်း လည်ချောင်း၊ မျက်စေ့နှင့် သွားရောဂါများကို ကုသပေးခဲ့ရာ မတ် ၂ ရက်တွင် လူနာ ၅၅၁ ဦးနှင့် မတ် ၃ ရက်တွင် ၁၃၃၅ ဦးအား စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးမှုကို စလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်မောင်ညွန့်နှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးပြီး မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**မြိတ် မတ် ၅**



နွေရာသီရောက်ရှိလာပြီဖြစ်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မီးဘေး ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာနက အသိပညာပေးခြင်း၊ စစ်ဆေးခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မတ် ၃ ရက်တွင် အင်းလေးမြိုင် စက်မှုဇုန်ရှိ ထူးထူးတိုးကုမ္ပဏီ၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကို မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကုမ္ပဏီဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များက ကုမ္ပဏီစက်ရုံဝင်း အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး အတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်ရေပိုက်များ စနစ်တကျ ထားရှိမှု ရှိ/မရှိကို လိုက်လံစစ်ဆေးကြပြီး ဆက်လက်၍ မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၁၈ ဦးနှင့် ကုမ္ပဏီဝန်ထမ်း ၃၅ ဦးတို့က မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ လူနာတင်ယာဉ် တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် ဒဏ်ရာရသူများအား ကယ်ဆယ်ကုသခြင်းတို့ကို သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်ရာတွင် ကုမ္ပဏီဝန်ထမ်းများက မီးလောင်မှုကို မီးသတ်ဆေးဘူးများဖြင့် ကနဦး ငြိမ်းသတ်ခြင်း၊ ကုမ္ပဏီရှိ သွယ်တန်းထားသော ရေပိုက်များဖြင့် မီးသတ်ယာဉ်ကို ရေဖြည့်တင်းပေးခြင်း၊ အပေါ့စား မီးသတ်စက်များ အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ လုပ်ငန်းခွင် အဆောက်အအုံများအတွင်း ပိတ်မိနေသောလူနာအား ရှာဖွေကယ်ဆယ်ရေးတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကုမ္ပဏီဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လေ့ကျင့်ခဲ့ကြသည်။

မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ပြီးသည့်နောက်တွင် မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူးက သရုပ်ပြလေ့ကျင့်မှုမှ ရရှိသော အားသာချက်၊ အားနည်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

**ခိုင်ထူး(မြန်/ဆက်)**

## ကြိုးဖုန်းလိုင်းများကောင်းမွန်အောင် ဆောင်ရွက်ပေးနေသော်လည်း လိုအပ်ချက်များရှိနေ

**သုဝဏ္ဏဝတီ မတ် ၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အတွင်း အသုံးပြုနေသော တယ်လီဖုန်း(ကြိုးဖုန်း)လိုင်းများသည် ဆက်သွယ်ရေးမကောင်းသည်မှာ ကာလအတန်ကြာကြာမြင့်နေခဲ့ပြီဖြစ်ပြီး တယ်လီဖုန်းသုံးစွဲသူ ပြည်သူများ အဆင်ပြေစေရန်အတွက် မြန်မာ့ဆက်သွယ်ရေး(သိမ်ဆိပ်)ရုံးမှ ဝန်ထမ်းများက တယ်လီဖုန်းလိုင်းများကောင်းမွန်အောင် ဆောင်ရွက်ပေးနေသော်လည်း လိုအပ်ချက်များလည်း ရှိနေသေးကြောင်း သိရသည်။

မတ် ၂ ရက်က ဝင်းပကျေးရွာအုပ်စု ရေတွင်းဖြူကျေးရွာ၌ ဖုန်းတိုင်များ ရွှေ့ပြောင်းပြုပြင်မှုကို လုပ်ဆောင်နေသော ဆက်သွယ်ရေး လိုင်းမင်းတစ်ဦးက “လမ်းတိုးချဲ့လိုက်တာကြောင့် လမ်းနဲ့ မလွတ်တဲ့ တယ်လီဖုန်းတိုင်တွေကို ရွှေ့ပြောင်းပေးနေပါတယ်၊ ဆက်သွယ်ရေးလိုင်းကောင်းအောင် အမြဲစစ်ဆေး ပြုပြင်ဆောင်ရွက်ပေးပါတယ်” ဟု ပြောသည်။

မြန်မာ့ဆက်သွယ်ရေး(သိမ်ဆိပ်)ရုံးမှ တာဝန်ရှိသူတစ်ဦးကလည်း “တယ်လီဖုန်းသုံးစွဲသူတွေက ကွန်ပလိန်းတက်မှ ပျက်တယ်ဆိုတာ ကျွန်တော်တို့က သိရမယ်လေ၊ ကျွန်တော်တို့ကို အကြောင်းကြားရင် သုံးရက်အတွင်း ရအောင် ပြန်ပြင်ပေးမှာပါ၊ သုဝဏ္ဏဝတီမြို့တွင်းလိုင်း၊ ဘူတာလိုင်း၊ တောင်ကြားရပ်ကွက်လိုင်း၊ ဝင်းပလိုင်း၊ မိုးကောင်းလိုင်း(ငါးလိုင်း) တည်ဆောက်ထားပြီး ဒီအော်တိုအိတ်ချိန်းရုံးမှာ စုစုပေါင်း ၈၃၃ လုံးနဲ့ ဝင်းပကျေးရွာမှာ ၄၃ လုံး တပ်ဆင်ထားပါတယ်”ဟု ပြောသည်။

ဒညင်းကုန်းကျေးရွာမှ ပြည်သူတစ်ဦးကမူ “လိုင်းပျက်တာ တောင်ကြားရပ်ကွက်နဲ့ ဝင်းပရွာမှာ အများဆုံးပဲ၊ ပျက်နေတာလည်း ကြာပြီ၊ မသုံးတာလည်း ကြာပြီဆိုတော့ ဒီအတိုင်းပဲထားလိုက်တာ ဖုန်းနံပါတ်တောင် မေ့နေပြီ”ဟု ပြောသည်။

ဝင်းပကျေးရွာအုပ်စုအတွင်း တယ်လီဖုန်းတိုင်များမှာ လမ်းပေါ်ရောက်နေသောကြောင့် မကြာခဏ ယာဉ်တိုက်မှုဖြစ်၍လည်းကောင်း၊ တယ်လီဖုန်းတိုင်များ၏ ဆက်သွယ်ရေးကြိုးများ ပျက်စီးခြင်းကြောင့်လည်းကောင်း၊ ဖုန်းတိုင်များ ကြံ့ခိုင်မှုအားနည်းလာသောကြောင့်လည်းကောင်း၊ ဆက်သွယ်ရေးဆိုင်ရာနည်းစနစ်များ အားနည်း၍ ဆက်သွယ်ရေးမကောင်းသောကြောင့်လည်းကောင်း ကြိုးဖုန်းလိုင်းအပေါ် ပြည်သူများ ယုံကြည်မှုလျော့နည်းလာလျက်ရှိကာ ဆက်သွယ်ရေး ကောင်းမွန်လာစေရန်အတွက် ဆက်သွယ်ရေးဝန်ထမ်းများက အချိန်နှင့်အမျှ ကြိုးစား၍ ဖုန်းလိုင်းကြိုးများ



ပြန်လည်ပြင်ဆင်ခြင်း၊ လမ်းနှင့်မလွတ်ကင်းသော တယ်လီဖုန်းတိုင်များကို ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ပြုလုပ်ပေးနေသော်လည်း ကောင်းမွန်သော အသစ်ဖြစ်သော Overhead ကေဘယ်ကြိုးများ အသုံးပြုရန်နှင့် နည်းပညာအရ အခြားလိုအပ်ချက်များလည်း ရှိနေသေးကြောင်း တယ်လီဖုန်း(ကြိုးဖုန်း)အသုံးပြုနေသူ ဒေသခံများ၏ ပြောကြားချက်များအရ သိရသည်။

**ခွန်(ဝင်းပ)**

**စာမျက်နှာ ၂၀ မှ**

ဝတီးမြို့ဟောင်း အနောက်ဘက်မြို့ရိုးကို ထုထောင်းထားသော မြေကျစ်ပေါ်တွင် အုတ်ကျိုးများစီကာ အုတ်ကျိုးများအပေါ်၌ သဲကျောက်တုံးများစီ၍ တည်ဆောက်ထားပြီး မြို့ရိုးသည် အလျား ၉၂ ပေ၊ အနံ ၁၂ ပေနှင့် အမြင့် ငါးပေရှိသည်။ မြို့ရိုးကို တည်ဆောက်ထားမှုသည် အောက်ခံပန္နက်ပေါ်တွင် တည်ခဲ့ခြင်းမဟုတ်ဘဲ မြေပြင်ပေါ်တွင် တည်ခဲ့သည့်အပြင် အုတ်စီးအုတ်နင်း မကောင်းမွန်သဖြင့် များစွာပွန်းတီး ပျက်စီးခဲ့သည်။

ဘာသာရေးအဆောက်အအုံ (WD 5)နှင့် (WD 5B) တူးဖော်မှုတွင် အဆောက်အအုံ၏ အပြင်အုတ်ရိုးသည် အရှေ့ဘက်တွင် ၆၂ ပေ၊ အနောက်ဘက်တွင် ၇၆ ပေနှင့် မြောက်ဘက်တွင် ၆၅ ပေရှိ၍ အတွင်းအုတ်ရိုးသည် အရှေ့ဘက်တွင် ၂၇ ပေ၊ အနောက်ဘက်တွင် ၂၄ ပေ၊ တောင်ဘက်တွင် ၄၉ ပေနှင့် မြောက်ဘက်တွင် ၄၆ ပေရှိသည်။ တူးဖော်မှုအတွင်း ဆီမီးခွက်များကို အမြောက်အမြား တွေ့ရှိခဲ့ရသဖြင့် အဆိုပါ အဆောက်အအုံသည် ဘာသာရေးဆိုင်ရာ အဆောက်အအုံတစ်ခု ဖြစ်ဖွယ်ရှိကြောင်း သုံးသပ်ခဲ့သည်။

(WD 5B) တူးဖော်မှုမှ ရုပ်ဒိုးပြားတစ်ခု၊ မြေဂျင်သီးတစ်ခု၊ ဆီမီးခွက်နှစ်ခုနှင့် အိုးကွဲစများကို တွေ့ရှိခဲ့သည်။ အဆောက်အအုံ တည်ဆောက်ထားသည့် အုပ်ချပ်များသည် အလျား ၁၆ လက်မမှ ၁၇ ဒသမ ၅ လက်မ၊ အနံ ၁၀ လက်မမှ ၁၁ လက်မနှင့် အထူ သုံးလက်မရှိကာ အချို့အုပ်ချပ်များတွင် လက်စင်းရာ အမှတ်အသားများ ပါရှိသည်။ အိုးကွဲစများသည် ချက်ပြုတ်ခဲ့သော မြေအိုးများဖြစ်ကြပြီး အချို့သော မြေအိုးများတွင်ပါရှိသည့် အမှတ်အသားများသည် ဗိဿနိုးမြို့ဟောင်းမှ တွေ့ရှိခဲ့သည့်အိုးများတွင် ပါရှိသည့် အမှတ်အသားများနှင့် တူညီနေပေသည်။

### ဝတီးမှ တူးဖော်တွေ့ရှိမှုများ

တူးဖော်မှုတွင်တွေ့ရှိခဲ့သည့် အိုးကွဲများသည် သံခေတ်နှင့် ပျူခေတ်တို့တွင် သုံးခဲ့သည့်အိုးများ ဖြစ်ကြသဖြင့် ဝတီးမြို့ဟောင်း၏ သက်တမ်းကို သံခေတ်နှင့် ပျူခေတ်မြေအိုးများကို ရောနှောသုံးစွဲသည့်ကာလဟု ခန့်မှန်းခဲ့သည်။ ထို့အတူ အုတ်များကို သဲကျောက်များနှင့်အတူ သုံးစွဲခဲ့သဖြင့် ဝတီးတည်ခဲ့ချိန်ကို ပျူခေတ်ဦး သို့မဟုတ် သံခေတ်မှ ပျူခေတ်သို့ ကူးပြောင်းသည့်ကာလ ဖြစ်ဖွယ်ရှိကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာန အစီရင်ခံစာက သုံးသပ်ခဲ့သည်။

ဝတီးတူးဖော်မှုတွင် ပျူခေတ်လက်ရာ အထောက်အထားများကိုသာ တွေ့ရှိခဲ့ရပြီး အခြားယဉ်ကျေးမှုခေတ် အထောက်အထားများကို မတွေ့ရှိခဲ့ရချေ။ ယင်းအချက်အရ ဝတီးကို မြို့ပြယဉ်ကျေးမှု အစောပိုင်းအချိန်ဖြစ်သည့် ပျူခေတ်ဦးကာလတွင် တည်ဆောက်ခဲ့ကြောင်း ယူဆနိုင်ပေသည်။



ဝတီးမြို့ဟောင်းမှ ရရှိခဲ့သည့် ပျူယဉ်ကျေးမှုအထောက်အထား ပစ္စည်းများကို ဘုရားကြီးကျေးရွာ ရွာလယ်ဆေးခန်းတွင် ထိန်းသိမ်းထားသဖြင့် ကြည့်ရှုလေ့လာနိုင်ကြပေသည်။ ဝတီးမှရရှိခဲ့သည့် ပစ္စည်းများတွင် မြေထည်များ၊ ကျောက်လက်နက်၊ ဆေးတံများ၊ ကြေးလက်နက်များနှင့် ပုတီးစေ့များ ပါဝင်သည်။

မြေထည်ပစ္စည်းများတွင် အိုးများ၊ အိုးကွဲများနှင့် အုတ်ခဲများပါဝင်သည်။ အိုးများကို ရေတကောင်းပုံအိုး၊ ဖင်လုံး၍ အဝကျယ်သည့်အိုး၊ ပန်းကန်စောက်ပုံအိုး၊ စလောင်းဖုံး၊ မြူအိုး၊ ပန်းကန်ပြားနှင့် အရိုးအိုးဟုယူဆရသည့် အဖုံးပါသောအိုးကြီးများဟု အမျိုးအစားများ ခွဲခြားနိုင်သည်။ အရိုးအိုးများမှအပ ကျန်အိုးများကို အလုအပများ မွမ်းမံထားသည်။ ယင်းအိုးကွဲများသည် သံခေတ်နှင့် ပျူခေတ်တွင် သုံးခဲ့သည့် အိုးများဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ကျောက်လက်နက်သည် အမြင့် သုံးလက်မနှင့် အသွား နှစ်လက်မရှိသည့် ပဲခွပ်ဖြစ်သည်။

ဝတီးမှရရှိခဲ့သည့် မြေဆေးတံ ၁၄ ခုသည် အကျိုးအပဲ့များသာ ဖြစ်ကြကာ ကြေးပစ္စည်းမှာ သေးငယ်သော ကြေးပုဆိန် အသွားတစ်ခု ဖြစ်သည်။

ပုတီးစေ့များတွင် မြေပုတီးစေ့များနှင့် ကျောက်ပုတီးစေ့များကို တွေ့ရှိရသည်။ ပုတီးစေ့လုပ်ငန်းကို ဝတီး၌ ယနေ့တိုင် ပြုလုပ်နေကြဆဲဖြစ်သည်။ နွားထိုးကြီးမြို့နယ် တောင်ပိုင်းတွင် အနက်ကျား ပျူပုတီးစေ့များ ပြုလုပ်သည့် အင်ကြင်းကျောက်များ အလွန်ပေါများသဖြင့် ဘုရားကြီးရွာမှ ပုတီးလုပ်သူများက အင်ကြင်းကျောက်များကို တူးဖော်ခဲ့ကြသည်။ ယခုအခါတွင် ရောင်စုံအင်ကြင်းကျောက်များ၊ အလင်းပေါက်ကျောက်များသည် ပြည်ပဈေးကွက်တွင် လူကြိုက်များသဖြင့် တူးဖော်မှုများကို ကြီးမားစွာ ဆောင်ရွက်နေကြရာ သဘာဝပတ်ဝန်းကျင်ပျက်စီးမည့် အန္တရာယ်ဖြင့် ရင်ဆိုင်နေကြရပေသည်။

မြန်မာနိုင်ငံတွင် ရှာဖွေတွေ့ရှိထားပြီးသော ရှေးမြို့ဟောင်းများတွင် အဝိုင်းပုံမြို့များသည် ရှေးအကျဆုံးဖြစ်သဖြင့် ဝတီးသည် ရှေးကျသော မြို့ဟောင်းတစ်ခုဖြစ်သည်။ ထို့အပြင် တရုတ်မှတ်တမ်းများတွင် ပါရှိသည့် ပျူခံတပ်မြို့ ကိုးမြို့တွင် ဝတီးသည် တစ်မြို့အပါအဝင်ဖြစ်ခဲ့ကာ ပျူခေတ်အစောပိုင်း မြို့တစ်ခုအဖြစ် ထင်ရှားလျက်ရှိပေသည်။ ။

**ကိုးကား**

**(၁) ကောင်းကင်ဓာတ်ပုံများမှ မြန်မာ့ရှေးဟောင်း မြို့တော်များ(ဦးအောင်မြင့်)**

**(၂) ဝတီးမြို့ဟောင်း တူးဖော်မှု အစီရင်ခံစာ (ယဉ်ကျေးမှု ဝန်ကြီးဌာန)**

**(၃) ဝတီးပျူမြို့ဟောင်း ယဉ်ကျေးမှု (ရှင်ချမ်း)**



# နွေရာသီဘောလုံးသင်တန်းတွင် ဂျပန်ဘောလုံးနည်းပြဆရာ လာရောက်သင်ကြားမည်

**မန္တလေး မတ် ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)ကျောင်းတွင် နွေရာသီဘောလုံးသင်တန်းကို မတ် ၅ ရက်က ဖွင့်လှစ်ခဲ့ရာ အာရှဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု အေ၊ ဘီ၊ စီ၊ လိုင်စင်ရ ဝါရင့်နည်းပြဆရာများက စနစ်တကျလာရောက် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း အဆိုပါကျောင်းမှ ကျောင်းအုပ်ကြီး ဦးစိုးညွှန့် (တိုင်းအားကာ ဦးစီးမှူး-ငြိမ်း)က ပြောပြသည်။

အဆိုပါ ဘောလုံးသင်တန်းတွင် ဂျပန်နိုင်ငံဘောလုံးအဖွဲ့ချုပ်မှ လူငယ်ဘောလုံးနည်းပြဆရာတစ်ဦးလည်း လာရောက်သင်ကြား လေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ ဘောလုံးသင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့တို့တွင် နံနက် ၇ နာရီမှ ၉ နာရီအထိ လေးရက်သာ သင်ကြားပေးမည်ဖြစ်ကြောင်း၊ ယနေ့အထိ ဘောလုံးသင်တန်းတက်ရောက်မည့်သူ ၁၅၀ ရှိပြီး မြန်မာဘောလုံးအကယ်ဒမီကျောင်း (မန္တလေး)၏ သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အခွန်လိုင်စင်လေလံဈေးမြင့်၍ ပြန်ကောက်ရာတွင် ဈေးနှုန်းတင်ခြင်းမရှိရန်လိုကြောင်း စည်ပင်ဥက္ကဋ္ဌပြောကြား

**စစ်ကိုင်း မတ် ၅**

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် အရပ်ရပ်အခွင့်အရေးလိုင်စင်များ သက်တမ်းတိုးစနစ်ဖြင့် လေလံတင်ရောင်းချသည့် အခမ်းအနားကို မတ် ၄ ရက်က မြို့တော်ခန်းမတွင် ကျင်းပခဲ့ရာ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပထမ ခြောက်လတာ ကာလအတွက် လိုင်စင်သက်တမ်းတိုးခြင်းကို လုပ်ငန်းရှင်များက ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲခဲ့ကြသည်။

လေလံဈေးကို ဈေးပြိုင်စနစ်ဖြင့် ကျင်းပခဲ့ရာတွင် လေလံဈေးနှုန်းမြင့်မား၍ စားသုံးသူတို့ ဈေးနှုန်းကြီးမြင့်မှုမျိုး မကြုံတွေ့ရအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောကြားသည်။ “တချို့တွေက လေလံဈေးနှုန်းမြင့်တဲ့အပေါ်မှာ မူတည်ပြီးတော့ စားသုံးသူတွေထံ ပြန်လည်ကောက်ခံတဲ့အခါ နှုန်းထားတွေမြင့်နေတာကို သွားတွေ့ရတယ်၊ အဲဒါကို ပြည်သူတွေက ဘယ်လိုမြင်လဲဆိုတော့ စည်ပင်ကော်မတီက ပိုက်ဆံရဖို့ပဲကြည့်တယ်၊ ပြည်သူတွေ ဈေးနှုန်းကြီးမြင့်နေတာကိုကျတော့ ပြန်မကြည့်တော့ဘူး၊ ပြည်သူတွေဘက်ကိုလည်း ပြန်ကြည့်ပေးကြပါဦး ဆိုပြီး ပြည်သူ့အသံတွေ ကြားရပါတယ်၊ ပြည်သူတွေဘက်က ကြည့်တော့လည်း မှန်ပါတယ်၊ ဒါကြောင့်လေလံစနစ်က ဈေးပြိုင်စနစ်တော့ဖြစ်မယ်၊ သို့သော် သတ်မှတ်ကောက်ခံတဲ့ နှုန်းထားတွေဟာ အနည်းဆုံးဆောင်ရွက်နိုင်တဲ့ပုဂ္ဂိုလ်ကို ကြိုးစားပြီး ရွေးချယ်သွားဖို့ရှိပါတယ်၊ လေလံဈေးမြင့်တာနဲ့ အသားဈေးတွေ မြင့်သွားတာမျိုး မဖြစ်ရလေအောင် ဥပမာပေါ့ ဝက်သားတစ်ပိဿာ ရှစ်ထောင်ကျပ်ရောင်းတယ်ဆိုရင် ရှစ်ထောင်ထက် ဈေးလျှော့ပြီးရောင်းနိုင်တဲ့သူကို ကျွန်တော်တို့ လေလံပေးချင်တယ်၊ အဲဒါကလည်း ကျွန်တော်တစ်ဦးတစ်ယောက်တည်းရဲ့ သဘောထားအမြင်ဖြစ်ပါတယ်”ဟု မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက ဆိုသည်။



လေလံပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်းကလည်း “လေလံဆွဲယူဝယ်ယူကြမည့်သူများနဲ့ အခွန်ထမ်းပြည်သူများဟာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းကနေ ကူညီပေးနေသူများ ဖြစ်ကြပါတယ်၊ မြို့အတွက် တာဝန်ကျေပွန်သော ပြည်သူများဖြစ်ကြပါတယ်၊ တိုးတက်တဲ့နိုင်ငံ တော်တော်များများဟာ အခွန်ကို အဓိကထားကြပါတယ်၊ နိုင်ငံသားတွေကလည်း အခွန်ထမ်းဖို့ရာ အသိရှိတယ်၊ အစိုးရကလည်း ကောက်ခံလို့ရတဲ့ အခွန်တွေနဲ့ ပြည်သူတွေ အဆင့်မြင့်မြင့် နေနိုင်အောင် ပြန်လည်ပြီးတော့ စီမံပေးရပါတယ်၊ ပြည်သူတွေအတွက် စီမံပေးစရာရှိတဲ့ အလုပ်တွေကို ဒီရတဲ့အခွန်နဲ့ပဲ စီမံပေးရပါတယ်”ဟု ပြောကြားသည်။

သက်တမ်းတိုးစနစ်ဖြင့် ရောင်းချသည့် စစ်ကိုင်းမြို့နယ်အတွင်း အခွင့်အရေးလိုင်စင်ရောင်းချပွဲတွင် အကောက်လုပ်ငန်းများ၊ ဘီးကောက်လုပ်ငန်းများ၊ သိုး ဆိတ် သားသတ်လုပ်ငန်းများ၊ ဝက်သားသတ်လုပ်ငန်းများ၊ အမဲသားသတ်လုပ်ငန်းများ၊ ကူးတို့လုပ်ငန်းများ၊ အပေါင်ဆိုင်လုပ်ငန်းများ ပါဝင်ပြီး လေလံပွဲသို့ အဆိုပါလုပ်ငန်းများကို လေလံဆွဲဝယ်ယူကြမည့် စစ်ကိုင်းမြို့နယ်အတွင်းမှ လုပ်ငန်းရှင် ၁၂၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြေးခုန်ပစ်အားကစား နည်းပြသင်တန်း ထားဝယ်မြို့၌ဖွင့်လှစ်

**ထားဝယ် မတ် ၅**

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ပြေးခုန်ပစ်နည်းပြသင်တန်း(၁/၂၀၁၈)ဖွင့်ပွဲကို ထားဝယ်မြို့ ဖူဆယ်အားကစားရုံခန်းမ၌ မတ် ၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က တိုင်းဒေသကြီးအတွင်း ကျင်းပပြုလုပ်မည့် ပြေးခုန်ပစ်ပြိုင်ပွဲများတွင် နည်းပြများ အရည်အချင်းပြည့်ဝစွာ တာဝန်ထမ်းဆောင်နိုင်ရေး၊ ပြေးခုန်ပစ်



ဥပဒေများကို သေချာစွာ နားလည်တတ်ကျွမ်းလာစေရေး၊ ပြေးခုန်ပစ်ကစားသမားများကို သင်ကြားပြသရေးအတွက် နည်းပြတစ်ဦးအနေဖြင့် အခြေခံနည်းစနစ်၊ နည်းဗျူဟာများ တတ်မြောက်စေရေးတို့ကို ရည်ရွယ်လျက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ နည်းပြဆရာများ အရည်အချင်း တိုးတက်လာစေရန် AFC အသိအမှတ်ပြု “C” Certificate Coaching Course သင်တန်းကို ၂၀၁၇ ခုနှစ်က ဖွင့်လှစ်ခဲ့သလို ယနေ့တွင်လည်း ပြေးခုန်ပစ် နည်းပြသင်တန်းကို ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းနည်းပြဆရာများက သင်ကြားပို့ချပေးသွားမည့် နည်းပြခြင်းအတတ်ပညာများကို သေချာစွာ လေ့လာမှတ်သားပြီး မိမိဒေသမှ ပြေးခုန်ပစ်ကစားသမားများအား ခေတ်မီနည်းပညာရပ်များဖြင့် သေချာစွာ ပြန်လည်သင်ကြားပို့ချနိုင်ရေးတို့ကို အလေးထားလျက် ကြိုးပမ်းသင်ယူသွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးမှူး ဦးစိုးမိုးနိုင်က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ နည်းပြ ဦးထွန်းမြင့်က စည်းမျဉ်းစည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် နည်းပြ ဦးထွန်းမြင့် အပါအဝင် နည်းပြ သုံးဦးက သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းသို့ နည်းပြသင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၉ ရက်အထိဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# သံဃာတော်များနှင့် သီလရှင်များအတွက် ကုသိုလ်ဖြစ်ဆေးခန်းဖွင့်

**မြင်းခြံ မတ် ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၂)ရပ်ကွက်ရှိ ရွှေပြည်စိုးဆေးလိပ်ခုံမိသားစုက လှူဒါန်းသည့် သံဃာတော်များနှင့် သီလရှင်များအတွက် ကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲနှင့် ဆေးခန်းသုံးမော်တော်ယာဉ် လှူဒါန်းပွဲ၊ ရှင်အပါး ၁၀ အား သာသနာ့ဘောင်သို့ သွတ်သွင်းခြင်းနှင့် နိဗ္ဗာန်ဈေးပွဲတော် ခင်းကျင်းကျွေးမွေးလှူဒါန်းခြင်းတို့ကို မတ် ၃ ရက်က မုစလိန္ဒာနဂါးရုံဘုရားဝင်းရှိ ရွှေပြည်စိုးသာသနာ့ဗိမာန်တော်(၂)တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် သံဃာတော်များနှင့် သီလရှင်များအတွက် ကုသိုလ်ဖြစ်ဆေးခန်းဖွင့်လှစ်ခြင်းနှင့် ဆေးခန်းသုံးမော်တော်ယာဉ် လှူဒါန်းခြင်းအတွက် ရေစက်သွန်းချပြီးနောက် ကုသိုလ်ဖြစ်ဆေးခန်းကို အလှူရှင် ရွှေပြည်စိုးဆေးလိပ်ခုံမိသားစု (ဦးအေးလှ)+သုမေ္ဓာသီဂီ ဒေါ်ရင်ရင် မိသားစုက ဖွင့်လှစ်သည်။ ထို့နောက် ရွှေပြည်စိုး သာသနာ့ဗိမာန်တော်ဝန်းအတွင်းတွင် အလှူရှင်မိသားစုနှင့် ဆွေမျိုးမိတ်ဆွေများက နိဗ္ဗာန်ဈေးပွဲတော် ခင်းကျင်း၍ ကြွရောက်လာသော ဧည့်သည်များအား အစားအသောက်များ ကျွေးမွေးလှူဒါန်းခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# မူခင်းကျဆင်းရေးအတွက် အိမ်အရောက်ကွင်းဆင်းပညာပေး

**သပိတ်ကျင်း မတ် ၅**

သပိတ်ကျင်းမြို့နယ် တောင်လယ်ကျေးရွာနှင့် သစ်ခွဲပင်ရပ်ကွက်များအတွင်း မူခင်းကျဆင်းရေး အိမ်အရောက်ကွင်းဆင်းပညာပေးခြင်း(Home Visit)နှင့် နယ်စပ်ဖြတ်ကျော်မူခင်းဖြစ်ပွားမှု ကင်းရှင်းရေးအတွက် ပူးပေါင်းညှိနှိုင်းမှု လုပ်ငန်းများကို သပိတ်ကျင်းမြို့နယ်ရဲတပ်ဖွဲ့က မတ် ၂ ရက်က ဆောင်ရွက်ခဲ့သည်။

သပိတ်ကျင်းမြို့နယ်ရဲတပ်ဖွဲ့ တွင်းငယ်ရဲကင်းစခန်းမှူး ရဲအုပ်ရဲထွန်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက တောင်လယ်ကျေးရွာနှင့် သစ်ခွဲပင်ရပ်ကွက်များသို့ သွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းနိုင်၊ ကျေးရွာတာဝန်ခံ ဦးနေလင်းအောင်၊ ရပ်မိရပ်ဖ ဦးထွန်းထွန်းနှင့်၎င်းတို့၏ မိသားစုဝင်များနှင့် တွေ့ဆုံကာ မူခင်းကျဆင်းရေးအတွက် အိမ်တိုင်ရာရောက် ပညာပေးဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ထို့နောက် ရဲကင်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်နှင့် ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်ကြားနယ်ခြားမှတ်တိုင်တွင် ကျောက်မောရဲကင်းမှူး ရဲအုပ်တင်မိုးနှင့် တွေ့ဆုံကာ နယ်စပ်ဖြတ်ကျော်မူခင်းများဖြစ်ပွားမှု ကင်းရှင်းရေးနှင့် မူခင်းဖြစ်ပွားမှု ကျဆင်းရေးတို့အတွက် သတင်းဖလှယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် သွားရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေ တတိယအရစ်ကို ဒီမောဆိုမြို့နယ်တွင် ပေးအပ်

**ဒီမော့ဆို မတ် ၅**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေ (တတိယအရစ်)ကို မြို့နယ်အတွင်းမှ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသည့် ကျေးရွာတာဝန်ရှိသူများထံသို့ ပေးအပ်ပွဲကို မတ် ၃ ရက်က ဒီမော့ဆိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေက အမှာစကား ပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့ဝင်များဖြစ်ကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဲရယ်သိန်းအောင်တို့က လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လိုအပ်သည်များကို ရှင်းလင်းပြောကြားကာ ပြည်ထောင်စုလွှတ်တော်မှ ပေးအပ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ရန်ပုံငွေ(တတိယအရစ်)ကို တာဝန်ရှိသူများက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။ ဒီမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၇ အုပ်စုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်မှ ပေးအပ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၂၇ ခုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရက်ရှည်ရုံးပိတ်ရက်တွင် ရန်ကုန်မြို့၌ အနားယူအပန်းဖြေသူများဖြင့် စည်ကားခဲ့

**သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ - သန်းစိုး**



ယခု မတ်လဆန်းတွင် ဌာနဆိုင်ရာ ရုံးပိတ်ရက်နှင့် စက်ရုံအလုပ်ရုံများ ပိတ်ရက်ဖြစ်သည့် တပေါင်းလပြည့်နေ့(ကြာသပတေးနေ့)၊ တောင်သူလယ်သမားနေ့(သောကြာနေ့)နှင့် စနေ၊ တနင်္ဂနွေပိတ်ရက်များ ဆက်သွားသဖြင့် လေးရက်ကြာ ရက်ရှည်ပိတ်ရက် ရရှိပြီး တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်မှအပ အခြားကျောင်းများ ပိတ်ထားချိန်လည်းဖြစ်၍ ရန်ကုန်မြို့ရှိ ဘုရားများဖြစ်သော ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ ကျောက်တော်ကြီးဘုရားနှင့် အပန်းဖြေရာနေရာများဖြစ်သော မဟာဗန္ဓုလပန်းခြံ၊ ကန်တော်ကြီးသဘာဝဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ပြည်သူ့ရင်ပြင်နှင့် လှော်ကားဥယျာဉ်တို့တွင် အပန်းဖြေ အနားယူသူ၊ မိသားစုပျော်ပွဲစားထွက်သူများဖြင့် စည်ကားခဲ့သည်ကို တွေ့ရသည်။

ပိတ်ရက်များတွင် ရန်ကုန်မြို့တွင်းနှင့် မြို့နယ်အများစု၌ လမ်းများပေါ်တွင် ယာဉ်ကြောများ သိသာစွာ ရှင်းလင်းနေခဲ့သည်ကိုလည်း တွေ့ရပြီး သွားလာရေးအဆင်ပြေမှုရှိကြောင်း ပြည်သူများ၏ စကားသံများကိုလည်း ကြားခဲ့ရသည်။

ရန်ကုန်မြို့၏ကျက်သရေဆောင်ဖြစ်သော မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံတွင် လာရောက်အပန်းဖြေသူတို့ဖြင့် စည်ကားခဲ့ကာ အနီးရှိ ဆူးလေစေတီတော်ကြီးတွင်လည်း ဘုရားဖူးများ ခါတိုင်းထက် ပိုများခဲ့သည်။ ပန်းခြံအတွင်း၌ ကမ္ဘာ့သတင်းဓာတ်ပုံဆုရ ပုံများနှင့် အခြား ထင်ရှားသည့် ဓာတ်ပုံပညာရှင်များ၏လက်ရာ ဓာတ်ပုံများကို မည်သူမဆို ကြည့်ရှုနိုင်ရန် မတ် ၄ ရက်အထိ ရန်ကုန်ဓာတ်ပုံပွဲတော် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြသခဲ့သောကြောင့် လာရောက်အပန်းဖြေသော ပြည်သူများသာမက နိုင်ငံခြားသားများပါ စိတ်ဝင်တစားလာရောက်ကြည့်ရှုကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်နေကြသည်များကိုလည်း ပိတ်ရက်များအတွင်း မြင်တွေ့ခဲ့ရသည်။

ပန်းခြံသို့ လာရောက်လည်ပတ် အပန်းဖြေကြသူများတွင် ရန်ကုန်မြို့ပေါ်နှင့် ဝန်းကျင်သာမက မှော်ဘီ၊ တိုက်ကြီးစသည့် မြို့လယ်နှင့်ဝေးသော မြို့များမှ ပြည်သူများပါ အဖွဲ့လိုက်လာရောက်လည်ပတ်ခဲ့ကြသည်။ “ကျွန်မတို့က ဒိုက်ဦးက လာတာပါ၊ မှော်ဘီ၊ တိုက်ကြီးက အဖွဲ့တွေလည်း ပါတယ်၊ ဟိုမှာက ဒီလိုအပန်းဖြေတဲ့နေရာ မရှိဘူးလေ၊ ကလေးတွေဆို ထမင်းစားဖို့ခေါ်တာ ကစားကွင်းက မလာကြဘူး၊ ဆွေမျိုးမိသားစု ၁၁ ဦး လာကြတာ၊ ရုံးပိတ်ရက်၊ စက်ရုံပိတ်ရက်ဆိုတော့ သွားလာရတာ နောက်ဆံမတင်းဘူး၊ အားလုံးပေါ့ပါးတယ်၊ နံနက် ၈ နာရီကတည်းကရောက်တာ ညနေ ၆ နာရီမှ ပြန်ကြမှာ၊ အလာလည်း ကားလမ်းမပိတ်တော့ အပြန်လည်း စိတ်ပူစရာမရှိဘူး၊ အခုလို ရန်ကုန်မြို့လယ်မှာ ပြည်သူတွေ အပန်းဖြေအနားယူဖို့နေရာ ရှိနေတာကိုက ရန်ကုန်မြို့အတွက် ချစ်စရာပါ”ဟု အထည်ချုပ်စက်ရုံမန်နေဂျာတစ်ဦးဖြစ်သော ဒေါ်အေးသူဇာနွယ်က ပြောသည်။

မဟာဗန္ဓုလပန်းခြံသာမက ရွှေတိဂုံစေတီတော် ရင်ပြင်တော်နှင့် တောင်ဘက်မုခ်ရှိ ဦးဥတ္တမပန်းခြံ၊ အနောက်ဘက်မုခ် ပန်းခြံတို့တွင်လည်း ဘုရားဖူးများ အပန်းဖြေသူများဖြင့် စည်ကားခဲ့သည်။ ရွှေတိဂုံစေတီတော်တွင် ဘုရားဖူး ကုသိုလ်ယူပြီးနောက် အနောက်ဘက်မုခ်နှင့် ကပ်လျက်ရှိသည့် ပြည်သူ့ရင်ပြင်တွင် မိသားစုလိုက် လာရောက်အပန်းဖြေကြသူများလည်း အများအပြားရှိသည်ကို တွေ့ခဲ့ရသည်။



၇၆ ဒသမ ၃၆ ဧက ကျယ်ဝန်းသော ပြည်သူ့ရင်ပြင်တွင် စိတ်လက်အပန်းဖြေစေရန် ကစားနည်း ၁၄ မျိုးကို ကစားနိုင်ကြသလို တစ်ကိုယ်တော်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ စင်ပေါ်တွင် သီချင်းသီဆိုနိုင်သော ‘သီချင်းသစ်ပင်’ နေရာတွင်လည်း ဆယ်ကျော်သက်လူငယ်များဖြင့် အထူးစည်ကားခဲ့သည်ကို တွေ့ရသည်။ အနီးရှိ သစ်ပင်ရိပ်များနှင့် စားသောက်ဆိုင်တို့တွင်လည်း အဆိုပါ သီချင်းသစ်ပင်နေရာမှ သီဆိုနေသော သီချင်းသံကို နားထောင်ခံစားသူ၊ အားပေးသူတို့ဖြင့် လူငယ်တို့ လွတ်လပ်စွာ ပျော်ရွှင်နေခဲ့ကြသည်ကို တွေ့ရသည်။ ရင်ပြင်အတွင်းရှိ ကစားနည်းများ ကစားနိုင်သော နေရာများတွင် ကိုယ်တိုင်ကစားသူများ၊ ဘေးမှ အော်ဟစ်အားပေးသူများဖြင့် လာရောက်ကြည့်ရှုသူများသို့ပါ ပျော်ရွှင်စိတ်လှုပ်ရှားမှု ကူးစက်စေခဲ့သည်။

“သမီးတို့က သူငယ်ချင်းတွေလည်း ပါတယ်၊ ဖေဖေနဲ့ မေမေက ရုံးပိတ်တယ်ဆိုတော့ သူငယ်ချင်းတွေအားလုံး တိုင်ပင်ပြီး မိဘတွေအားလုံး လိုက်ပို့ကြတာပါ၊ သိပ်ကိုပျော်တယ်၊ တပေါင်းလပြည့်နေ့က အဖေများနေ့ဆိုတော့ သူငယ်ချင်းတွေ အားလုံး ဖခင်အားလုံးကို တစ်အိမ်စီကန်တော့ကြတယ်၊ ဒီနေ့ ပြည်သူ့ဥယျာဉ်မှာ သူငယ်ချင်းတွေ ပျော်ကြတယ်၊ ၁၀ ယောက်လုံး နဝမတန်းကျောင်းသူတွေပါ၊ အခုလို သူငယ်ချင်းတွေနဲ့ အပန်းဖြေသွားလာရတာကို နှစ်သက်ပါတယ်”ဟု ကောင်းကင်ရထားစီးရန် တန်းစီနေသော နဝမတန်းကျောင်းသူတစ်ဦးက ပြောသည်။

ပြည်သူ့ရင်ပြင်ထဲမှ ကလေးငယ်များ အခမဲ့ရေကူးနိုင်သော စမ်းချောင်းသာ ရေကူးကန်တွင်လည်း ရေကူးနေသော ကလေးများ၊ ဘေးမှ စောင့်ကြပ်ပေးနေသော မိဘများဖြင့် ပင်လယ်ကမ်းခြေ သင်္ကြန်ကာလတစ်ခုကဲ့သို့ပင် စည်ကားခဲ့သည်။ ရန်ကုန်မြို့တွင် တိရစ္ဆာန်ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်သည် သစ်ရိပ်ဝါးရိပ်များ ထူထပ်သောကြောင့် ယခုလို ရုံးပိတ်ရက်ရှည်နှင့် သင်္ကြန်ကာလများတွင် လာရောက်၍ အနားယူအပန်းဖြေသူတို့ဖြင့် စည်ကားခြင်းဖြစ်သည်။ နေ့စဉ် နံနက် ၇ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်သော ပြည်သူ့ရင်ပြင်တွင် ပုံမှန်ရုံးဖွင့်ရက်များ၌ လူသုံးထောင်ခန့် လာရောက် လည်ပတ်လေ့ရှိပြီး ယခုကဲ့သို့ ပိတ်ရက်ရှည်နှင့် အခြားပိတ်ရက်များတွင် တစ်ရက်လျှင် လူသုံးသောင်းမှ ငါးသောင်းအထိ လာရောက်လေ့ရှိကြောင်း သိရသည်။

ရန်ကုန်မြို့နေ ပြည်သူများအနေဖြင့် ယခုလို ရက်ရှည်ရုံးပိတ်ရက်တွင် ငွေဆောင်၊ ချောင်းသာနှင့် ကျိုက်ထီးရိုးစသည့် နေရာများသို့ သွားရောက်လည်ပတ်မှုများလည်း များပြားရာ အောင်မင်္ဂလာကားဝင်းနှင့် ဒဂုံ-ဧရာ အဝေးပြေးယာဉ်ဝင်းတို့တွင်လည်း ခရီးသွားလာသူများဖြင့် စည်ကားခဲ့သည်ကို တွေ့ရသည်။

စားဝတ်နေရေးအတွက် ပူပင်ရမှုများ၊ အလုပ်တာဝန်များဖြင့် နေ့စဉ် ကိုယ်စိတ်နှစ်ပါး ပင်ပန်းနွမ်းနယ်လျက်ရှိသော ရန်ကုန်မြို့နေ ပြည်သူများအနေဖြင့် ယခု မတ်လဆန်းတွင် ရရှိခဲ့သော ပိတ်ရက်ရှည်လေးရက်တွင် ပျော်ရွှင်စွာ အပန်းဖြေအနားယူကြရင်း အားသစ်လောင်းနိုင်ကြပါစေကြောင်း ဆုတောင်းလျက်။ ။

## သစ်တောစွန့်လွှတ်မြေ ပုံစံ(၇)ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေး

**မော်လမြိုင်ကျွန်း မတ် ၅**

မော်လမြိုင်ကျွန်းမြို့နယ် မဘေကျေးရွာမှ သစ်တောစွန့်လွှတ်မြေ ပုံစံ(၇)များ မရရှိသေးသော ဒေသခံလယ်သမားများအနေဖြင့် ပုံစံ(၇)များကို တိကျမှန်ကန်စွာ လက်ဝယ်ရရှိစေရေးအတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးရာဇာထွန်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ညွန့်နှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဝင်းလှိုင်တို့ပါဝင်သည့်အဖွဲ့က မတ် ၃ ရက်တွင် သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပုံစံ(၇)များ ဆောင်ရွက်ပေးရာတွင် လွှတ်တော်ကိုယ်စားလှယ်က သစ်တော စွန့်လွှတ်မြေပုံစံ(၇) ရရှိစေရေးအတွက် တိုင်းဒေသကြီးအဆင့်နှင့် ပြည်ထောင်စုအဆင့်တို့ ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ မော်လမြိုင်ကျွန်းမြို့နယ်အတွင်း၌ သစ်တောစွန့်လွှတ်မြေ ပုံစံ(၇)များကို တောင်သူများ ရရှိစေရန်အတွက် မြို့နယ်အဆင့် ထွေ/အုပ် စာရေးဝန်ထမ်းများ၊ မြေစာရင်းဝန်ထမ်းများကလည်း ကျေးရွာများအလိုက် ကွင်းဆင်း၍ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရုံးပိတ်ရက်ရှည်အတွင်း အင်းလေးဒေသသို့ ပြည်တွင်းခရီးသွားဧည့်သည် လာရောက်မှုများပြား

**ညောင်ရွှေ မတ် ၅**

ရုံးပိတ်ရက်ရှည် ကာလအတွင်း ရှမ်းပြည်နယ်တောင်ပိုင်းရှိ အင်းလေးကန်ဒေသသို့ ပြည်တွင်းခရီးသွားဧည့်သည်များ လာရောက်မှု များပြားခဲ့ကြောင်း သိရသည်။

“ရုံးပိတ်ရက် လေးရက်အတွင်းမှာ ရှမ်းပြည်နယ်ကို မိသားစုနဲ့ ဘုရားဖူး လာရောက်ခဲ့တာဖြစ်ပါတယ်၊ ကလော၊ ပင်းတယ၊ တောင်ကြီး၊ ထမ့်ဆန်းဂူ၊ မွေတော်ကက္ကူတို့ကို သွားရောက်လည်ပတ် ဖူးမြော်ခဲ့ပြီးဖြစ်ပါတယ်၊ ဒီ အင်းလေးခရီးစဉ်က နောက်ဆုံးဖြစ်ပါတယ်၊ သွားတဲ့ခရီးစဉ်တွေထဲမှာ ထူးထူးခြားခြား စက်လှေစီးပြီးသွားရတဲ့အတွက် ပျော်စရာကောင်းပါတယ်၊ တန်ခိုးကြီးဘုရားတွေလည်း ဖူးခဲ့ရတယ်၊ အင်းသူအင်းသားတွေရဲ့ ရိုးရာဓလေ့တွေ၊ အသက်မွေးဝမ်းကျောင်းပြုမှုတွေ၊ ရေပေါ်မှာ သွားလာနေထိုင်မှုတွေကို စိတ်ဝင်စားဖွယ် တွေ့ခဲ့ရပါတယ်”ဟု နေပြည်တော်မှ အင်းလေးသို့ ယခု ပိတ်ရက်အတွင်း လာရောက်လည်ပတ်သူ မအေးဆုမွန်က ပြောသည်။



အင်းလေးကန်အတွင်း၌ အင်းလေးဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ အင်းတိန် မွေတော်ဘုရားများရှိရာ လာရောက်လည်ပတ်သူများ အနေဖြင့် အဆိုပါဘုရားများကို ဖူးကြသည့်အပြင် ငါးဖယ်ချောင်းကျေးရွာရှိ ရှေးဟောင်းဘုန်းတော်ကြီးကျောင်း၊ ဟဲယာရွာမကျေးရွာရှိ ငွေထည်လုပ်ငန်း၊ အင်းပေါခုန်ကျေးရွာရှိ ရက်ကန်းလုပ်ငန်း၊ ကြာချည်လုပ်ငန်း၊ ကေလာကျေးရွာရှိ ရေခြံလုပ်ငန်းများသို့လည်း ခရီးသွားဧည့်သည်များ အများဆုံး သွားရောက်လည်ပတ်ကြကြောင်း သိရသည်။

**နေမျိုးသူရိန်**

# ကမ္ဘာအနှံ့ E-commerce နှင့် Paypal account

**မောင်မျိုးချစ်**

E-commerce ဆိုသည်မှာ online မှတစ်ဆင့် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် E-commerce သည် အင်တာနက်ကို အသုံးပြုပြီး စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ online မှတစ်ဆင့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဝယ်ယူရောင်းချနိုင်ပါသည်။ လျင်မြန်သောအင်တာနက်စနစ်၊ နိုင်ငံတကာဘဏ်လုပ်ငန်းစနစ်နှင့် ကောင်းမွန်သော ထောက်ပံ့ပို့ဆောင်ခြင်းလုပ်ငန်းများကို အထောက်အကူပြုခြင်းဖြင့် အခြေအနေကောင်းသော E-commerce ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။ E-commerce သည် ၁၉၆၀ ပြည့်နှစ်ခန့်က စတင်ခဲ့သည်ဟု ဆိုရပါမည်။ သို့ရာတွင် ကမ္ဘာအနှံ့၌ ၁၉၈၈ ခုနှစ်တွင် ပိုမိုထွန်းကားလူသိများ ကျော်ကြားလာပါသည်။

အရောင်းအဝယ်လုပ်ငန်းများသည် လူသားတို့၏ ယဉ်ကျေးမှုအတွက် အရေးပါသော အခန်းကဏ္ဍမှပါဝင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့သမိုင်းတွင် ရောင်းဝယ်ခြင်းလုပ်ငန်း အတွက် ပထမဦးဆုံးသော ဈေးကွက်သည် လဟာပြင်ဈေးဖြစ်သည်။ ပထမစိတ်ကူးစိတ်သန်းမှ လူတို့သည် Super Market ခေါ် ကုန်မျိုးစုံဆိုင်ကြီးများနှင့် Shopping Mall ခေါ် ဈေးတန်းကြီးများကို တီထွင်ဖန်တီးထူထောင်ခဲ့ကြသည်။

၎င်းတို့သည် အချိန်တိုတိုနှင့် သက်သာလွယ်ကူစွာဖြင့် တစ်နေရာတည်းတွင် ရောင်းဝယ်ရန် လွယ်ကူသည်။ ယခုအခါ ကမ္ဘာပေါ်တွင် နောက်ဆုံးဈေးကွက်မှာ online ဖြစ်ပါသည်။ အချိန်ကုန်သက်သာပြီး ထုတ်ကုန်နှင့် ဝန်ဆောင်မှုမျိုးစုံကို မှန်ကန်သော ဆန်းစစ်မှုများဖြင့် ရွေးချယ်ပိုင်ခွင့်ရှိပါသည်။ ယခုအချိန်အခါသည် E-commerce စတင်တည်ထောင်သူများ (Founders of E-commerce)သည် ကမ္ဘာပေါ်တွင် ချမ်းသာပြီးရင်း ချမ်းသာလာကြသည်။

တိုင်းပြည်တွင် တောင့်တင်းခိုင်မာပြီး တိုးတက်ကောင်းမွန်သော စီးပွားရေးဖြစ်ထွန်းစေရန် အလို့ငှာ ဘဏ်လုပ်ငန်းပြုပြင်ပြောင်းလဲရေး (Banking reforms)ကို ကြေးနန်းဆက်သွယ်ရေး(ရေဒီယို၊ တယ်လီဖုန်း၊ ကြေးနန်းနှင့် တယ်လီဖုန်းအသုံးပြု၍ ဆက်သွယ်ခြင်း)လုပ်ငန်းကို တစ်ဆက်တည်းလိုက်ပါ ဆောင်ရွက်သင့်ပါသည်။

> "ကမ္ဘာ့သမိုင်းတွင် ရောင်းဝယ်ခြင်းလုပ်ငန်းအတွက် ပထမဦးဆုံးသော ဈေးကွက်သည် လဟာပြင်ဈေးဖြစ်သည်၊ ပထမစိတ်ကူးစိတ်သန်းမှ လူတို့သည် Super Market ခေါ် ကုန်မျိုးစုံဆိုင်ကြီးများနှင့် Shopping Mall ခေါ် ဈေးတန်းကြီးများကို တီထွင်ဖန်တီးထူထောင်ခဲ့ကြ"

နှစ်ပေါင်းများစွာ ကြာမြင့်ပြီးနောက် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းပြုပြင်ပြောင်းလဲခြင်း (telecom munication reform) ပြုလုပ်ခဲ့ခြင်းအတွက် ယခုအခါ လူတိုင်းကိုယ်စီ smart phone ကို အသုံးပြုနိုင်ပြီဖြစ်ပါသည်။ ယခင်က ကြေးနန်းဆက်သွယ်ရေးကဏ္ဍမှ ပညာရှင်များက Sim card တစ်ခုကို အမေရိကန်တစ်ဒေါ်လာဖြင့် ရရှိရန် မလွယ်ဘူးလို့ ပြောဆိုခဲ့ကြပါသည်။ အခြားနိုင်ငံများမှ လူများက အမေရိကန်တစ်ဒေါ်လာဖြင့် Sim card တစ်ခုကို တစ်ဒေါ်လာဖြင့် ဝယ်ယူအသုံးပြုနေကြချိန်တွင် မြန်မာနိုင်ငံတွင် 'Sim card' တစ်ခုကို ဒေါ်လာနှစ်ထောင်ပေးခဲ့ရပါသည်။

ဘဏ်လုပ်ငန်းပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ကျွန်ုပ်တို့အချိန်ကြာမြင့်စွာ စောင့်စားခဲ့ရပါသည်။ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို စောင့်စားရင်း တဖြည်းဖြည်း အိုမင်းမစွမ်းဖြစ်လာသည်။ Paypal account အသုံးပြုသည့် နိုင်ငံများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ E-commerce တွင် ပါဝင်ဆောင်ရွက်နိုင်ပါသည်။ မြန်မာနိုင်ငံမှအပ အရှေ့တောင်အာရှရှိ နိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာ E-commerce တွင် ပါဝင်ဆောင်ရွက် နိုင်ကြပါသည်။ မြန်မာနိုင်ငံတွင် အင်္ဂလိပ်ဘာသာရပ်ဖြင့် လောလောလတ်လတ်ဘွဲ့ရရှိသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးအတွက် မျှော်လင့်ချက်ကင်းမဲ့၊ စိတ်ပျက်လက်ပျက်ဖြစ် ကြရပါသည်။ ကမ္ဘာလုံးဆိုင်ရာ E-commerce က အလုပ်အကိုင်ရရှိရေးအတွက် စီစဉ်ပေးနိုင်ပါသည်။

Paypal account မရှိတဲ့ ကမ္ဘာလုံးဆိုင်ရာ E-commerce သည် မဖြစ်တည်နိုင်ပါ။ Paypal account သည် online ဖြင့် ငွေပေးချေမှုများ ပြုလုပ်သည့်စနစ်ဖြစ်ပြီး ငွေကြေးလွှဲပြောင်းရန် ကမ္ဘာပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြပါသည်။ ယင်းစနစ်သည် ငွေပေးချေမှုများ ပြုလုပ်ရာတွင် လုံခြုံစိတ်ချရပြီး လျင်မြန်ပါသည်။ Paypal account ဖွင့်လှစ်ရန်အတွက် master card သို့မဟုတ် visa card လိုအပ်ပါသည်။ဤနိုင်ငံတွင် ငွေပေးချေမှုများကို Paypal account မှတစ်ဆင့် မပြုလုပ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံခြားလုပ်ငန်းဆောင်ရွက်ချက်အတွက် (For foreign transaction) ကတ်စနစ်မှတစ်ဆင့် မရရှိနိုင်ပါ။ သို့သော် Master card သို့မဟုတ် Visa Card ကဲ့သို့သော ကတ်စနစ်မှတစ်ဆင့် နိုင်ငံခြားတိုင်းပြည်များသို့ ငွေပေးငွေချေမှုများ ပြုလုပ်နိုင်ပါသည်။ ထို့ကြောင့် လူတွေအနေနဲ့ ပစ္စည်းများ ဝယ်ယူနိုင်သော်ငြားလည်း ရောင်းချခြင်း မပြုနိုင်ပါ။ ထို့ကြောင့် နိုင်ငံအတွက် နိုင်ငံခြားငွေရရှိရေးအလို့ငှာ ကမ္ဘာလုံးဆိုင်ရာ E-commerce တွင် ပါဝင်ဆောင်ရွက်နိုင်ရေးမှာ အတားအဆီးတစ်ခုဖြစ်နေကြောင်း တင်ပြလိုက်ရပါသည်။ ။

## မြောက်ဦးမြို့ ယူနက်စကိုကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရန် ကြိုးကြပ်ညှိနှိုင်းရေး ဆပ်ကော်မတီစည်းဝေး



**မြောက်ဦး မတ် ၅**

ယူနက်စကိုကမ္ဘာ့ အမွေအနှစ်စာရင်းဝင်နိုင်ရေး၊ကြိုးကြပ်ညှိနှိုင်းရေး ဆပ်ကော်မတီပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို မြောက်ဦးမြို့ညောင်ပင်ဈေးရပ်ကွက် မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသစီမံခန့်ခွဲမှုရုံး အစည်းအဝေးခန်းမ၌ မတ် ၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့ကို ရှေးဟောင်းကမ္ဘာ့ယဉ်ကျေးမှု UNESCO ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နိုင်ရေးအတွက် ဌာနဆိုင်ရာများ ညှိနှိုင်းအစည်းအဝေး၌ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်းက မြောက်ဦးမြို့ကို ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် သက်ဆိုင်ရာက တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ အနေဖြင့် ကူညီပါဝင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန မြောက်ဦးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က သက်ဆိုင်ရာခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှသာ ရှေးဟောင်းယဉ်ကျေးမှုကမ္ဘာ့အမွေအနှစ် စာရင်းဝင်ရောက်နိုင်မည်ဖြစ်ကြောင်းရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ယဉ်ကျေးမှုအမွေအနှစ်ပညာပေးရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆပ်ကော်မတီ(ဥက္ကဋ္ဌ)ဒေါက်တာ တင်မာအောင်က မြို့သန့်ရှင်းသာယာလှပရေး၊ ရေလှောင်ကန်၊ ဆည်များကို အထပ်ထပ်တည်ဆောက်ခဲ့သည့်အတွက် ရေသွင်းရေထုတ်စနစ်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးတို့အတွက် အဓိကထားဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော သမိုင်းအထောက်အထား ရှာဖွေရေးဆပ်ကော်မတီ (ဥက္ကဋ္ဌ)ဒေါ်ခင်သန်း၊ ကြီးကြပ်ညှိနှိုင်းရေးဆပ်ကော်မတီ (အဖွဲ့ဝင်) ဦးသန့်မြင့်တို့က မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးကြသည်။

**ခရိုင် (ပြန်/ဆက်)**

## ရွှေရန်ပြေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သတ္တရသမအကြိမ်မြောက် စုပေါင်းမဟာအလှူတော်မင်္ဂလာကျင်းပ

**ပြည် မတ် ၅**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်မြို့နဝဒေးနယ်မြေ ရွှေပေါက်ပင်တောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော သဒ္ဓမ္မ မဟာဇောတိကဓဇ ဘဒ္ဒန္တသောမာစာရက နှစ်စဉ်နှစ်တိုင်းကျင်းပသည့် ရွှေရန်ပြေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သတ္တရသမအကြိမ်မြောက် စုပေါင်းမဟာအလှူတော်မင်္ဂလာကို ရွှေပေါက်ပင်တောရကျောင်းတိုက်ကြီး ပရိဝုဏ်အတွင်းတွင် မတ် ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရွှေပေါက်ပင်တောရကျောင်းတိုက်ကြီး၏ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး အလှူရှင်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ကျောင်းဝင်းအတွင်း မတ် ၁ ရက်နံနက် ၉ နာရီတွင် အခမဲ့နိဗ္ဗာန်ဈေးပွဲတော်ဖွင့်လှစ်၍ ရွှေတောင်ခေါက်ဆွဲ၊ မုန့်ဟင်းခါးဆိုင်၊ ကော်ရည်ခေါက်ဆွဲဆိုင်၊ ဆီထမင်း၊ ကောက်ညှင်းပေါင်း၊ ပဲပြုတ်ဆိုင်၊ အအေးမျိုးစုံနှင့် မြန်မာ့အစားအသောက်ဆိုင်ပေါင်း ၁၀၀ ခန့် အခမဲ့နိဗ္ဗာန်ဈေးအား ရောင်းချခဲ့ကြကြောင်း သိရသည်။

ယခုသတ္တရသမအကြိမ်တွင် ရဟန်း ၉၀၊ ရှင်သာမဏေ ၂၅၁၊ သီလရှင် ၁၆၂ ပါး စုစုပေါင်း ၅၀၃ ပါးတို့ကို သာသနာတော်အတွင်းသို့ သွတ်သွင်းချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

## သက်ပြည့်အငြိမ်းစားပညာရေးဝန်ထမ်းများအား သက်ကြီးပူဇော်

**နေပြည်တော် မတ် ၅**

နေပြည်တော် ပျဉ်းမနားမြို့ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိ အစရှိသည့်မြို့နယ်များမှ အသက်(၆၀)ပြည့်၍ သက်ပြည့် ပင်စင်ယူသွားကြသည့် ပညာရေးဝန်ထမ်းများအား သက်ကြီးပူဇော်ပွဲကိုမတ် ၁ရက်က ပျဉ်းမနားမြို့အမှတ်(၁) အ.ထ.က ရတနာမွန်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌက ပူဇာစကားပြောကြားပြီး နေပြည်တော်မှ သက်ပြည့်အငြိမ်းစားပညာရေးဝန်ထမ်းများအား ပူဇော်ကန်တော့ကာ ကန်တော့ခံအငြိမ်းစားများကိုယ်စား တိုင်းပညာရေးမှူး (ငြိမ်း) ဆရာကြီး ဦးသိန်းလွင်က သြဝါဒစကားပြောကြားခဲ့ကြောင်း သိရသည်။

**သူဇာလှိုင် (စက်မှု)**

## မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်နှင့် မြင်းစီးဝါသနာရှင်များ ပူးပေါင်း၍ မြင်းဒုန်းစီးပြိုင်ပွဲ

**ကျောက်ပန်းတောင်း မတ် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် တံခါးမကျေးရွာအုပ်စုရွာမကျေးရွာ၌ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်နှင့် ဒေသတွင်း မြင်းစီးဝါသနာရှင်များ ပူးပေါင်း၍ မြင်းဒုန်းစီးပြိုင်ပွဲများကိုကျင်းပလျက်ရှိရာ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မတ် ၄ ရက်က ကျင်းပခဲ့သည်။

အဆိုပါ မြင်းဒုန်းစီးပြိုင်ပွဲများကို မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်အဖွဲ့ဝင် ဦးအိုက်စိုင်း (အထက်မြန်မာပြည်မြင်းစီးအဖွဲ့ချုပ်အတွင်းရေးမှူး)နှင့်အဖွဲ့ဝင်ငါးဦးက ဦးဆောင်၍ ကျောက်ပန်းတောင်းမြို့နှင့် အနီးဝန်းကျင်ဒေသများမှ မြင်းစီးဝါသနာရှင်များပါဝင်ပြီး မြင်းပြိုင်ပွဲတွင် မြင်းဒုန်းစီး (အကြီးတန်း)ပြိုင်ပွဲနှင့် မြင်းဒုန်းစီး(အငယ်တန်း) ပြိုင်ပွဲနှင့် (အလွတ်တန်း)ကုန်းနီးမဲ့ ဒုန်းပြိုင်ပွဲများ ထည့်သွင်းယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲကို ကျောက်ပန်းတောင်းမြို့နယ်နှင့် အနီးဝန်းကျင်မြို့များဖြစ်သည့် တောင်သာ၊ မြိုင်၊ မိတ္ထီလာမြို့များမှ မြင်းဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီးစုစုပေါင်းပြိုင်ပွဲဝင် မြင်းကောင်ရေ ၂၆ ကောင် ပါဝင်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကို မတ် ၁ ရက်နှင့် ၂ ရက်များတွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအဖြစ် ယှဉ်ပြိုင်ကြခြင်းဖြစ်ရာ ဒုန်းစီးအကြီးတန်းနှင့် အငယ်တန်းအတွက် ပထမဆုငွေကျပ် သုံးသိန်း၊ ဒုတိယဆုငွေကျပ်နှစ်သိန်းနှင့် တတိယဆုငွေကျပ် တစ်သိန်းဖြစ်ကြောင်း၊ ကုန်းနီးမဲ့ဒုန်း (အလွတ်တန်း) ပြိုင်ပွဲအတွက် ပထမဆုငွေကျပ်တစ်သိန်း၊ ဒုတိယဆုငွေကျပ်



ခုနစ်သောင်းခွဲ၊ တတိယဆုငွေကျပ် ငါးသောင်းနှင့် စတုတ္ထဆုငွေကျပ် သုံးသောင်းခွဲ၊ ပဥ္စမဆုငွေကျပ်နှစ်သောင်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆုရမြင်းများနှင့် မြင်းစီးသမား(ဂျော်ကီ)များအား မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်တာဝန်ရှိသူများ၊ အထက်မြန်မာပြည်မြင်းစီးအဖွဲ့ချုပ် တာဝန်ရှိသူများနှင့် အလှူရှင် ဦးပိုက်တင်မိသားစုတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## မရမ်းကုန်းမြို့နယ်၌ နွေရာသီ ဘောလုံးသင်တန်းဖွင့်

**ရန်ကုန် မတ် ၅**

ကျား/မ အဆင့်မြင့် နွေရာသီဘောလုံးလေ့ကျင့်ရေးသင်တန်းကို မရမ်းကုန်းမြို့နယ် အမှတ် ၃ ရပ်ကွက် ကျိုက်ဝိုင်းဘောလုံးကွင်း၌ မတ် ၄ ရက်က ဖွင့်ပွဲကျင်းပခဲ့ရာ မြို့နယ်ဘောလုံးအဖွဲ့ချုပ် နာယက တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဒေါ်မိုးမိုးစုကြည်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးတို့ကတက်ရောက်၍ အထောက်အကူပြုအားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ သင်တန်းကာလမှာ ရက်သတ္တလေးပတ်မျှကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၅၀ တို့ ပိတ်ရက်မရှိ မြို့နယ်အားကစားနည်းစနစ်မှူး ဒေါ်ချောအိသူနှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လတ်တို့က ကြီးကြပ်၍ လက်ရွေးစင်ဂိုးသမားဟောင်း အောင်ကျော်ကျော်က တာဝန်ခံနည်းပြအဖြစ် အဆင့်လိုက် လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီရုံး စတင်ဖွင့်လှစ်

**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံအတွင်းရှိ ဟိန္ဒူဘာသာဝင်များ၏ အကျိုးစီးပွားကို မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ကာ မတ် ၄ ရက်က ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီရုံးသစ်ကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးဦးစီးမှူး ဦးစိန်မောင်၊ ဟိန္ဒူဗဟိုကောင်စီဥက္ကဋ္ဌ ဦးရွှေ၊ အတွင်းရေးမှူး ဦးကျော်သူနှင့် အခြားသော ဘာသာရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယအတွင်းဝန်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟိန္ဒူဗဟိုကောင်စီရုံးသစ်အား အဆောက်အအုံမျက်နှာစာရှိ မြေညီထပ်တွင် သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

"အဖွဲ့ချုပ်တစ်ခုဟာ သူတစ်ပါးအကျိုးဆောင်ရွက်ဖို့အတွက် ဖြစ်လာတာဖြစ်ပါတယ်၊ ဘယ်အဖွဲ့အစည်းပဲဖြစ်ဖြစ် သူ့ရဲ့မူလတာဝန်ဟာ သူတစ်ပါးအကျိုးကို တည်ဆောက်ပေးဖို့ဖြစ်ပါတယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီအနေနဲ့လည်း မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဟိန္ဒူဘာသာဝင်တွေရဲ့ကိုယ်စား နိုင်ငံတော်နဲ့ ဆက်ဆံရမယ့်ကိစ္စတွေ ရှိပါတယ်၊ ဒီရုံးက အစိုးရနဲ့ ဟိန္ဒူဘာသာဝင်တို့အကြား ပေါင်းကူးတံတားဖြစ်ပါတယ်" ဟု ဟိန္ဒူဗဟိုကောင်စီအတွင်းရေးမှူး ဦးကျော်သူက ပြောသည်။

ယင်းအခမ်းအနားတွင် သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိန္ဒူဗဟိုကောင်စီဥက္ကဋ္ဌ ဦးရွှေ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးဦးစီးမှူး ဦးစိန်မောင်၊ အိန္ဒိယသံရုံး ဒုတိယအတွင်းဝန် Mr.GAYATRI MANTRA တို့က ရုံးသစ်ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



**သတင်း- မြင့်မောင်၊**
**ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)**

# ဌာနဆိုင်ရာ အလွတ်တန်းအမျိုးသား ဘောလုံးပြိုင်ပွဲ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်း ဗိုလ်စွဲ

**သာစည် မတ် ၅**

သာစည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးကျင်းပသည့် ဝန်ကြီးဌာနဆိုင်ရာပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို မတ် ၃ ရက် ညနေ ၃ နာရီခွဲအချိန်က မြို့နယ်ပြည်သူ့အားကစားပြိုင်ကွင်းအတွင်း၌ ကျင်းပသည်။ ဗိုလ်လုပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းနှင့် နယ်မြေခံတပ်ရင်း (၄၁၉) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ အားကစားသမားများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်းနှင့် မြို့နယ်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဆုတံဆိပ်များကို ချီးမြှင့်ပေးပြီး တစ်ဦးချင်းအကောင်းဆုံးကစားသမားဆုများကို မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့မစခန်းမှူး ဒုတိယရဲမှူး ဇော်မျိုးသန်းတို့က ချီးမြှင့်ပေးခဲ့သည်။

ထို့နောက် ဒုတိယရဲမှူးက ဒုတိယရရှိသည့် နယ်မြေခံတပ်ရင်း (၄၁၉) အသင်းကို ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ ပထမဗိုလ်စွဲသွားသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဘောလုံးအသင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က ငွေကျပ် တစ်သိန်းခွဲနှင့် ဒိုင်းဆုကြီးကိုလည်းကောင်း ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မောင်ကို (သာစည်)**




# ပေါင်မြို့နယ်၌ သက်ငယ်မုဒိမ်းမဖြစ်ပွားရေး ပညာပေး

**သထုံ မတ် ၅**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး ကြီးကြပ်မှုဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းတို့သည် မတ်လ ၄ ရက်မှစတင်၍ ပေါင်မြို့နယ် ဥတ္တံတားကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဇင်းကျိုက်နယ်မြေ ရဲကင်းမှူး ရဲအုပ် ရဲလင်းနောင်နှင့် တာဝန်ရှိသူများက သက်ငယ်မုဒိမ်းမဖြစ်ပွားရေး ဆောင်ရန်ရှောင်ရန်များကို အသိပညာပေးပြီး ဒေသခံများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**၁၃၈**



# မြန်မာ့တိုင်းရင်းဆေးသမားတော်များနေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၅**

မြန်မာ့တိုင်းရင်းဆေးသမားတော်များနေ့ အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြန်မာ့တိုင်းရင်းဆေးဆရာအသင်းခွဲရုံး၌ မတ် ၁ ရက်က ကျင်းပရာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌ ဦးသန်းညွန့် ပေးပို့သော သဝဏ်လွှာကို နေပြည်တော်တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးမြင့်က ဖတ်ကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးကျော်သိန်းဌေးတို့က အမှာစကား ပြောကြားပြီး တိုင်းရင်းဆေးသိပ္ပံ ကျောင်းအုပ်ကြီး (ငြိမ်း) သမားတော် ဆရာကြီး ဦးဟန်ထွန်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ တိုင်းရင်းဆေးသိပ္ပံ ကျောင်းအုပ်ကြီး (ငြိမ်း) သမားတော် ဆရာကြီး ဦးဉာဏ်ထွန်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့် တိုင်းရင်းဆေးရုံအုပ်ကြီး (ငြိမ်း) သမားတော် ဆရာကြီး ဦးကျော်စိန်၏ အတ္ထုပ္ပတ္တိတို့အား နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ တာဝန်ရှိသူများက ဖတ်ကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို) အတွင်းရေးမှူး၊ နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံအုပ်ကြီး (ငြိမ်း) ဆရာကြီး ဦးဝေဝင်းက သမားတော်များနေ့ ဂုဏ်ပြုဖွဲ့သီအပ်သော "မြောက်သင်းသြဇာ" အစချီ ပိုဒ်စုံရတုအား ဖတ်ကြားပြီး အသင်း၏ဆောင်ရွက်ချက်များကို မှဒိတာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ အမှတ် ၂၀ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်/အမည် (၁၅-က/စက်ရှင်ရုံး)၊ ဦးပိုင် (၈/၄၄)၊ ဝဒသမ ၀၄၉ ရှိ ခြံမြေအား ဒေါ်နော်မြဝင်းယုအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီးယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဒေါ်နော်မြဝင်းယုအား မြေငှားဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**


**ဂန္ဓဝင်ရွှေပုဂံ Travels & Tours**

"သကြၤန်ခရီးစဉ်များ"

(Ygn Office ): No.67,Baho Road, Sanchaung Tsp.,Yangon.
Ph: 01-510491,519360,500191,519292, 09-762736247,762736248

(Mdy Office): 38 Rd., 78x79 Street.,Mdy
Ph: 09-31693339, 73013856
Facebook:GandawunShweBaganTravel&Tours
Website: www.gandawunshwebagan.com

Hote Line: 09 790 90 1466

| | | | | | |
|---|---|---|---|---|---|
| ဗန်ကောက် | (၆)ရက် USD 680 | ထိုင်ဝမ် | (၆)ရက် USD 1600 | အီဂျစ် | (၉)ရက် USD 2200 |
| ဖူးခတ် | (၃)ရက် USD 680 | ဗုဒ္ဓဂယာ(ရိုးရိုး) | (၁၅)ရက် ၁၂ သိန်း | စပိန်+ပေါ်တူဂီ | (၁၁)ရက် USD 3950 |
| ဗန်ကောက် + ဖူးခတ် | (၅)ရက် USD 1000 | ဗုဒ္ဓဂယာ(ဟိုတယ်) | (၈)ရက် USD 1100 | ဂရိ+ဆန်တိုရီနီကျွန်း | (၁၀)ရက် USD 3800 |
| စင်ကာပူ | (၄)ရက် USD 850 | သီရိလင်္ကာ | (၇)ရက် USD 1350 | ဥရောပ (၃) နိုင်ငံ | (၁၀)ရက် USD 3500 |
| စင်ကာပူ + မလေးရှား | (၇)ရက် USD 1350 | ကတ်ချမီးယား + မွန်ဘိုင်း | (၉)ရက် USD 1590 | ဥရောပ (၅) နိုင်ငံ | (၁၂)ရက် USD 3900 |
| ဘာလီ | (၆)ရက် USD 1000 | စီအမ်+ချန်ဒူး+Mt.Emei+Leshan | (၇)ရက် USD 1800 | ဥရောပ (၇) နိုင်ငံ | (၁၆)ရက် USD 4600 |
| ဘာလီ + ဗောရောဗုဒ္ဓ | (၆)ရက် USD 1400 | ဟောင်ကောင်+ကွမ်ကျိုး+မကာအို | (၆)ရက် USD 1600 | အရှေ့ဥရောပ (၆) နိုင်ငံ | (၁၄)ရက် USD 4200 |
| စင်ကာပူ + ဘာလီ | (၇)ရက် USD 1450 | ပီကင်း+ရှန်ဟိုင်း+ဟန်ကျိုး+စူးကျိုး | (၇)ရက် USD 1590 | Iceland၊နော်ဝေး၊ဆွီဒင်၊ဒိန်းမတ်၊ဖင်လန် | (၁၂)ရက် USD 4600 |
| ကမ္ဘောဒီးယား | (၄)ရက် USD 550 | ပီကင်း+ရှန်ဟိုင်း+ဟောင်ကောင် | (၉)ရက် USD 2150 | အင်္ဂလန်+ဥရောပ | (၁၅)ရက် USD 4900 |
| ဗီယက်နမ် (မြောက်ပိုင်း) | (၅)ရက် USD 850 | ဒူဘိုင်း+အယ်အိန်း+အဘူဒါဘီ | (၆)ရက် USD 1900 | အင်္ဂလန်+စကော့တလန်+ဝေးလ်ပြည်နယ် | (၁၁)ရက် USD 3800 |
| ဗီယက်နမ် (တောင်ပိုင်း) | (၅)ရက် USD 790 | ကိုရီးယား | (၇)ရက် USD 2000 | အမေရိကန် (East+West) | (၁၃)ရက် USD 4000 |
| ဗီယက်နမ် (မြောက်+လယ်) | (၇)ရက် USD 1190 | ဂျပန် (ရိုးရိုး) | (၈)ရက် USD 2750 | အမေရိကန် (East+West+Hawaii) | (၁၆)ရက် USD 5700 |
| ဗီယက်နမ် + ကမ္ဘောဒီးယား (မြောက်+လယ်) | (၉)ရက် USD 1600 | ဂျပန် (ဟော့ကိုင်းဒိုး) | (၈)ရက် USD 3200 | သြစတြေးလျ (ဆစ်ဒနီ+မဲလ်ဘုန်း) | (၇) ရက် USD 2900 |
| ဗီယက်နမ် + ကမ္ဘောဒီးယား (တောင်+လယ်) | (၉)ရက် USD 1500 | ရုရှား | (၈)ရက် USD 2900 | သြစတြေးလျ (ဆစ်ဒနီ+မဲလ်ဘုန်း+ဂိုးကို့စ်+ဘရစ်စဘင်း) | (၉) ရက် USD 3700 |

**ဂုဏ်ထူး မြန်မာစာ**
မြန်မာစာ အထူးသင်ကျောင်း
တရားဝင် အပ်နှံနိုင်ပြီ
နွေ
• စာစီစာကုံး နှင့် သဒ္ဒါ အထူးတန်းများ
• (၈၊၉၊၁၀)သင်ရိုးကုန် တစ်ခွဲစီသာ
ပြီးလဲပြီးစေ ပိုင်လဲ ပိုင်စေသည်
မှတ်ချက် ကျန်းမာရေး၊ အသိ၊ သတိ အရ နှစ်တိုင်းထက် တန်းခွဲ ထက်ဝက်မျှသာ ဖွင့်လှစ်နိုင်ပါသည်.
• မတ်လ(၉)ရက် ဖွင့်မည်။
ဂုဏ်ထူးမြန်မာစာ နည်းပြ
၁၈၈(၃)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။
ဖုန်း ၃၇၅၅၀၉၊ ၀၉ ၄၅၀၀၅၅၈၅၂၊ ၀၉ ၅၀ ၁၂၆၁၁

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွန်"
**ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း**
"ရွှေပင်နားမှ ရွှေကျေး"
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
**ပညာရေး အဆင့်မြင့် ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ**

"အတုမရှိ၊ အတူမရှိ ပညာရေးအင်အား"
• ဂုဏ်ထူးဦးသိန်းနိုင်
• ဆရာ နေအုပ်(စိန်ပေါလ်)
• ဂုဏ်ထူးဦးအောင်ခိုင်
• ဒေါက်တာညီညီ(Ph.D)
• ပါမောက္ခ ဒေါက်တာထွန်းခင်
• ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
• ဆရာ ဇော်လင်းအောင်
• ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
• စိုင်းစိန်မြင့်အောင်

■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မုချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်းအထိ)
■ ဂုဏ်ထူးများရှုံ၊ ရမှတ်များရှုံသာမက နိုင်ငံသားကောင်းဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ)တစ်ခုတွင် သင်ယူနိုင်သည်။

အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင်
M.Sc.(Final)

• နေ့တက် ဘော်ဒါ လက်ခံသည်။
ကိုယ်တိုင်လာရောက် စုံစမ်းလှည့်ပါ။
ထူးခြား၍ ထူးချွန်ရမည်။

ကျောင်းလိပ်စာ
ခြံအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဇယန္တာလမ်းမကြီး၊ ရွှေစွံတံအိမ်ရာ၊ (ORANGE SUPER MART ညာဖက်)
သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း ၀၁ ၅၇၀၀၂၂၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉၄ ၂၀၁၀၇၂၇၊ ၀၉ ၉၆၇၇၆၇၅၁၉

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **"ရှမ်းပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်(၅၀)ဦး၏စာရင်း"** အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Bhone Kyaw San Co.,Ltd | ရွာမ၊ ၁၀၅မိုင်၊ မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂ | Thu Gyi Min Co.,Ltd | အမှတ် (ဂ-၂၂)၊ စုစည်းရပ်၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃ | Billion Soe Kaung San Co.,Ltd | အမှတ် ၉၀၊ စောဖျင်နလမ်း၊ ရှမ်းရွာမရပ်ကွက်၊ ကွမ်းလုံမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | အိမ်ဆောက်ပစ္စည်းဆိုင် | |
| ၄ | Bhome Yaung Chi Co.,Ltd | အမှတ် ခ/၉၉C ၊ ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၅ | Fuxing Brother Co.,Ltd | အမှတ် ဈ/၉၊ ဈေးရပ်ကွက်၊မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၆ | Moe Thu Kha Co.,Ltd | အမှတ်B၊ ၁၀၅မိုင်၊ မိုင်းယုကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၇ | North East Gate Fruit Co.,Ltd | အမှတ် ဈ/၁၀၀၊ ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၈ | Phone Pyae Zaw Trading Co.,Ltd | အမှတ် ရသမ/၁၀၂၊ ရွှေသမင်ကွက်သစ်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၉ | Khwar Nyo Trading Co.,Ltd | အမှတ်(AA-30)၊ ၁၀၅မိုင်၊ မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၀ | Myanmar Padauk Trading Co.,Ltd | အမှတ် ၉၊ ၁၀၅မိုင်၊ မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဖုန်းကတ် ဝန်ဆောင်မှု | |
| ၁၁ | Naing Tha Pyay Trading Co.,Ltd | အခန်းအမှတ် ၅၅၅၊ အမှတ် ၅၊ ၁၀၅မိုင်၊ မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၂ | Sabal Thinn Trading Co.,Ltd | အမှတ် ၁၁၊ နမ္မတူတိုက်တန်း၊ ၁၀၅မိုင်၊ မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၃ | Nan Shwe Li Co.,Ltd | အမှတ် (ဟ-၁၀/၇၁)၊ ဟိုမွန်ရပ်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၄ | Ninc Nine Eight Trading Co.,Ltd | အမှတ်(AA-4)၊ ၁၀၅မိုင်၊ မိုင်းယုကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၅ | ရွှေနန်းစံရောင်းဝယ်ရေးကုမ္ပဏီလီမိတက် | အမှတ် ၂၅၊ ရွှေတိဂုံဘုရားလမ်း၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဓာတ်ဆီ၊အိမ်ဆောက်ပစ္စည်း | |
| ၁၆ | ယွီမိသားစု ပို့ကုန်သွင်းကုန်လုပ်ငန်း | အမှတ် ၁၂၊ မဟာဗျူဟာလမ်း၊ ရပ်ကွက်(၈)၊ နယ်မြေ(၂)၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၇ | Right Today Co.,Ltd | အမှတ် ၇၊ ကုမ္ပဏီဝင်း၊ ၁၀၅မိုင်၊ မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၈ | Shwe Chan Thar Daung Min Co.,Ltd | အမှတ် ဟ/၁၂၄၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၉ | Great Min Ahkar Co.,Ltd | အမှတ် ဟ-၄/၅၆၊ ကံ့ကော်လမ်းခွဲ၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၀ | Phyo Wai Kyaw Co.,Ltd | အမှတ် ၂၈၃၊ ကျောက်စိမ်းလမ်း၊ ၁၀၅မိုင်၊ မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၁ | Maung Sein Win & Brother Trading Co.,Ltd | ၁၈၃&၈၃လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၂ | Three Tiger Co.,Ltd | အမှတ် တ/၂၉၊ တောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၃ | La Taw Tar  Co.,Ltd | အမှတ် ဟ-၁၇/၃၇၆၊ ၄၅ကုန်း၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၄ | Rain Drop Co.,Ltd | အမှတ် ခ/၉၊ ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၅ | Khit Sann Sein Co.,Ltd | အမှတ် ဟ/၁၂၄၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၆ | Kaung Myat Hein Trading Co.,Ltd | အမှတ် ၆၂၊ ခရေလမ်း၊ မြောက်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၇ | Myaing Mahar Trading Co.,Ltd | အမှတ် ဟ/၄၄၂၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၈ | Toyomax Trading Co.,Ltd | အမှတ် ကမတ/၇၇၊ ကောင်းမှုတံ့ရပ်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၉ | Phone Myint Toe Co.,Ltd | အမှတ် ၂၇၊ ကြူကုတ်(ပန်ဆိုင်း)၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၀ | Sein Sabi Phyu Trading Co.,Ltd | အမှတ် တ/၅၀၊ တောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၁ | Golden Lake Import & Export Co.,Ltd | အမှတ် ၁၈၅၊ ဗိုလ်ချုပ်လမ်း၊ ဆန်ဆိုင်း(က)ရပ်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စားသုံးကုန်ပစ္စည်း | |
| ၃၂ | Shwe Siee Scin Htet Family Co.,Ltd | အမှတ် ၁၄၀/၁/၆၊ ဒေါနလမ်း၊ ရပ်ကွက်(၂)၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ရောင်းဝယ်ရေးလုပ်ငန်း | |
| ၃၃ | Htut Myat Kyaw Co.,Ltd | အမှတ် ၆၊ နမ့်ခမ်းလမ်း၊ စွမ်စော်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၄ | Myanmar Musc Kokang Co.,Ltd | အမှတ် ၂၊ စွမ်စော်(၄)လမ်း၊ စွမ်စော်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၅ | Su Paung Family Co.,Ltd | အမှတ် (မ/၆၁)၊ မြောက်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၆ | Dana Bayint Trading Co.,Ltd | အမှတ် က/၆၆၊ ကောင်းနောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၇ | Thet Htar Zin Co.,Ltd | အမှတ် ၄၊ ၁၀၅မိုင်၊ မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၈ | Myanmar New Power Motors Co.,Ltd | အမှတ် ကလ/၂၊ ကောင်းမှုလွယ်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၉ | ဦးအိုင်ထွန်း၊ ကမ္ဘာလုံးစီးကရက်စက်ရုံ | အမှတ် မ၀-၁၀၈၊ မန်ဝန်းနယ်မြေ၊ စွမ်စော်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စီးကရက်စက်ရုံ | |
| ၄၀ | Thiri Pyae Sone Co.,Ltd | အမှတ် ဈ/၃၂၆၊ ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၁ | ထူးမြတ်ဟိန်းကုမ္ပဏီ | အမှတ် ၂၈၃၊ ကျောင်းရှေ့လမ်း၊ မြို့ကွက်သစ်(၃)၊ ၁၀၅မိုင်၊ မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၂ | Fa Fu Trading Co.,Ltd | အမှတ် တ/၃၆၅၊ တောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၃ | Hnin Thiri Yadanar Family Co.,Ltd | အမှတ် ဟ-၂/၆၉၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၄ | Top One One Co.,Ltd | အမှတ် တ-၄၄၁၊ တောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၅ | Lucky Friday Co.,Ltd | အမှတ် ပခ-၇၅၊ မူဆယ်-နမ့်ခမ်းလမ်း၊ ပန်ခမ်းရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၆ | Kaung Pyae Thar International Co.,Ltd | အမှတ် ကမတ-၅၈၊ ကောင်းမှုးတံ့ရပ်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၇ | ဦးချိန်တဲ့ဖူ(ခ)ကျိန်ဆန်း | အမှတ် ၈/၃၈၃၊ ချာ့စ်ကျောင်းအနီး၊ အမှတ် (၅)ရပ်ကွက်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | အမဲလိုင်စင် | |
| ၄၈ | Sam  Sein Khan Co.,Ltd | အမှတ် မ/၁၆၉၊ အနောက်မြို့ပတ်လမ်း၊ ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဝန်ဆောင်မှုလုပ်ငန်း | |
| ၄၉ | ဦးလှအေး-ဒေါ်ခင်ခင်ထွေး | အမှတ် ၄/၁၀၉၊ ခတ္တာလမ်း၊ ဆန်ဆိုင်း(က)၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | မြေကွက်ရောင်းချခြင်း | |
| ၅၀ | Aung Win Naing Co.,Ltd | အမှတ် ၄/၁၉/၄၊ အဝေယျာလမ်း၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ် **"ရှမ်းပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်(၅၀) ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/ မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Billion Soe Kaung San Co.,Ltd | အမှတ် ၉၀၊ စောဖျင်းနုလမ်း၊ ရှမ်းရွာမရပ်ကွက်၊ ကွမ်းလုံမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Trading | |
| ၂ | ဦးအိုင်ထွန်း | မ၀-၁၀၈၊ မန်းဝိန်းနယ်မြေ၊ ပန်လုံဟောင်းရပ်၊ စွမ်စော်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စီးကရက်ထုတ်လုပ်မှု | |
| ၃ | Myanmar Muse Kokang Co.,Ltd | အမှတ် ၁၂၊ စွမ်စော် ၄ လမ်း၊ စွမ်းစော်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စီးကရက်ထုတ်လုပ်မှု | |
| ၄ | ရွှေနန်းစံရောင်းဝယ်ရေးကုမ္ပဏီလီမိတက် | အမှတ် ၂၅၊ ရွှေတိဂုံဘုရားလမ်း၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဓာတ်ဆီ၊ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး | |
| ၅ | ဦးတင်ရွှေ-ဦးထွန်းအေး | တောင်လေးလုံးကျေးရွာ၊ ရွှေညောင်မြို့၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | လိမ္မော်ဖျော်ရည်အရက် | |
| ၆ | Golden Lake Import & Export Co.,Ltd | အမှတ် ၁၈၅၊ ဗိုလ်ချုပ်လမ်း၊ ဆန်ဆိုင်း-က၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Golden Lake Import & Export Co.,Ltd | |
| ၇ | ဟိန်းယွန်းဗာဂျီးနီယားကုမ္ပဏီ | အမှတ် ၃-၂၃၊ ငြိမ်းချမ်းရေးလမ်း၊ ပန်ခမ်းမြို့၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စီးကရက်စက်ရုံ | |
| ၈ | Sam Sein Khan Co.,Ltd | အမှတ် မ-၁၆၉၊ အနောက်မြို့ပတ်လမ်း၊ ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဝန်ဆောင်မှုလုပ်ငန်း | |
| ၉ | Shan Htoo Aung Construction Co.,Ltd | အမှတ် မ-၁၁၄၊ သစ်ခွလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး | |
| ၁၀ | မြန်မာပီအိုနီ ကုမ္ပဏီလီမိတက် | ရေပူစမ်းလမ်း၊ ရပ်ကွက် ၁၂၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စီးကရက်စက်ရုံ | |
| ၁၁ | Mai Brothers Co.,Ltd | ဟက/၁၂၉၊ ဟိုကပ်ရပ်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Services | |
| ၁၂ | Aung Brothers Co.,Ltd | မ-၁၈၃၊ စာရေးတန်းရပ်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Trading | |
| ၁၃ | ကျိုင်းတုံစွမ်းအင်ကုမ္ပဏီ | အမှတ် ၂၊ နောင်ကျောက်လမ်း၊ ရပ်ကွက်-၂၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | လျှပ်စစ်စွမ်းအင်ထုတ် | |
| ၁၄ | ဝင်းမြတ်ဂုဏ်ဆောင်ကုမ္ပဏီလီမိတက် | အမှတ် ၃၇၇၊ ဆေးရုံကြီးလမ်း၊ မြို့ဦးကွက်သစ်၊ ဟိုပုံးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၅ | ဦးဆန်ရီရောင်းဝယ်ရေးကုမ္ပဏီ | ဗိုလ်ချုပ်လမ်း၊ ဝမ်လီရွာ၊ ပါဆတ်ရပ်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဦးဆန်ရီရောင်းဝယ်ရေးကုမ္ပဏီ | |
| ၁၆ | ဦးချိန်တဲ့ဖူ(ခ)ကျိန်ဆန်း | ချက်စ်ကျောင်းလမ်း၊ အမှတ်(၅)ရပ်ကွက်၊ ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပန်းခြံဈေးသစ်ဆောက်လုပ်ခြင်း | |
| ၁၇ | Myanmar Padauk Trading Co.,Ltd | အမှတ် ၉၊ ၁၀၅ မိုင်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဖုန်းဝန်ဆောင်မှု | |
| ၁၈ | ဦးစိုးသိန်း +၁ | အမှတ် ၂/၁၀၅၊ စက်မှုဇုန်၊ အေးသာယာမြို့သစ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | တိုးနယားအရက် | |
| ၁၉ | ဦးအောင်လင်း +၁ | အမှတ် ၂/၁၀၄၊ စက်မှုဇုန်၊ အေးသာယာမြို့သစ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | အောင်မြတ်အရက်+Good Dayကုန်စုံ | |
| ၂၀ | သူရိယနဂါးအားမာန်ကုမ္ပဏီ | အမှတ် မ/၂၊ စိန်ပန်းလမ်း၊ အောင်သပြေရပ်၊ ဆီဆိုင်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၁ | Phu Thit Wai Si Co.,Ltd | ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၂ | အင်းလေးမင်းသမီးကုမ္ပဏီ | မကျီးစင်ရွာ၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Inle Princess Resort | |
| ၂၃ | SHWE MA WPHA COMPANY LIMITED | ဆွတ်ဝိုင်းကျေးရွာအုပ်စု၊အောင်သံလွင်ကျေးရွာ၊မက်မန်းခြံ"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊လားရှိုးမြို့၊ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၄ | LASHIO STAR CONSTRUCTION COMPANY LIMITED | အမှတ် ၉၊ ပြည်တော်သာလမ်း၊ ရပ်ကွက် ၁၊ နယ်မြေ ၇၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၅ | ဦးမောင်ဝင်း | ဂေါက်ကွင်းလမ်း၊ ဟောင်လိတ်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Myanmar Richy Regina ဂေါက်ကလပ်/ဟိုတယ် | |
| ၂၆ | SHWE HTET AUNG COMPANY LIMITED | အမှတ် ၉၉၄၊ မြို့ပတ်လမ်း၊ ရပ်ကွက် ၁၊ နယ်မြေ ၇၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၇ | TT Light Power Co.,Ltd | အမှတ် ၁၃၊ အောင်စေတနာလမ်း၊ နယ်မြေ ၇၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၈ | Da Nu Minn Thar Co.,Ltd | အမှတ် ၄၇+၈၀၊ နမ-၄၊ ရပ်ကွက်-၃၊ အေးသာယာမြို့သစ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး | |
| ၂၉ | Yoone Poe ThanZin Mining Co.,Ltd. | အမှတ် မ-၁၈၊ သုခလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | သတ္တုတူးဖော်ရေး | |
| ၃၀ | ဦးခင်မောင်လွင် | ရပ်ကွက်-၃၊ ဖုန်ရင်းလမ်း၊ လောက်ကိုင်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စီးကရက်စက်ရုံ | |
| ၃၁ | Shwe Ya Kan Import & Export Co.,Ltd | ဗိုလ်ချုပ်လမ်း၊ ဆန်ဆိုင်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Shwe Ya Kan Import & Export Co.,Ltd | |
| ၃၂ | Billion Gain Manufacturing Co.,Ltd | အမှတ် ၁၄၀၊ ကုန်သည်လမ်း၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ထုတ်လုပ်မှုလုပ်ငန်း | |
| ၃၃ | ဒေါ်ကြူကြူသင်း | အမှတ် ၈၊ လမ်းမတော်လမ်း၊ ကံသာရပ်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဟူပင်ဟိုတယ် | |
| ၃၄ | AUNG MAY THAN LWIN COMPANY LIMITED | အမှတ် ၁၃/၄၄၊ သိန်းနီလမ်း၊ ပြည်တောင်စုလမ်းမကြီး၊ ရပ်ကွက် ၁၂၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၅ | ဒေါ်ခင်စန္ဒာဝင်း | ခေါင်တိုင်ရွာ၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Inle Lake View Hotel | |
| ၃၆ | ဦးလှအောင် | မြောင်းရိုးကြီး၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Inle Resort Hotel | |
| ၃၇ | ဦးမြမောင် | ပြည်ထောင်စုလမ်းမကြီး၊ အလယ်ပိုင်း၊ ဟဲဟိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | အုတ်၊ သဲ၊ ကျောက်ရောင်း | |
| ၃၈ | ဦးစဝ်စီရီ(ခ)စဝ်အော့ဒ် | ဗိုလ်ချုပ်လမ်း၊ ဟောင်လိတ်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ချစ်ကြည်ရေးစက်သုံးဆီဆိုင် | |
| ၃၉ | Myint and Zaw Co.,Ltd | အမှတ် ၁၄၅၊ နမ-၂၊ စဥ္စဟယ်၊ အေးသာယာမြို့သစ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေးကုမ္ပဏီ | |
| ၄၀ | မြန်မာ့ရတနာရွှေခေတ်ကုမ္ပဏီ | မေတ္တာလမ်း၊ ရပ်ကွက်-၁၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၁ | Homain Taung Co.,Ltd | ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မင်္ဂလာရပ်ကွက်၊ နမ့်ဆန်(မ)မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၂ | ဦးစီမြင့်၊ Golden Eagle Brand | ပန်လုံ(၁)လမ်း၊ ကောင်းမှုလွယ်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | အိမ်ရိုက်သံထုတ်လုပ်မှု | |
| ၄၃ | ဦးစိုင်းခမ်း | ပြည်ထောင်စုလမ်း၊ ပါဆတ်ရပ်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | SKMM International Co.,Ltd | |
| ၄၄ | ဒေါ်အားမိန် | ဗိုလ်ချုပ်လမ်း၊ မယ်ခေါင်ရပ်ကွက်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | မဲခေါင်မြစ်ဟိုတယ် | |
| ၄၅ | ဦးဝေလင်း | အိမ်အမှတ် ဘ/၅၊ မင်းလမ်း၊ ဘန့်ဖယ်ရပ်ကွက်၊ ပင်လောင်းမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | အရက်ဖြူထုတ်လုပ်ခြင်း | |
| ၄၆ | ဒေါ်မြမြလွင်(97 ဆပ်ပြာစက်ရုံ) | ဖန်လုံကွက်သစ်၊ စွမ်စော်ရပ်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆပ်ပြာစက်ရုံ | |
| ၄၇ | ဒေါ်နန္ဒာအေး | လွယ်ငြိမ့်ရွာ၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Pristine Lotus Spa Resort | |
| ၄၈ | မြင့်မိုရ်လွင်တည်ကုမ္ပဏီ | အမှတ် န/၁၆၅(ဂ)၊ အောင်သပြေလမ်း၊ အနောက်ရပ်၊ ဟိုပုံးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၉ | ဦးရန်ရှီကျမ်း(ခ)ထွန်းမောင် | တုန်ခန်ရွာ၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စက္ကူစက်ရုံ | |
| ၅၀ | AUNG GYI SOE COMPANY LIMITED | အမှတ် ၁၃/၄၄၊ သိန်းနီလမ်း၊ ပြည်ထောင်စုလမ်းမကြီး၊ ရပ်ကွက် ၁၂၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေးလုပ်ငန်း | |

# AFC Cup အုပ်စုပွဲ ဆီရက်စ်နှင့် ရှမ်းယူနိုက်တက် ယနေ့ကစားမည်

**နေပြည်တော် မတ် ၅**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲအုပ်စု(F) တတိယနေ့ပွဲများကို မတ် ၆ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းတို့ ဖိလစ်ပိုင်နိုင်ငံ ဘာကိုလော့မြို့တွင် မြန်မာစံတော်ချိန် ညနေ ၆ နာရီ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခုပွဲမှာ နှစ်သင်းစလုံးအတွက် အရေးပါနေပြီး အနိုင်ရရန် လိုအပ်နေသည်။ ရှမ်းယူနိုက်တက်အသင်းပါဝင်သော အုပ်စုတွင် ဆီရက်စ် (ဖိလစ်ပိုင်) နှင့် ဟုမ်းယူနိုက်တက်(စင်ကာပူ)တို့က လေးမှတ်စီ၊ ရှမ်းယူနိုက်တက်က သုံးမှတ်နှင့် အန်ကော (ကမ္ဘောဒီးယား)က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ရှမ်းယူနိုက်တက်အသင်းသည် ဖိလစ်ပိုင်ကလပ်ဆီရက်စ်အသင်းနှင့် အဝေးကွင်း၊ အိမ်ကွင်း နှစ်ပွဲဆက်ကစားရမည်ဖြစ်ပြီး ယင်းနှစ်ပွဲတွင် ရလဒ်ကောင်းမှသာ နောက်တစ်ဆင့်တက်နိုင်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်နှင့် ဆီရက်စ်အသင်းသည် ယခုရာသီ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ အကြိုခြေစစ်ပွဲ ပထမအဆင့်တွင် ပူပူနွေးနွေး တွေ့ဆုံထားပြီး ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ပယ်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ထားသည်။ ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းက " AFC Cup ပြိုင်ပွဲမှာ အဝေးကွင်း နှစ်ပွဲဆက်ကစားရတာကြောင့် ကျွန်တော့်ကစားသမားတွေ ပွဲပန်းနေပါတယ်၊ ဒါတောင် ပြည်တွင်းလိဂ်ပွဲကို ရွှေ့ဆိုင်းပေးခဲ့လို့ပါ၊ အန်ကောအသင်းနဲ့ အဝေးကွင်းပွဲအပြီးမှာ ကျွန်တော့်အသင်းအနေနဲ့ ရန်ကုန်မှာ တစ်ရက်ပဲ ပြင်ဆင်ချိန်ရခဲ့ပါတယ်။

*စာမျက်နှာ ၅ ကော်လံ ၁* ❐



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်

**နေပြည်တော် မတ် ၅**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၂၆ ရက်ထိ မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့ BGP နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ BGB တို့ ပူးပေါင်း၍ နယ်စပ်မှတ်တိုင် ၄၂ မှ ၅၅ ထိ ၁၄ ကြိမ် လှည့်ကင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် နယ်စပ်တစ်လျှောက် အကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားမှုမရှိစေရေးနှင့် တရားမဝင် လူခိုးဝင်၊ ခိုးထွက်ခြင်းများကို လည်းကောင်း၊ တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ ခိုးသွင်း၊ ခိုးထုတ်ခြင်းများကိုလည်းကောင်း တားဆီးနိုင်သည့်အပြင် နှစ်နိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့အချင်းချင်း ချစ်ခင်ယုံကြည်မှုရရှိကာ နယ်ခြားမျဉ်းနယ်နိမိတ်တစ်လျှောက်တွင် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီ သတင်းညှိနှိုင်းဖလှယ်နိုင်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများအတွက် ထိရောက်ကောင်းမွန်သော လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း လေ့ကျင့်မှုစတင်ပြုလုပ်



**နေပြည်တော် မတ် ၅**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် မတ် ၅ ရက် နံနက်ပိုင်းမှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းကို ပြီးခဲ့သည့်လက ပြောင်းလဲဖွဲ့စည်းခဲ့ပြီး နည်းပြချုပ်သစ် ဦးဝင်းသူမိုးက ကိုင်တွယ်လျက်ရှိကာ တစ်နေ့လျှင်နှစ်ကြိမ် လေ့ကျင့်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်ယှဉ်ပြိုင်ရမည့် ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲကျင်းပမည့် ကာလအပေါ်မူတည်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို မူလက ဇူလိုင်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း အိမ်ရှင်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံက မေလသို့ ပြောင်းလဲကျင်းပခွင့်ရရန် တောင်းဆိုထားရာ မတ် ၁၁ ရက်တွင် သြစတြေးလျနိုင်ငံ၌ ကျင်းပမည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အတည်ပြုမည်ဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၂* ❖

## နိုင်ငံ့ဘဏ္ဍာတိုးတက်ရရှိရေးနှင့် မြှင့်တင်ရမည့် အခွန်အကောက် ဥပဒေကြမ်း၏ အခန်းကဏ္ဍ

ဆောင်းပါး၊ စာ » ၆

## ရခိုင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှုများ . . .

စာ » ၁၀


